www.burmeseclassic.com

# ချား

အနောက်တောင်ဆီက
ရှာမလိုဟန်ပြင်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြဲ-၀၄၅၀၆) (ဖျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြဲ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဆော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုကြီးပေါက် - 09 420243327
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ မတ်လ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
ဖျူး
အနောက်တောင်ဆီက ရွာမလိုဟန်ပြင်
ဖျူးစာပေ ၊ ၂၀၁၄။
၂၇၂ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) အနောက်တောင်ဆီက ရွာမလိုဟန်ပြင်

BURMESE CLASSIC

## အခန်း (၁)

"ဖက်ထုပ်နှစ်ပွဲ ပါဆယ်ထုပ်ပေးပါနော်"

စားသောက်ဆိုင်ဝတွင် ရပ်နေသော စားပွဲထိုးလေးကိုမှာပြီး နံရာထိုင်ခုံလွတ်တစ်ခုမှာ မြတ်လေးပန်း ဝင်ထိုင်လိုက်သည်။

ဒီအချိန်ဆို သားလေး မြတ်လေးကို မျှော်နေတော့မည်။

လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။ ညနေငါးနာရီတောင် ထိုးပြီးနေပြီ။ ဒီအချိန် သားလေးရဲ့အဖေ ရောက်နေလျှင်တော့ ကိစ္စမရှိ။ မရောက်သေးလျှင် သားလေးတစ်ယောက် မြတ်လေးကို တမျှော်မျှော်နှင့် ဖြစ်နေရှာရော့မည်။

ဒီနေ့ကျမှ အထည်ဒိုင်ပိုင်ရှင်က ဈေးသွားနေ၍ တော်တော်လေး စောင့်လိုက်ရသည်။

ဖက်ထုပ်မှာထားသည်ကိုစောင့်ရင်း လမ်းသွားလမ်းလာတွေကို အဓိပ္ပာယ်မဲ့ ငေးမောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ဖက်ထုပ်ရပါပြီ"

အနားရောက်လာသော စားပွဲထိုးလေးအသံကြားမှ အတွေးနှင့် အကြည့်တွေကိုရုပ်ကာ လက်ဆွဲအိတ်ထဲမှ ပိုက်ဆံအိတ်ကို လှမ်းနှိုက်လိုက်သည်။

"ဟင် ပိုက်ဆံအိတ် ပိုက်ဆံအိတ်က ဘယ်ရောက်သွားပါလိမ့်"

လက်ဆွဲအိတ်ထဲတွင် ပိုက်ဆံအိတ်မရှိတော့၍ မြတ်လေးပန်းခေါင်းနပန်းတွေ ကြီးသွားသည်။

"ဟော့တော် ဒုက္ခပါပဲ ပိုက်ဆံအိတ်က ဘယ်မှာကျန်ခဲ့လဲ၊ ခါးပိုက်နှိုက်ခံရပြီထင်တယ် ဒုက္ခပါပဲ"

တစ်ယောက်ထဲ ငိုမဲ့မဲ့ ညည်းတွားရင်း ကျိန်းသေအောင် ထီးတွေ ရောဘူးတွေပါ အပြင်ထုတ်ပြီးရှာသည်။ အရှင်းကြီး လုံးဝကိုမရှိတော့။ အထည်အိမ်က ထွက်မလာခင် ကားခအကြွေထုတ်ပြီး ပိုက်ဆံအိတ်ကို နမူနာအပ်ထည်နှင့်တွဲပြီး ထည့်ခဲ့သည်။

သေချာပြီ ကားပေါ်မှာ အနှိုက်ခံရတာဖြစ်မည်။ တစ်ခါမှ မကြုံဖူး၍ ဇောချွေးပင်ပြန်စပြုလာပြီ။ စားပွဲထိုးလေးကို အားနာစွာကြည့်လိုက်ပြီး

"ဖက်ထုပ်မှာပြီးမှ ပိုက်ဆံအိတ်က မတွေ့ဘူး၊ ခါးပိုက်နှိုက်ခံရပြီထင်တယ်၊ မောင်လေးရယ် မှာထားတဲ့ဖက်ထုပ်တွေ မ မယူလို့ မရဘူးလားဟင်"

မျက်နှာပူပေမယ့်လည်း ရှင်းစရာငွေမှမရှိတော့တာ တစ်ခါ



မဖြစ်ဘူး၍ ရှက်ကလည်းရှက်မိသေးသည်။

စားပွဲထိုးလေးခေါင်းကုတ်ကာ

"ကျွိုင်ပဲ အစ်မရာ၊ အစ်မမယူလို့ နောက်တစ်ယောက်အမှာရှိရင်တော့ ကိစ္စမရှိဘူး။ အခု အမှာမှမရှိတာ"

"ဟော့ ညီလေး ဒီဝိုင်းရှင်းမယ်ဟေ့၊ တစ်လက်စတည်း အဲဒီဖက်ထုပ်နှစ်ပွဲဖိုးပါ ရောတွက်လိုက်"

မြတ်လေးနှင့်သိပ်မဝေးသော စားပွဲဝိုင်းမှ လူတစ်ယောက်အသံကြောင့် မြတ်လေးရော စားပွဲထိုးလေးရော လှည့်ကြည့်လိုက်သည်။

မြတ်လေးနှင့်ရွယ်တူလောက်ရှိမည့် သန့်ပြန့်မွန်ရည်သော ယောကျ်ားတစ်ယောက်။ အပြုံးဖြင့် ခေါင်းတစ်ချက်ဆတ်ပြပြီး

"ကျွန်တော် ရှင်းပေးလိုက်ပြီ၊ ဘာမှအားနာမနေနဲ့တော့"

"အို မဟုတ်တာ ရပါတယ် နေပါစေ မြတ်လေး အိမ်က နီးနီးလေးပါ၊ အိမ်ပြန်ပြီး ပိုက်ဆံပြန်ယူလည်း ရပါတယ်၊ စိုက်မရှင်းပေးပါနဲ့"

အားနာလွန်း၍ အကြောက်အကန် ငြင်းမိသည်။

"ရပါတယ် ကျွန်တော့်အတွက်လည်း ဘာမှအပန်းကြီးသွားတာ မဟုတ်ပါဘူး၊ အားမနာပါနဲ့ ဗြော် ညီလေး ပိုတာလည်း ပြန်မအမ်းနဲ့တော့ မုန့်ဖိုးသာ ယူထားလိုက်တော့"

ငါးထောင်တန်တစ်ရွက်ကို စားပွဲခုံပေါ်တင်ပြီး ထိုင်ရာမှ ထထွက်သွားသော ထိုလူ၏ခြေလှမ်းကျဲကြီးနောက်ကျောကို ငေးကြောင်ကြည့်ရင်း ဆက်ငြင်းဖို့ပင် အချိန်မမီတော့။

www.burmeseclassic.com



"ကဲ အစ်မလည်း ကံကောင်းတာပဲ၊ ကူညီမယ့်သူက ဘွားခနဲ ကိုပေါ်လာတာ"

ရယ်ကာမောကာ ပြောနေသော စားပွဲထိုးလေးကို ကြည့်ပြီး မြတ်လေး ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ ယောင်နန ဖြစ်နေသည်။

"ကဲပါ အစ်မရယ် ရှင်းတဲ့သူက ရှင်းပေးသွားပြီပဲ၊ ယူသာ သွားလိုက်ပါတော့နော်"

ခုမှပင် ပြုံးတော်မူသော စားပွဲထိုးလေး၏တိုက်တွန်းမှုကြောင့် မြတ်လေး ဖက်ထုပ်ဘူးကို မလုံမလဲစိတ်ဖြင့်ကိုင်ပြီး ထွက်လာခဲ့လိုက် သည်။

တဒင်္ဂတွင်း ပိုက်ဆံအိတ်အနှိုက်ခံရတာကြောင့် စိတ်ညစ်တာ ရော စောစောကလူကို အားနာတာတွေရော ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိ သွားသည်။

တစ်ပတ်လုံး ခါးချိအောင် စီးကွင့်ထိုးပြီး ရလာသည့် လုပ်အား ခလေးကို မျက်စိထဲမြင်ပြီး နှမြောလိုက်သည့်ဖြစ်ခြင်း။

ခက်ခက်ခဲခဲ ရှာဖွေသော ငွေကို ခုလို လွယ်လွယ်နှင့်မဆုံးရှုံး ဖူး၍ အိမ်အပြန်ခြေလှမ်းတွေသည် ခဲဆွဲခံထားရသလို လေးလံနေလေ သည်။

အတိတ်က ဘယ်လိုများအကြောင်းပါလာ၍ ဒီနေ့လိုအဖြစ်မျိုး ကြုံရတာပါလိမ့်။

ကံဆိုးလိုက်တာ။

■ ■ ■



## အခန်း (၂)

"ဟော မေမေ ပြန်လာပြီ"

ခြံဝင်းထဲဝင်ဖို့ သံပန်းတံခါးကို ဆွဲဖွင့်လိုက်သံကြောင့် သားလေး ရဂုံ အိမ်ထဲမှ လှစ်ခနဲ ထွက်လာသည်။

"ဖေဖေ ပြန်ရောက်ပြီလား သား"

"ရောက်ပြီ မေမေ၊ နောက်ဖေး မီးဖိုထဲမှာ ထမင်းချက်နေတယ်"

သားလေး ရဂုံ၏အကြည့်တွေက မြတ်လေးလက်ထဲမှ ဖက်ထုပ် ဘူးဆီ အကြည့်ရောက်သွားသည်။

"ဟာ မေမေ ဒါ ဘာတွေလဲဟင်"

"သားနဲ့သားဖေဖေစားဖို့ ဖက်ထုပ် ဝယ်လာတာ"

ဖက်ထုပ်အလွန်ကြိုက်သော သားလေးမျက်နှာ အပျော်ရိပ်တွေ ဝင်းလက်သွားသည်။ ခါးပိုက်နှိုက်ခံလာရသည်ဆိုတာကိုတော့ သားလေး



www.burmeseclassic.com

www.burmeseclassic.com



ရဂုံကို ပေးမသိတော့။

"သားစားမယ် မေမေ၊ ဖက်ထုပ်စားချင်နေတာ ကြာပြီ"

"အေးပါ သားရယ်၊ မေမေ ပန်းကန်ထဲထည့်ပေးမယ်နော်"

ကိုယ့်အပူသောကကို ခဏဘေးဖယ်ပြီး သားလေးစားဖို့ ပြင်ဆင်ပေးရန် မီးဖိုခန်းထဲ ဝင်ခဲ့လိုက်သည်။ မြတ်လေးပန်း၏ခြေသံကြောင့် ထမင်းပေါင်းအိုး ခလုတ်ဖွင့်နေသော ထူးမြတ် လှည့်ကြည့်သည်။

"ဟော မြတ်လေး ပြန်လာပြီပဲ ဘာတွေဝယ်လာတာလဲ"

"မောင်နဲ့သားစားဖို့ ဖက်ထုပ် ဝယ်လာတာလေ"

"အဟက် ဒီနေ့ မောင့်မိန်းမ အပ်ထည်တွေအပ်ပြီး နိုင်လာတယ်ပေါ့"

ထူးမြတ်၏ရယ်ကျဲကျဲစကားကြောင့် မြတ်လေးပန်း မချိပြုံးပြုံးရင်း

"ဘယ်ကနိုင်လာရမှာလဲ မောင်ရယ် ပါလာသမျှတွေရော အိမ်ကပါသွားသမျှလေးတွေပါ ခါးပိုက်နှိုက်ခံရလို့"

"ဟောဗျာ ဘယ်မှာအနှိုက်ခံရတာလဲ၊ ကားပေါ်မှာလား"

"ဟုတ်မယ်ထင်တာပါပဲ မောင်ရယ်၊ မြတ်လေးလည်း ဖက်ထုပ်ဆိုင်ရောက်လို့ မှာပြီး ကိုယ့်လက်ထဲ ဖက်ထုပ်ဘူးရောက်မှပဲ အနှိုက်ခံရမှန်း သိတော့တယ်"

"ဘယ်လောက်တောင် ပါသွားလဲ မြတ်လေး"

"လက်ကျန်ပိုက်ဆံနဲ့ဆိုရင် သုံးသောင်းကျော်လောက်တော့





ရှိမယ် မောင်ရဲ့၊ မြတ်လေး ရင်ထဲမကောင်းလိုက်တာ မောင်ရယ်၊ ဒီခါးပိုက်နှိုက်ကလည်း မြတ်လေးကျမှ ရွေးပြီးနှိုက်ရတယ်လို့ တစ်ပတ်လုံး စီးကွင့်ထိုးရလို့ ခါးနာတဲ့အနာလေးတောင် မပျောက်သေးဘူး"

သနားစရာကောင်းလောက်အောင် ညည်းတွားနေသော ချစ်ဇနီးလေးကိုကြည့်ပြီး ထူးမြတ် စိတ်မကောင်းဖြစ်သွားသည်။ အပြစ်တင်ဖို့ဝေးစွ ဘယ်လိုနှစ်သိမ့်ရမလဲဟုသာ အပြေးအလွှားနှင့် စကားလုံးရှာလိုက်သည်။

"ကိုယ့်ကံမကောင်းလို့ အနှိုက်ခံရတယ်လို့ သဘောထားပြီး အဲဒီ ပါသွားတဲ့ငွေတွေကို လှူလိုက်တယ်လို့ သဘောထားလိုက်၊ ခါးပိုက်နှိုက်ခံရတယ်လို့ သဘောမထားနဲ့၊ မြတ်လေး စဉ်းစားကြည့်လေ အဲဒီ ခါးပိုက်နှိုက်က သူ့မိသားစုအတွက် သူ့မှာခါးပိုက်နှိုက်လုပ်ကျွေးရတာဆိုတော့ သူ့နောက်ကွယ်မှာ သူ့မိသားစုတွေ ရှိမှာပဲ"

"အဲဒါနဲ့ ခု မြတ်လေး ငွေဆုံးရှုံးတာနဲ့ ဘာဆိုင်လဲမောင်ရယ်"

စိတ်ညစ်ရသည့်ကြားထဲ မောင့်ရှည်ရှည်ဝေးဝေး စကားတွေကို မြတ်လေး နားမလည်။ ဉာဏ်မမီတာလည်း ဖြစ်နိုင်သည်။

ဖော့ဘူးထဲက ဖက်ထုပ်တွေကို ပန်းကန်ထဲ လှယ်ထည့်ရင်း စိတ်မသက်မသာ ပြောနေသော မြတ်လေးပန်းကို နှစ်သိမ့်သည့်အနေနှင့် ဆုပ်ကိုင်လိုက်ပြီး

"ဆိုင်တာပေါ့ မြတ်လေးရဲ့၊ အဲဒီ မိသားစုတွေ ခု မြတ်လေး ပိုက်ဆံတွေကြောင့် ဟင်းကောင်းကောင်း ထမင်းကောင်းကောင်း ချက်



www.burmeseclassic.com

www.burmeseclassic.com



စားရတော့မယ်၊ ဘယ်လောက်ပီတိဖြစ်စရာကောင်းသလဲ၊ အဲဒီ မြိုင်ကွင်းလေးကို မျက်စိထဲ ပုံဖော်ပြီး မှုဒိတာပွားလိုက်၊ ရင်ထဲမှာမချမ်းမြေ့နေတဲ့ စိတ်တွေက သူ့အလိုလို ငြိမ်းအေးသွားလိမ့်မယ်''

အကောင်းဘက်က အမြဲမြင်ပေးတတ်သော မောင့်စကားကြောင့် မြတ်လေး သက်မခပ်လေးလေး ချလိုက်ပြီး

''အင်းပေါ့လေ ပြန်မှ မရနိုင်တော့မှတော့ မောင်ပြောသလိုပဲ မုဒိတာပွားရတော့မှာပေါ့''

''ဒါပေါ့ မောင့်မိန်းမက စိတ်ထားမွန်မြတ်တဲ့မိန်းကလေးပဲ၊ ကဲ သားသား ဗိုက်ဆာနေပြီ သားကိုအရင်ကျွေးနှင့်လိုက်တော့၊ မောင် ရေချိုးပြီးမှာနဲ့ ထမင်းကျက်မှာနဲ့ အတော်ပဲ၊ ပြီးရင် မောင်နဲ့မြတ်လေး ထမင်းစားကြမယ်''

''အင်းပါ မောင် မြန်မြန်လည်း လုပ်ဦးနော်၊ အအေးပတ်မယ်၊ ဒီလထဲမှာ မြတ်လေးတို့ငွေကုန်ကြေးကျမများအောင် ကျန်းမာရေးကအစ ဂရုစိုက်ရမယ် မောင်ရေ''

''အင်းပါ စိတ်ချ ဒေါင်ဒေါင်အမြည်လွှန်နေတဲ့ ကိုယ့်ရဲ့ ယောကျာ်းအကြောင်း ကိုယ်မသိဘူးလား''

''ကဲပါ မောင်ရယ် တော်ပါ ရေချိုးပါတော့၊ မြတ်လေးသားကို ဖက်ထုပ်ကျွေးပြီးတာနဲ့ ဟင်းနွှေးထားလိုက်မယ်''

''အိုကေပါဗျာ''

ထူးမြတ် ရေချိုးခန်းထဲ ဝင်သွားသည်။





မြတ်လေး အိမ်ရှေ့ထွက်လာလိုက်သည်။
သားလေး ဖက်ထုပ်စားချင်နေလောက်ပြီ။
မောင် ပြောသလိုပဲ ကုသိုလ်စိတ်နဲ့ ဖြေသိမ့်ရတော့မှာပေါ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ထူးမြတ်ရေ ဒီနေ့ညနေ မိုးကျော်တို့အဖွဲ့နဲ့ ချိန်းထားတယ်၊ မင်းပါလိုက်ခဲ့ရမယ်"

အောင်ဇော်စကားကြောင့် ထူးမြတ် ခေါင်းခါပြလိုက်ပြီး

"မလိုက်တော့ဘူးကွာ"

"ဟာ မင်း သစ္စာဖောက်တာလား။ ဟိုလတုန်းကတော့ မင်းပါလိုက်ပြီး ဒီလကျတော့မှ ဘာလဲ မင်းကုန်မှာစိုးလို့လား"

"မဟုတ်ပါဘူးကွာ ငါ့သား နေမကောင်းဘူးကွ၊ ဒီနေ့ညနေ ငါ ရုံးကပြန်လာတာနဲ့ ဆေးခန်းပို့ပေးမယ်လို့ မြတ်လေးကို ပြောထားလို့"

"ဒါဆိုရင် မင်းမလိုက်ဘူးပေါ့"

"အေး မလိုက်ဖြစ်ဘူး"

"ဒါမှမဟုတ် ဆေးခန်းကပြန်မှ ငါတို့ဆီလာရင်ရော မိတာပဲ"





လိုက်စေချင်၍ မဖြစ်ဖြစ်အောင် ခေါ်နေသော မိုးကျော်စကားကြောင့် ထူးမြတ် အားနာသွားသည်။

"ငါ ဆေးခန်းကအပြန်လည်း လာလို့မရဘူး သူငယ်ချင်းရာ၊ သားလေးရဲ့ဆေးဖိုးစရိတ်တွေကြောင့် ငါ ဒီလ အသုံးလျှော့မှကို ဖြစ်မှာမို့ပါ"

မိသားစုအပေါ် သံယောဇဉ်ကြီးလွန်းသော ထူးမြတ်ကိုကြည့်ပြီး မိုးကျော် ကျေနပ်စွာပြုံးလိုက်သည်။

"မင်းအခက်အခဲတွေကို ငါသိပါတယ် သူငယ်ချင်းရယ်၊ ခုသောက်ဖို့စားဖို့ခေါ်တာလည်း မင်း မကုန်ရပါဘူး၊ ဒီနေ့ မိုးကျော်နဲ့ သူ့ကောင်မလေး ချစ်သူသက်တမ်းသုံးနှစ်ပြည့်မို့လို့ သူ ဒကာခံမှာပါ။ ဒါပေမဲ့ မင်းသားနေမကောင်းဘူးဆိုရင်တော့ ငါ ဖွတ်မခေါ်တော့ပါဘူး။ အချိန်ရမှလာပါကွာ"

"အေးပါ ငါ မင်းတို့စေတနာကို ကျေးဇူးတင်ပါတယ်"

"ထူးမြတ်"

ရုံးခန်းထဲမှ ထွက်လာသော မန်နေဂျာ ယုဇနလွင် ထူးမြတ်နှင့် အောင်ဇော်နားသို့ လျှောက်လာသည်။

"မယုဇန ဘာခိုင်းစရာရှိလို့လဲ"

"ဘာမှခိုင်းစရာမရှိပါဘူး၊ ရှင့်သားနေမကောင်းဘူးဆို ဒီနေ့ ရှင်စောစောအလုပ်ဆင်းမယ်လို့ ကြားလို့"

"ဟုတ်ပါတယ် မယုဇန ကျွန်တော့်သား နေမကောင်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်တာလဲ သွေးလွန်တုပ်ကွေးလား”

“မဟုတ်ပါဘူး ခုမှ ရောဂါရှာဖွေတုန်းဆိုတော့ အဖြေကို အတိအကျမသိရသေးပါဘူး”

“ဪ ဟုတ်လား ဒါဆိုရင်တော့ ဘာမှရောဂါကြီးကြီးမားမား မရှိလောက်ပါဘူး။ နောက်နေ့မှ ကလေးအတွက် ဓာတ်စာဝယ်ပေးလိုက်မယ်၊ ဒီနေ့တော့ ဝယ်ချိန်မရလိုက်လို့လေ”

အထက်လူကြီးမှအစ အောက်ခြေဝန်ထမ်းအဆုံး ထူးမြတ်၏ ရိုးသားဖြူစင်သော စိတ်ထားကြောင့် အားလုံး ခင်မင်ကြသည်။

“ရပါတယ် မယုဇနရယ်၊ ကျွန်တော့်အတွက် အပန်းမကြီးစေချင်ပါဘူး၊ ဘာမှဝယ်မပေးပါနဲ့”

“အို ရှင်ကလည်း ရုံးမှာပြေးကြည့်မှ ဒီလူတွေပဲရှိတာ ရှင်တို့ အရေးကိစ္စက ယုဇန အရေးကိစ္စပဲပေါ့”

ပြုံးရွှင်ဖော်ရွေကာ တစ်ရုံးလုံးနှင့် သင့်မြတ်အောင်ပေါင်းသင်းတတ်သော ယုဇနကိုလည်း တစ်ရုံးလုံးက လေးစားခင်မင်ကြပါသည်။

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် မယုဇန”

“ကျေးဇူးတင်ရုံနဲ့မပြီးဘူး၊ ယုဇန အကူအညီတောင်းထားတာလေးကို ကူညီပေးဦး”

“ဪ ဟုတ်ကဲ့ ကျွန်တော် မနက်ဖြန် မယုဇနအိမ်ကို လာခဲ့ပါ့မယ်”

“အိုကေ ဒါဆို မျှော်နေမယ်နော်”





ယုဇနလွင် အနားမှထွက်သွားသည်။ အောင်ဖော် ထူးမြတ်ကို လက်ကုတ်ကာ

“ထူးမြတ် ဘာတွေလဲ ဘာအကူအညီလဲ”

“သူ့အိမ်က ကွန်ပျူတာမှာ ဆော့ဝဲလ်တွေ ပျောက်ကုန်လို့ သွားလုပ်ပေးရဦးမယ်လေ၊ ပြီးရင် သားသားအတွက် သူ့တူလေးနိုင်ငံခြား မသွားခင် ဆော့သွားတဲ့အရုပ်တွေ ပေးချင်လို့တဲ့”

“ဪ ငါ့ကျတော့ အကူအညီမတောင်းဘူး”

“ဘာဖြစ်လို့လဲ မင်း အရုပ်တွေလိုချင်လို့လား”

“ဟာ ငါက ကလေးလား၊ အရုပ်လိုချင်ရအောင်”

“ဒါဖြင့် ဘာလဲ”

“သူ့မျက်နှာလေးကို အနီးကပ်မြင်ချင်လို့ပေါ့၊ ငါ လူပျိုကြီးဖြစ်နေတာ ဘာကြောင့်လဲ သိလား”

ထူးမြတ် ရယ်ဟဟဖြင့် အောင်ဖော့်ကို ကြည့်ကာ ခေါင်းခါလိုက်ပြီး

“သိဘူး ဘာလို့လဲ”

“ယုဇနလွင်ကိုစောင့်နေတာ သူ့ကိုလက်ထပ်ရမှ လူပျိုဘဝကို စွန့်လွှတ်မယ်”

“အဟက် ဟား ဟား ဟား ဟား”

“ဟာ ဟော့ကောင် ဘာရယ်တာလဲ၊ ငါပြောတဲ့အထဲမှာ ရယ်စရာ ဘာပါလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းက စိတ်ကူးနဲ့ ရှုနေတာကို ဟိုက မင်းကိုမျက်စိထဲတောင် ထည့်တာမဟုတ်ဘူး၊ ဆုတောင်း ဆုတောင်းလိုက်ဦး ဟား ဟား သွားပြီ ငါလုပ်စရာရှိသေးတယ်"

အလျှောင်ခံလိုက်ရသော အောင်ဖော် ထူးမြတ်ကို ခပ်ကြိတ်ကြိတ် ဆဲလိုက်သည်။

■ ■ ■

## အခန်း (၄)

"မြတ်လေးရေ"

စီးကွင့်ထိုးရင်း မှေးခနဲ အိပ်ပျော်သွားသော မြတ်လေးပန်း၏ မျက်ဝန်းတို့ နိုးကြားစွာဖြင့် ဖျတ်ခနဲ ပွင့်လာသည်။

အိမ်ပေါ်သို့ အဒေါ်အငယ်ဆုံးဖြစ်သည့် ဒေါ်စန္ဒာ တက်လာသည်။ သူ့ဘေးတွင် သူ့ကလေးနှစ်ယောက်ပါသည်။ လှဲအိပ်နေရင်းမှ ထထိုင်လိုက်ပြီး

"ဩော် တီလေး လာလေ"

"နေမကောင်းဘူးလား အိပ်နေရအောင်"

"ကောင်းပါတယ် စီးကွင့်ထိုးရင်း ဇက်ကြောတွေ တက်လာလို့ ခဏလှဲနေရင်းနဲ့ အိပ်ပျော်သွားတာလေ၊ နေပူလိုက်တာ ဘယ်ကလှည့်လာကြတာလဲ"

အပူဒဏ်ကြောင့် ချွေးတွေရွှဲနေကြသော မောင်ဝမ်းကွဲလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကိုကြည့်ပြီး

"ကလေးတွေ နေပူလိုက်တာ တီလေးရယ်၊ ထီးလည်းမပါကြဘူး"

အမြဲတမ်း မပြည့်စုံသော အဒေါ်အငယ်ကို ပြောလိုက်သည်။

"ထီးက အကြီးမကျောင်းသွားလို့ ယူသွားတယ်လေ၊ သူတို့ကလည်း မြတ်လေးအိမ်ကို လိုက်ချင်ကြတာနဲ့ ခေါ်လာတာ၊ မြတ်လေးဆီက အကူအညီတောင်းစရာရှိလို့ပါ"

ငပုလာလျှင် အမူပါဆိုသလို တီလေး အိမ်ပေါ်တက်လာကတည်းက မြတ်လေး ရင်တွေထိတ်နေတာတော့ အမှန်ပင်။

"ဘာလိုအပ်ပြန်ပြီလဲ တီလေး"

မေးလိုက်ကာမှ တီလေး တရှုံ့ရှုံ့ငိုတော့သည်။ ဒေါ်လေးကိုကြည့်ပြီး မြတ်လေး သက်ပြင်းကို ဟင်းခနဲ ချလိုက်ပြီး

"ဘာလို့ ငိုနေတာလဲ တီလေးရယ်"

"မငိုလို့ရမလား တူမလေးရယ်၊ ညည်းဦးလေးလေ အခု တီဘီရောဂါဖြစ်နေတယ်၊ အလုပ်မသွားနိုင်တာ လေးရက်ရှိပြီ"

"ဟင် ဟုတ်လား တီဘီရောဂါဖြစ်တယ်ဆိုတာ သိရအောင် ဦးလေးကို သေချာစစ်ပြီးပြီလား"

"စစ်ပြီးသွားပြီ၊ မြို့နယ်ကျန်းမာရေးဆေးပေးခန်းမှာ သလိပ်သွားစစ်တယ်လေ၊ ဓာတ်မှန်ကတော့ အထူးကုဆေးခန်းမှာ သွားရိုက်တယ်၊ တီဘီရှိတာ သေချာတယ်၊ ဆေးခြောက်လစားရမယ်တဲ့၊ တီလေး





တော့လေ သေသာသေလိုက်ချင်တော့တယ် တူမလေးရယ်"

"တီဘီရောဂါက ကြောက်စရာကောင်းတဲ့ရောဂါ မဟုတ်ပါဘူး ဆေးကိုတစ်ရက်မပျက်ဘဲ ခြောက်လတိတိ မှန်မှန်စားရင် လုံးဝပျောက်ကင်းသွားမှာပါ"

"ပျောက်ကင်းမယ်ဆိုတာကို သိပါတယ်၊ ဒါပေမဲ့ တီလေးတို့သားအမိတွေက သူ့ကိုမှီခိုနေရတာလေ၊ တီဘီဆေးစားနေချိန်မှာ သူ အလုပ်ကိုမသွားနိုင်ဘူး၊ သူ့အတွက် ဓာတ်စာဖိုးတွေ အိမ်စရိတ်တွေ ဘယ်မှာသွားရှာရမလဲ"

အိမ်ရှေ့မှု အိမ်နောက်မချမ်းသာဆိုသလို ချူသံပါအောင် ညည်းနေသော အဒေါ်ကိုကြည့်ပြီး မြတ်လေးပါ စိတ်ရှုပ်လာသည်။

"အမေ သမီးဗိုက်ဆာတယ်"

အဒေါ့်သမီး အငယ်ဆုံး နေခြည့်ထံမှ ဗိုက်ဆာသည်ဟူသော အသံလေးက သနားစရာ။ မြတ်လေး ရင်ထဲမှာမကောင်း။

"သားလည်း ဗိုက်ဆာတယ် အမေ"

"အေးပါ နင်တို့အစ်မအိမ်ရောက်မှစားလို့ ပြောလာရတယ် မြတ်လေးရေ အိမ်မှာ ဘာမှမရှိဘူး၊ အကြီးမကြီးကိုတောင် မနက်က မုန့်ဖိုးမပေးလိုက်နိုင်ဘူး၊ ခမျာမှာ ကျောင်းကို ဘာမှမစားဘဲ ထွက်သွားရတယ်၊ တူမဦးလေးကိုတော့ မနေ့က ကျန်တဲ့ထမင်းကြမ်းနဲ့ လမ်းထိပ်က ချဉ်ပေါင်ကြော်လေး တစ်ရာဖိုး ဝယ်ပေးခဲ့တယ်"

စိတ်မောစရာကောင်းသော အဒေါ်တို့မိသားစုအဖြစ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာရှိနေသော အပူသောကတွေတောင် ဘယ်ရောက်ကုန်ပြီလဲ မသိ။ ကိုယ့်အပူထက် သူ့အပူက ပိုဆိုးနေသည်လေ။

"အိမ်မှာလည်း ဒီနေ့ ဈေးမသွားတော့ ဟင်းကမကောင်းဘူး ကြက်ဥကြော်စားတယ် တီလေးရဲ့ ခဏနေ၁ မြတ်လေး ထမင်းသွားခူး ပေးမယ်"

မောင့်အတွက် ကြော်ထားသော ကြက်ဥကြော်ကို ကလေး နှစ်ယောက်အား ကျွေးလိုက်သည်။

"တီလေးရော စားလေ ရေခဲသေတ္တာထဲမှာ ငါးချဉ်ရှိတယ်၊ မြတ်လေး သုတ်ပေးမယ်"

"နေပါစေ မြတ်လေးရယ် ရင်ထဲမှာ သောကတွေပြည့်နေတော့ ဘာမှလည်း စားချင်စိတ်မရှိတော့ပါဘူး"

ကလေးနှစ်ယောက်ကတော့ မြတ်လေးခူးပေးသော ထမင်းနှင့် ကြက်ဥကြော်ကို မြိန်ရေယှက်ရေ စားနေကြသည်။

ခုချိန်ထိ မြတ်လေး ဘယ်လိုအကူအညီပေးရမလဲဆိုတာ စဉ်းစားရကျပ်နေသည်။ အမှန်အတိုင်းပြောရလျှင် မြတ်လေးတို့လည်း စီးပွားရေးက ချောင်လည်တာမှမဟုတ်တာ။

ဒီနှစ် သားလေး သူငယ်တန်းစတက်သည့်နှစ်မို့ ကျောင်းစရိတ် က သိပ်မထောင်းပေမယ့် သားက ကျန်းမာရေး သိပ်မကောင်းတော့ ဆေးဖိုးက အမြဲထောင်းသည်။

ဒီကြားထဲ မြတ်လေးမိဘတွေက စီးပွားရေးအဆင်မပြေကြ





တော့ အိမ်စရိတ်ထောက်ရသေးသည်။ ဒါတင်မကသေး မောင့်မိဘတွေ ကလည်း အသက်ကြီးလာပြီမို့ ဆေးဖိုးဝါးခ တစ်ပိုင်တစ်နိုင် ထောက်ပံ့ ရပြန်သည်။

ဒီကြားထဲ သာရေးနာရေး လူမှုရေးအဝဝကြောင့် ရှာသမျှငွေ ဟာ သာရေးနာရေးအတွက် ရှာသလိုဖြစ်နေ၏။ ယခုလို အမျိုးအဆွေ တွေက ကြားပေါက်ဒုက္ခလာပေးတာမပါသေး။

"တီလေး ကြိုရာမရတော့တဲ့အတွက် သမီးဆီက ငွေလေးနှစ် သောင်းလောက် လာချေးတာပါကွယ်"

ချေးတိုင်း ဘယ်တော့မှ ပြန်မဆပ်တတ်သော အဒေါ်က ငွေ နှစ်သောင်းကြီးများတောင်ချေးလာသည်မို့ မြတ်လေး ဘယ်လိုလုပ်ပေး ရပါ့။

"မြတ် မြတ်လေးလည်း အဆင်မပြေဘူး တီလေးရယ်၊ သား လေးက ခုတစ်လော နေမကောင်းဖြစ်နေတယ်၊ ကျောင်းတောင် မတက် နိုင်လို့ အိမ်မှာပေးနားနေရတယ်၊ ခုတောင် ဆေးတိုက်ထားလို့ အိပ်ပျော် နေတာ တီလေးရဲ့"

"ဟင် ဟုတ်လား ဘာရောဂါလဲ၊ ဆေးခန်းမပြဘူးလား"

"ဘာရောဂါဆိုတာကိုတော့ ဆရာဝန်တွေက သေသေချာချာ မှတ်ချက်မပေးသေးဘူး၊ ရောဂါအခြေအနေကို စောင့်ကြည့်နေတာပါ"

"ဒါပေမဲ့ တီလေး ဘယ်လိုလုပ်ရမလဲ သမီးရယ်၊ ကလေးတွေ ဆို ညက ထမင်းမစားဘဲ အိပ်ကြရတယ်၊ ဟိုလူမမာလည်း ထမင်းမ

www.burmeseclassic.com



စားရဘူး၊ တီဘီဆေးတွေ သောက်တော့ ဆရာဝန်က နွားနို့နဲ့ကြက်ဥ၊ ပုံမှန်စားခိုင်းတယ်၊ ငှက်ပျောသီးရောပေါ့၊ ဒါပေမဲ့ သူ့ကို ဓာတ်စာကျွေးဖို့နေနေသာသာ ကိုယ်တွေမိသားစုတောင် ထမင်း ဘယ်လိုချက်စားရမှန်း မသိတော့ သမီးပေးမှ ဒီနေ့ထမင်းချက်စားရမယ်၊ ကျန်တဲ့ပိုက်ဆံလေးကို နင့်ဦးလေးအတွက် သွေးသွားစစ်ရဦးမယ်လေ၊ ကူညီနိုင်မယ်ဆိုရင် ကူညီလိုက်ပါနော်၊ တီလေးရဲ့ကလေးတွေ သမီးဆီကရမှ ညနေ ထမင်းချက်ရမှာမို့ပါ''

ငိုမဲ့မဲ့ ပြောနေသော တီလေးကိုကြည့်ပြီး မြတ်လေးပန်း တော်တော်လေး စိတ်ရှုပ်ထွေးသွားသည်။ လူမမယ် ကလေးလေးတွေ ထမင်းနပ်မမှန်ရလောက်အောင် ဒုက္ခပင်လယ်ဝေနေကြရသော အခြေအနေမျိုးမှာ မြတ်လေးပန်းမှ မကူညီရင် ဘယ်သူကူညီပါ့မလဲ။ နောက်ဆုံး ကြံရာမရတော့၍ ထိုင်ရာမှထကာ ဗီရိုရှိရာသို့ လျှောက်သွားလိုက်သည်။

တီလေး ဝဲနေသော မျက်ရည်တို့ကို ပုတ်ခတ်သွင်းရင်း မြတ်လေး ဘာလုပ်မလဲ စောင့်ကြည့်၏။

ဗီရိုတံခါးဖွင့်ကာ မချုပ်ရသေးသော ဝမ်းဆက်စနှစ်စုံ ထုတ်လိုက်သည်။

တီလေး မျက်လုံးတွေ အရောင်တောက်သွားသည်။ ဝတ်စုံတွေက အကောင်းစားတွေမို့ ပြန်ရောင်းလျှင် တစ်စုံကို တစ်သောင်းကျော်လောက်တော့ ရမည်။ နှစ်စုံဆိုလျှင် နှစ်သောင်းကျော်ရမည်။ စိတ်ထဲက ကိုယ့်တွက်ကိန်းနှင့်ကိုယ် ကြိတ်ပြီး တွက်နေလိုက်ပြီး နှုတ်မှတော့





"ဒါ ဒါတွေကို ဘာလုပ်မလို့လဲ တူမလေး''

"မြတ်လေးမှာ တီလေးတောင်းတဲ့ငွေနှစ်သောင်းမှ မရှိတာ၊ ဒီဝတ်စုံလေးတွေက မောင် ဝယ်ပေးထားတာတွေ၊ ချုပ်တောင်မချုပ်ရသေးဘူး၊ တီလေး ဒါတွေကို ယူပြီး ရောင်းလိုက်လေ၊ ရတဲ့ငွေကို တီလေး သုံးလိုက်ပါ''

ကိုယ် မဖြေရှင်းပေးရင် မဖြစ်လွန်းလို့သာ ကြံရာမရ လုပ်လိုက်ရပေမယ့် ရင်ထဲမှာတော့ အောင့်မျက်နာကျင်ရသည်။

မောင်ဝယ်ပေးထားတဲ့ ဝတ်စုံလေးတွေမို့ပါ။

"အားနာလိုက်တာ တူမလေးရယ်၊ အဒေါ်အဆင်ပြေတာနဲ့ တူမလေးကို ဒီထက်ကောင်းတဲ့ ဝတ်စုံတွေ ပြန်ဝယ်ပေးမယ်နော်''

မြတ်လေးပန်းဆီက အကူအညီရသွားတိုင်း အဆင်ပြေလျှင် ပြန်ဆပ်ရမယ်နော်။ ပြန်ဝယ်ပေးမယ်နော်ဟု ပြောနေကျစကားမို့ မြတ်လေးပန်း မမျှော်လင့်နေတော့။

တီလေးကလည်း ဘယ်တော့မှ အဆင်ပြေမှာမဟုတ်။ ရှိလျှင်ရှိသလို သုံးဖြုန်းတတ်ပြီး မရှိလျှင် ဆွေမျိုးတွေကို ဒုက္ခလိုက်ပေးတဲ့ ရာဇဝင်က မြတ်လေး ငယ်စဉ်ကတည်းကမို့ မြင်ရတာ သိပ်မဆန်းတော့။ ချေးငှားလိုက်တိုင်းလည်း ပြန်ရရိုးထုံးစံမှ မရှိတာ။

ကိုယ်ကူညီပေးလိုက်ရတာကိုပဲ စိတ်မကောင်းခြင်းများစွာဖြင့် စိတ်ကို ရှာဖွေခံစားရတော့မည်ပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"မြတ်လေး မအိပ်သေးဘူးလားကွာ၊ ည ဆယ့်တစ်နာရီကျော်နေပြီ"

ဖက်ကြောတွေ လေးလံနေသောကြောင့် ဖက်ကို ဘယ်ညာ လှည့်ချိုးရင်း

"ဒီတစ်ထည်ပြီးရင် အိပ်မယ်မောင်၊ မနက်ဖြန် အပ်ထည်တွေ ပို့ရမှာမို့ မောင်ရဲ့"

"ဒါဆိုရင်လည်း မောင်ပါ အလုပ်လုပ်လိုက်ဦးမယ်"

"သြော် မောင်က အိပ်ပေလေ၊ မနက်ရုံးတက်ရဦးမယ့်ဟာ၊ မြတ်လေးက အိမ်မှာနေရမယ့်လူ ကိစ္စမရှိဘူး"

"ဘာလို့ ကိစ္စမရှိရမှာလဲ၊ မြတ်လေးကလည်း မနက်ဆို ချက်ရေးပြုတ်ရေးနဲ့ သားရဲ့ဝေယျာဝစ္စတွေ လုပ်ရတာလေ၊ နေ့ခင်းဆို အထည်တွေ ချုပ်ရတယ်၊ ဘယ်မှာလာနားချိန်ရှိလို့လဲ၊ မရဘူး မြတ်လေးလာ အိပ်မယ် မြတ်လေးလဲသွားရင် ဘယ်လိုလုပ်မလဲ"





မြတ်လေးပန်းအနားသို့ ရောက်လာပြီး လက်ထဲမှ ထိုးလက်စ စီးကွင့်အကျီကို ဖွတ်အတင်းဆွဲယူကာ ခရစ်စတယ်ကျောက်ဘူးတွေကို သိမ်းလိုက်သည်။

"ကြည့် မောင်ကလေ ဖွတ်ပဲကွာ"

"မဖွတ်လို့ မရဘူး။ မြတ်လေး တစ်ခုခုဖြစ်ရင် မောင် ဘယ်လို လုပ်မလဲ၊ ရုံးတစ်ဖက် ချက်ရေးပြုတ်ရေးတစ်ဖက် ကျောင်းပို့ကျောင်းကြို တစ်ဖက်မို့ မောင်ပဲ တိုင်ပတ်မှာကွ"

"သြော် မောင်က မောင်တိုင်ပတ်မှာစိုးလို့ မြတ်လေးကို နေမကောင်းမဖြစ်စေချင်တာပေါ့လေ ဟုတ်လား"

မိန်းမတို့သဘာဝ စကားနာထိုးပြန်လေတော့ ထူးမြတ် တဟားဟား အော်ရယ်၏။

"ဟော့ မောင် ညဥ့်နက်နေပြီလေ၊ ဘာလို့ အော်ကြီးဟစ်ကျယ် ရယ်နေရတာလဲကွာ"

"ရယ်မှာပေါ့ မြတ်လေးက ကလေးဆန်တဲ့စကားတွေ ပြောနေတာကို။ လောကမှာ မောင်အချစ်ရဆုံးလူသားနှစ်ယောက်က မြတ်လေးတို့သားအမိနှစ်ယောက်ပဲရှိတာကွ၊ မြတ်လေး နာကျင်ခံစားရတာဟာ မောင် နာကျင်ခံစားရတာနဲ့ တူတူပဲပေါ့ မြတ်လေးရဲ့"

နှာသီးဖျားကို ဆွဲကိုင်ညှစ်ရမ်းကာ ပြောလိုက်သော စကားကြောင့် မြတ်လေး နာကျင်သွားကာ

"အား နာတယ်မောင်ရဲ့၊ ဖြည်းဖြည်းလုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘာလို့ အဲလိုအော်ရတာလဲ၊ ညသန်းခေါင်မှ ထအော်နေတယ်၊ လူတွေတစ်မျိုးထင်ကြတော့မှာပဲ ဟား ဟား ဟား ဟား"

"ဘာလဲ ဒီက ရိုးရိုးပြောတာ"

"ရိုးရိုးပြောလေ လူတွေတစ်မျိုးထင်ကြလေပဲ မြတ်လေးရဲ့ လာပါကွာ အိပ်ကြရအောင်၊ ဒီနေ့ ရုံးမှာ မောင်အရမ်းပင်ပန်းတယ်ကွ၊ ဒါကြောင့် ချာချင်သွင်းမလို့"

"ဟင် ဘာ ဘာပြောတယ် မောင်၊ ဘာချာချင်သွင်းတာလဲ"

"ဟော့ဒီက ချစ်ဇနီးလေးကို ဖက်ပြီး အိပ်လိုက်ရင် တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှတွေ လုံးဝပြေပျောက်ပြီး လန်းဆန်းအားအင်တွေ ပြည့်မှာကိုပြောတာ"

"မောင်နော် ရုံးမှာ လူပေါင်းစုံနဲ့အလုပ်တွဲလုပ်ပြီး အထူးအဆန်း စကားတွေ အရမ်းပြောတတ်နေတယ်၊ တော်ပြီ မြတ်လေး မအိပ်သေးဘဲ ဆက်ပြီးပေနေရင် မောင့်ဆီက မြတ်လေး နားမလည်တဲ့စကားတွေ ထပ်ကြားနေရဦးမယ် ဟွန်း"

"ဒါဆိုလာ အိပ်မယ်"

အိပ်ရာပေါ် အတင်းဆွဲခေါ်နေသောကြောင့် မြတ်လေး မျက်နှာပေါ်မှာ အပျို့ဖြန်းတစ်ယောက်နှယ် ရှက်သွေးတွေဖြာလျက်။

ညသည် လရောင်အောက်မှာ ကဗျာဆန်ဆန်ဖြင့် သက်ဝင်လှုပ်နေ၏။

■ ■ ■



## အခန်း (၆)

"ကိုထူးမြတ် မနေ့က အိမ်ကအပြန် သားသားအတွက် ပေးထားတဲ့အရုပ်တွေ ဘာလို့မေ့သွားတာလဲ၊ မလိုချင်လို့ တမင်များ မေ့ထားခဲ့တာလားဟင်"

စက္ကူပုံးကြီးမက ရုံးထဲဝင်လာသော ယုဇနလွင်ကြောင့် ထူးမြတ် နှင့်မိုးကျော် ပျာပျာသလဲ ကူသယ်ပေးရင်း

"ကျွန်တော် မနေ့က လုံးဝကိုမေ့သွားလို့ပါ မယုဇနရယ်၊ မလိုချင်လို့မဟုတ်ပါဘူး၊ လမ်းတစ်ဝက်ရောက်မှ သတိရလို့ ပြန်မယူတော့တာ၊ ဒီနေ့ ရုံးဆင်းမှ ဝင်ယူမယ်လို့ စဉ်းစားထားတာ"

"ဒီကောင်က အိမ်ပြန်ခါနီးပြီဆိုရင် အဲလိုပဲ ဂနာမငြိမ်ဖြစ်တတ်တယ် မယုဇနလွင်ရဲ့"

မိုးကျော်ကပါ ဝင်၍နောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ခုဝင်ယူစရာ မလိုတော့ပါဘူး၊ ကားကြုံရှိတာနဲ့ ယုဇနပဲ ယူခဲ့လိုက်တော့တယ်”

“ဟင် ဒါဆို ဒီစက္ကူပုံးထဲကဟာတွေက အရုပ်တွေပေါ့ ဟုတ်လား”

“အင်း ဟုတ်တယ်လေ”

“ဟာဗျာ အားနာလိုက်တာ၊ ဘယ်လိုပြောရမှန်းတောင် မသိဘူး”

“ဘယ်လိုမှ ပြောမနေနဲ့တော့၊ ဒီပုံးယူထားလိုက်တော့ ညနေ ရုံးဆင်းရင်တော့ မမေ့နဲ့နော်၊ ယုဇန အိမ်အထိလိုက်ပို့နေရမယ် အဟင်း ဟင်း”

သဘောကောင်းလွန်းသော ယုဇနကို ထူးမြတ် နှစ်နှစ်ကာကာ ကို ကျေးဇူးတင်မိ၍ ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်းပင်မသိတော့။

အရာရှိပေမယ့် လက်အောက်ငယ်သားရုံးဝန်ထမ်းတွေအပေါ် ညီအစ်ကို မောင်နှမ မိသားစုတွေလို နွေးထွေးစွာ ဆက်ဆံ၍ တစ်ရုံးလုံး က မယုဇနလွင်ဆိုလျှင် ခင်မင်ကြသည်။

ယုဇန သူ့ရုံးခန်းထဲဝင်သွားသည်နှင့် မိုးကျော်ထံမှ သက်မမော တစ်ချက်ဟင်းခနဲ ချလိုက်သံကို ကြားရသည်။ ထူးမြတ် လှည့်ကြည့်ပြီး

“မင်းဟာ ဘာတွေစိတ်မောနေတာကို သက်ပြင်းချနေတာလဲ”

“မင်းသာ လူပျိုဆိုရင် မယုဇနလွင်နဲ့မင်းနဲ့ လိုက်ဖက်တယ်ကွ”

ထူးမြတ် မျက်လုံးပြူးသွားကာ





“ဟာ မိုးကျော် စကားနောက်တရားပါကွာ၊ မင်း ဘယ်လို စကားမျိုးကိုပြောနေတာလဲ၊ သူများကြားသွားရင် မယုဇနလွင် သိကွာ ကျပါတယ်ကွာ၊ သူ့ခင်မင်မှုက ရိုးရိုးသားသားပါ”

စကားပြော မဆင်ခြင်သော မိုးကျော်စကားကြောင့် ထူးမြတ် ဘေးဘီဝဲယာကို မလုံမလဲ ကြည့်ပြီး ဟန့်လိုက်သည်။

“အေးပါကွာ ငါကလည်း မရိုးသားဘူးလို့ မပြောပါဘူး၊ ခုဟာ က ငါ့မျက်စိထဲမှာ မင်းတို့မျက်နှာလေးတွေက ငြိမ်းချမ်းအေးဆေးနေကြ လို့ ရုတ်တရက် အတွေးဝင်သွားမိတာပါ”

“ဒါဆိုလည်း နောက်မပြောနဲ့ကွာ၊ စည်းလေးဘာလေးစောင့်”

“အေး အေးပါကွာ”

ကိုယ့်အများနှင့်ကိုယ်မို့ ထူးမြတ် အပြစ်တင်စကားကို မျက်နှာ ငယ်ဖြင့် နာခံရှာသည်။

ထူးမြတ် လက်ထဲမှ စက္ကူပုံးကို ကွန်ပျူတာစားပွဲအောက်မှာ သိမ်းထားလိုက်သည်။

တန်ဖိုးရှိသောအရုပ်တွေကို သားလေးတွေ့လျှင် ဘယ်လောက် ပျော်လိမ့်မလဲ။

ဝင်ငွေနှင့်ထွက်ငွေ မျှတအောင် မနည်းသုံးနေရသောအခြေ အနေမို့ သားလေးအပေါ်မှာ လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းပေးနိုင် ခြင်းမရှိခဲ့၍ စိတ်မကောင်း။

မယုဇနလွင်ဆီမှရသော နိုင်ငံခြားဖြစ်အရုပ်တွေကိုမြင်ပြီး သား



www.burmeseclassic.com

www.burmeseclassic.com



လေး ပျော်နေမယ်ဆိုလျှင် မြတ်လေးရော ယုဇနလွင်ကို ကျေးဇူးမတင်ဘဲ နိုင်ပါ့မလား။

■ ■ ■

"မေမေရေ ဖေဖေ ပြန်လာပြီ၊ ဘာပုံးကြီး သယ်လာလဲမသိဘူး"

ထူးမြတ် လက်ထဲမှာ ကိုင်လာသော စက္ကူပုံးကြီးကိုမြင်ပြီး သား ရဂုံ သူ့အမေကို လှမ်း၍ သတင်းပို့သည်။

ဖခင်ပြန်လာချိန်ဆို အိမ်ပေါက်ဝတွင် အမြဲထွက်ကြိုလေ့ရှိသော သားကို တွေ့လိုက်ရ၍ တစ်နေ့တာပင်ပန်းသမျှတွေ ပြေပျောက်ကာ

"သား မေမေရော ဘာလုပ်နေလဲ၊ ဖေဖေ ပြန်လာတာတောင် ထွက်မကြိုဘူးကွာ"

"မေမေ ရေချိုးပြီး သနပ်ခါးလိမ်းနေတယ်၊ ဖေဖေ အဲဒီ ဘာပုံးကြီးလဲဟင်"

"သိချင်ရင် ဖွင့်ကြည့်ကြမယ်လေ သားရဲ့"

ပဟေဠိလုပ်လိုက်သဖြင့် သား ပို၍ စိတ်ဝင်စားသွားဟန်ဖြင့် ထူးမြတ်နားကပ်လာသည်။ ပုံးကို သေချာကြည့်သည်။

"ဖေဖေ့ရုံးက စာအုပ်တွေလား"

"မဟုတ်ဘူး"

"ဒါဆို မေမေသုံးဖို့ ဆပ်ပြာတွေလား"

"နိုး"





"ဒါဆိုရင် သြော် သိပြီ၊ သားစားဖို့ ခေါက်ဆွဲခြောက်ထုပ်တွေ ဟုတ်တယ်မဟုတ်လား"

ထင်ကြေးဖြင့် မှန်းပြောနေသော သားကိုကြည့်ပြီး ထူးမြတ် တဟားဟား အော်ရယ်လိုက်သည်။

တိတ်ဖြင့် သေချာစွာ ပါကင်လုပ်ထားသော စက္ကူပုံးကို ခွာလိုက်သည်။

"သားအဖတွေ ဘာတွေရယ်နေကြတာလဲ မောင်"

"မြတ်လေးသားက ဒီပုံထဲမှာ ဘာရှိမလဲဆိုပြီး ပဟေဠိကို အဖြေညှိနေလေရဲ့"

ရေချိုးပြီးစ သနပ်ခါးနံ့သင်းသင်းလေးနှင့် မြတ်လေးပန်း ထူးမြတ်နားမှာ ဝင်ထိုင်လိုက်ရင်းမေးသည်။

ထူးမြတ်စက္ကူပုံး အဖုံးကိုလှပ်လိုက်သည်။ သားလေးရဂုံထံမှ တအံ့တသြ အသံလေးထွက်လာသည်။

"ဝါး ကားအရုပ်တွေ စက်ရုပ်တွေရော ဟား ပါဝါရိန်းဂျားတွေရော ရထားတွေရော ဖေဖေ ဒါ ဝယ်လာတာလားဟင်"

ပျော်ရွှင်လိုက်မောသံလေးဖြင့် မေးလိုက်သော သား၏ပါးပြင်ကို ရွှတ်ခနဲ နမ်းရှိုက်လိုက်ပြီး

"ဖေဖေတို့ရုံးက မန်နေဂျာအန်တီလေးက သားသားဆော့ဖို့ ပေးလိုက်တာ အရုပ်တွေက အသစ်တွေမဟုတ်ပေမယ့် အသစ်နီးနီးကို ကောင်းသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



သားလေး စက္ကူပုံးထဲမှ အရုပ်တွေကို တစ်ရုပ်ပြီးတစ်ရုပ် ထုတ် ကြည့်ရင်း တော်တော်လေး ပျော်နေပုံရသည်။

"ဘယ်သူလဲ မောင် နောက်ရောက်တဲ့ မန်နေဂျာအသစ်ဆိုတာလား"

"ဟုတ်တယ် မြတ်လေးရဲ့ မောင်တို့အထက်လူကြီးဆိုပေမယ့် မောင်တို့ထက်တော့ ငယ်ပါတယ်၊ အရာရှိကလည်းဖြစ် ငွေကလည်းချမ်းသာ၊ မိဘအရှိန်အဝါကလည်းကြီးဆိုတော့ မာနကြီးမယ်ဆိုရင်တောင် ကြီးလောက်တယ်၊ ဒါပေမဲ့ သူက အဲလိုမဟုတ်ဘူး။ မောင်တို့ဝန်ထမ်းတွေ အပေါ်မှာ မိသားစုလိုသဘောထား ဆက်ဆံတယ်၊ ပါဝါတွေ အာဏာတွေ မသုံးဘူး။ ခုလည်း မောင့်မှာ သားလေးတစ်ယောက်ရှိတယ်ဆိုတာ သိပြီး သူ့တူလေးရဲ့အရုပ်တွေကို ယူလာပေးတာကွ"

ထူးမြတ် ပြောနေတာတွေကို မြတ်လေးပြုံး၍ နားထောင်နေသည်။

"ဒီလောက် သဘောကောင်းရင်တော့ ရုပ်ကလေးကလည်း ချောမှာပဲနော် မောင်"

"ဟင် အင်း မဆိုးပါဘူး ယဉ်ယဉ်လေးနဲ့ တည်တည်ငြိမ်ငြိမ် လှတယ်၊ သူ့မျက်နှာပေါ်မှာ မေတ္တာတရားတွေ ပြည့်နှက်နေတယ်"

မိန်းမတစ်ယောက်၏အလှနှင့်စိတ်ဓာတ်ကို စာဖွဲ့ပြနေသော ထူးမြတ်ကို မြတ်လေး အကဲခတ်ကြည့်လိုက်သည်။

ဘာမှတော့ ထပ်မပြောတော့။ သားဘက်ကိုလှည့်ကာ





"သားလေး အရုပ်တွေက အကောင်းစားတွေမို့ မပျက်စီးအောင် ရှိရှိသေသေ ကိုင်ရမှာနော်"

"ဟုတ်ကဲ့ မေမေ"

"ကဲ မောင် ဒီနေ့ ထမင်းစားမှာလား"

အငေါ့တူးလေးဖြင့် မေးလိုက်သည်။

"ဟာ စားမှာပေါ့ မြတ်လေးရယ်၊ မောင် ဗိုက်တွေအရမ်းဆာ နေတယ်ကွ"

"ဒါဆို ထ ရေချိုး"

"အင်းပါ ချိုးမှာပေါ့ မြတ်လေးရော ခုမှရေချိုးပြီးတာလား"

"ဟုတ်တယ် မောင်"

"ညနေစောင်း ရေမချိုးပါနဲ့ကွာ၊ ရေချိုးချိန်က မနက်ပိုင်းဆို ဆေး ညနေပိုင်းဆို ဘေးဖြစ်တယ်ကွ၊ အဆစ်အမြစ်ကိုက်တဲ့ရောဂါတွေက မြတ်လေးတို့ မိန်းမတွေဆီမှာပဲ ရှိလို့ အတတ်နိုင်ဆုံး ဂရုစိုက်ပါကွာ"

"အင်းပါ မောင်ရယ် ထပါတော့ သွား ရေမြန်မြန်ချိုး"

အစိုးရိမ်လွန်နေသော မောင့်ကို မြတ်လေး အတင်းဆွဲထူပြီး ရေချိုးခိုင်းရသည်။

မောင်က မြတ်လေးပန်းကို အဲဒီလောက်ထိ ဂရုစိုက်သူပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မြတ်လေး မေမေ နေမကောင်းဘူးတဲ့"

"ဟင် ဟုတ်လား ဘာဖြစ်တာတဲ့လဲ မောင်"

"နှလုံး သွေးတိုး ဆီးချိုတဲ့"

"ဩော် သွေမျိုးရောဂါတွေပဲ အမေက အသက်ကြီးတော့ ခံနိုင်ရည်ရှိပါ့မလား မောင်"

ယောက္ခမ၏ကျန်းမာရေးအခြေအနေက အရင်ကထက်ပိုဆိုးရွားနေသည်ဆိုတာ မြတ်လေး သိပေမယ့် ကိုယ်ငွေကြေးမထောက်ပံ့နိုင်တော့ သိပ်ပြီးတော့ မရောက်ဖြစ်။ အဝေးကနေပဲ ဖုန်းနှင့်လှမ်းသတင်းမေးဖြစ်သည်။

"အဲဒီရောဂါအပြင် နောက်တစ်မျိုး ထပ်တိုးနေပြန်ပြီတဲ့၊ အစာအိမ်ဆိုလားပဲ၊ မောင့်ကို ကိုကြီး ဖုန်းဆက်တယ်၊ မေမေ့ရောဂါကိုကုဖို့ သားသမီးတွေက ဝေပုံကျထည့်ရမယ်တဲ့၊ အဲဒါ မြတ်လေးမှာ ဘယ်





လောက်ရှိလဲ"

"မြတ်လေးမှာ ဘယ်ရှိမလဲ မောင်၊ ရှိလည်း တစ်သောင်း နှစ်သောင်းပေါ့၊ အဲဒီတစ်သောင်း နှစ်သောင်းနဲ့ မောင့်အမေ ဆေးကုစရိတ်ပေးလို့ ဖြစ်မယ်ဆိုရင်တော့ ပေးလိုက်ပေါ့မောင်"

ထူးမြတ် တွေသွားသည်။

"ကိုကြီးက တစ်သိန်းလောက်စိုက်နိုင်းတာ မြတ်လေးရဲ့"

မြတ်လေးပန်း သက်မကို ခပ်ဖွဖွ ချရင်း

"ရှိမှမရှိတာ ဘာတတ်နိုင်မလဲ မောင်ရယ်၊ မောင့်အစ်ကိုတွေကို နားလည်အောင်ပြောပြလိုက်ပေါ့၊ မိဘကိုမသိတတ်လို့ မပေးတာမှ မဟုတ်တာ"

"မောင့်အစ်ကိုတွေက ရှောဂူပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တဲ့လူစားမျိုးတွေဆိုတော့ မောင် ဘယ်လိုလုပ်ရမှန်း မသိတော့ပါဘူးကွာ".

အမေ့အတွက် ငွေအလုံအလောက် မပေးနိုင်၍ သောကပွေနေရသော ထူးမြတ်ကိုကြည့်ပြီး မြတ်လေးပန်းပါ ရောပြီး စိတ်ညစ်ရသည်။ မြတ်လေး ဘာလုပ်ပေးနိုင်မလဲ၊ အခက်အခဲကို ဖြေရှင်းပေးနိုင်မည့်နည်းလမ်းကို အပြေးအလွှား စဉ်းစားလိုက်သည်။

"ဩော် မြတ်လေး အကြံတစ်ခုရပြီ"

"ဟင် ဘာအကြံလဲ"

"မြတ်လေးရဲ့လက်စွပ်ကို ရောင်းပြီး ပေးလိုက်ရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဖြစ်နိုင်တာ မြတ်လေး ဝတ်ချင်လွန်းလို့ စီးကွင့်ထိုးတဲ့ ငွေလေးတွေကိုစုစုပြီး လုပ်ထားရတဲ့ဟာ မောင်ကတောင် မဆင်နိုင်ဘဲ မောင့်အမေအတွက် ဒီလက်စွပ်ကို ယူရောင်းရမယ်ဆိုရင် မောင် တရားပါ့မလား"

ထူးမြတ် ခါးခါးသီးသီး ငြင်းလိုက်သည်။

"ဩော် မောင်ရယ် ဒီလက်စွပ် မဝတ်ရတော့လည်း ဘာအရေးလဲ၊ မရှိဝမ်းစာ ရှိတန်ဆာပဲ၊ အခုကက မောင့်အမေအတွက် ဆေးကုစရိတ် လုံလုံလောက်လောက် ထောက်ပံ့နိုင်ဖို့ အဓိကမဟုတ်လား"

သား ကျန်းမာရေးအတွက်လိုအပ်လျှင် ထုခွဲရောင်းချပြီး ဆေးကုစရိတ်လုပ်မည်ဟူသော ရည်ရွယ်ချက်သည် ယခုတော့ ယောက္ခမအတွက် ဖြစ်သွားရသည်။ ဘယ်လိုပဲဖြစ်ဖြစ် မောင့်အမေဟာလည်း မြတ်လေးအမေပဲမို့ မြတ်လေး လုပ်ပေးနိုင်သည့်အပိုင်းက ဝင်၍ လုပ်ပေးရမည်ပင်။

"နေပါစေ မြတ်လေးရယ်"

ထူးမြတ် လက်ခံရမှာ စိတ်မရှင်း။ ကိုယ်က အိမ်ထောင်ဦးစီးပဲ။ ကြုံလာသမျှ ဖြစ်လာသမျှ အခက်အခဲကို ကိုယ်က ဦးဆောင်ဖြေရှင်းရမှာ ကိုယ့်အပိုင်းပဲ။ နောက်ပြီး ကိုယ့်မိဘအရေးလေ။

မြတ်လေး အစီအစဉ်ကို လက်မခံသည့်သဘောဖြင့် မြတ်လေးရှေ့မှ ထွက်ခဲ့လိုက်သည်။

■ ■ ■



အခန်း (၈)

ရွှေဆိုင်ရှေ့ ကားမှတ်တိုင်မှာ ရပ်စောင့်နေရင်း ၃၄ အထူးကား ရောက်လာသဖြင့် မြတ်လေး ပိုက်ဆံအိတ်ကို အသက်နှင့်လဲ၍ ကာကွယ်ည်ဟူသောစိတ်ဓာတ်ဖြင့် ကားပေါ်ကို တက်ခဲ့လိုက်သည်။

"အစ်မ ဟောဟိုမှာ နေရာလွတ်ရှိတယ်"

စပါယ်ယာ ညွှန်ပြသော ထိုင်ခုံကို ကားမထွက်ခင် ခပ်သွက်သွက်လေး ဝင်ဦးလိုက်သည်။

တော်ပါသေးရဲ့ မတ်တပ်ရပ်မစီးရလို့။ ပိုက်ဆံထုပ် ဂရုစိုက်ရမလိုတော့ဘူးဟု စိတ်ထဲမှာ ဘဝင်ကျစွာ တွေးလိုက်သည်။ ယောက္ခမကိုဆေးကုစရိတ်မျှပေးဖို့အတွက် မောင်မသိအောင် ရွှေဆိုင်သို့ လာရောင်းခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုတန်းမပြန်ဘဲ ယောက္ခမအိမ် အရင်ဝင်လိုက်ပြီး သတင်း လည်းမေးရင်း ငွေလည်းထောက်ပံ့ရင်းပေါ့။

ကိုယ့်အတွေးနှင့်ကိုယ် ကားပေါ်မှာ လိုက်လာရင်း မှတ်တိုင် တစ်ခုအရောက် မြတ်လေးကို ဖက်ထုပ်ဖိုးရှင်းပေးခဲ့ဖူးသော လူတက်လာ၏။

ယခင်အခေါက် မြင်တွေ့ခဲ့ရသလို သူ့ပုံစံသည် ရှင်းသန့်ချော မောနေဆဲ။

ကားက ခရီးသည်တွေ တဖြည်းဖြည်းများလာသည်နှင့်အမျှ အားလုံးမတ်တတ်ရပ်စီးကြရသည်။ ကံကောင်းလျှင်သာ ထိုင်ခုံမှ ခရီး သည် ထသွားမှ နေရာရသည်။

မြတ်လေး သူ့ကို နှုတ်ဆက်ဖို့ ဟန်ပြင်လိုက်သည်။ လူတွေကြပ် နေသည့်မို့ ကိုယ့်အသံကို ကြားပါ့မလား။ မကြားလျှင် အူကြောင်ကြောင် နိုင်သွားမှာလည်းဆိုးသည်။

ထို့ကြောင့် သူအနားကို တဖြည်းဖြည်း တိုးလာမှ နှုတ်ဆက် တော့မည်ဟု တွေးကာ ထိုလူ့ကိုမကြာ မကြာ ကြည့်နေမိသည်။

သူ့လက်ထဲတွင် ကြွပ်ကြွပ်အိတ်အမည်းနှင့် အထုပ်တစ်ထုပ် ကိုင်ထားသည်။ သူ့ပုံစံက လူကြပ်လွန်းသောကြောင့် ကားစီးရတာ စိတ်ပျက်နေသည့်ပုံပင်။

ကားတစ်ချက် ဘရိတ်အုပ်လိုက်တိုင်း သူ့ဘေးမှ အမျိုးသမီး ကို တိုးမိနေ၍ ထိုအမျိုးသမီးကိုလည်း အားနာနေပုံရသည်။





"ဟင် ဘုရားရေ"

ထိုလူ့ကိုအကဲခတ်နေရင်းမှ ဘေးမှအမျိုးသမီး၏တင်ပါးကို မသိမသာ ပွတ်နေသော လက်တစ်ဖက်ကို ဖြုန်းခနဲ မြင်လိုက်ရသဖြင့် မြတ်လေးပင် ခပ်တိုးတိုး ဘုရားတမိသည်။

အသားညိုပုံရသော လက်တစ်ဖက်ရှိ လက်ချောင်းတွင် နဂါး ခေါင်းသဏ္ဍာန် အုပ်ဖိုလက်စွပ်ကို လက်သူကြွယ်တွင် ဝတ်ထားသည်ကို သတိထားမိပြီး လက်ခုံတွင် မြင့်ဟူသော စာလုံးကို ဆေးမင်ကြောင်ထိုး ထားသည်။

တင်ပါးအပွတ်ခံနေရသော အမျိုးသမီးမှာ လက်ပိုင်ရှင်ကို မြတ် လေး သတိထားကြည့်နေသော ခပ်ချောချောလူ၏လက်ချက်ဟု ထင်ပုံ ရသည့်ဟန်ဖြင့် နောက်ကို မကြာမကြာ လှည့်ကြည့်ကာ အံတကြိတ် ကြိတ်။

မြတ်လေး တွေ့နေရပေမယ့် ကိုယ်နှင့်မဆိုင်ဘဲ ဝင်ပြောလျှင် မလိုအပ်ဘဲ ပြဿနာတက်မှာကို ကြောက်သည်။

ထို့ကြောင့် မသိမသာ အကဲခတ်ရုံကလွဲပြီး ငြိမ်နေရသည်။

"ဒီမှာ ရှင် မိုက်ရိုင်းလှချည်လား၊ နှမချင်းကိုယ်ချင်းစာစိတ် နည်းနည်းတောင် မရှိဘူးလား"

အမျိုးသမီး သည်းခံနိုင်ပုံမရတော့သဖြင့် ကိုလူချောကိုတောင် ရှပ်စွဲတော့၏။

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုဒဲ့ကြည့်ပြီး ရင့်သီးစွာ ပြောလာသောအခါ ကိုလူချော တော်တော်လေး အူကြောင်ကြောင်နိုင်သောအကြည့်ဖြင့် မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ ထိုအမျိုးသမီးကို ငုံ့ကြည့်သည်။

"ဘာဗျာလဲ ရှင့်လက်က ကျွန်မတင်ပါးကို ဘာလို့ ပွတ်နေတာလဲ"

အမျိုးသမီးစကားကြောင့် တင်ပါးကိုပွတ်နေသော လက်တစ်ဖက် ဖျတ်ခနဲ ရုတ်သွားသည်။ တော်တော်လည်သည့် လက်ဗီလိန်ပင် ဖြစ်သည်။

"ဒီမှာ ခင် ခင်ဗျား ဘာတွေလာပြောနေတာလဲ ကျွန်တော် ခင်ဗျားကို ဘာမှမလုပ်ဘူး"

"သူခိုးက ခိုးတယ်လို့ ပြောမလား၊ ကျွန်မက ရှင့်ရှေ့မှာ ရှိနေတာလေ၊ ရှင်မပွတ်လို့ ဘယ်သူပွတ်မတုံး၊ ရုပ်ကလေး သနားကမား နဲ့ အကျင့်က လုံးဝမကောင်းဘူး၊ မနေနိုင်ရင်လည်း ကိုယ့်တင်ပါးကိုယ် ပြန်ပွတ် ဒါမှမဟုတ် ကိုယ့်မိန်းမကိုယ်ပြန်ပွတ်"

"ဟာ ကျွန်တော် လူပျိုဗျ၊ ဘယ်ကမိန်းမရှိရမှာလဲ၊ ခင်ဗျား ကိုလည်း ကျွန်တော် မပွတ်ဘူး၊ ဒီမှာ ကျုပ်ငါးကလေး နေမကောင်းလို့ သောကဖြစ်နေရတဲ့ကြားထဲမှာဗျာ"

ကိုလူချော ရှက်ရှက်နှင့် ပါးစပ်ထဲတွေ့ကရာ ပြန်ပြောပြီး သူ့ကို အများသူငှာ အထင်မသေးအောင် ရှင်းပြရှာသည်။

မြတ်လေး ဒီအတိုင်းကြည့်မနေနိုင်တော့။ အမှန်တရားရှိနေရဲ့





သားနှင့် ကိုယ်လည်း သိနေရဲ့သားနှင့် တစ်ဖက်သား စွပ်စွဲခံနေရတာကို ဘယ်လိုစိတ်မျိုးနှင့်မှ ငြိမ်မခံနိုင်။ ဖြစ်ချင်ရာဖြစ်ဆိုပြီး အမှန်တရားကို ဖော်ထုတ်ပေးချင်သော စိတ်ကို ရဲဆေးတင်လိုက်ပြီး

"ဒီမှာ အစ်မ ရှင့်တင်ပါးကို ပွတ်တာ သူမဟုတ်ဘူး"

"အို သူမဟုတ်ရင် ဘယ်သူလဲ ညီမ မြင်လို့လား"

"မြင်တယ် ဟော ဟိုရှင့်ဘေးက အသားမည်းမည်း အရပ်ပုပုနဲ့လူ"

မြတ်လေး လက်ညှိုးထိုးခံရသောလူမှာ ထိုမိန်းမဘေးမှနေပြီး ကိုယ်ကို ကိုင်းလာကာ

"ဟေ့ ဘာလို့ ငါဖြစ်ရမှာလဲ၊ အလွတ်ကြီး ရမ်းမပြောနဲ့"

"ရမ်းမပြောဘူး၊ ကျွန်မမျက်စိနဲ့တပ်အပ်ကိုမြင်တာ၊ ဒီအစ်မ တင်ပါးကို ပွတ်တဲ့လူရဲ့လက်က အသားမည်းတယ်၊ သူ့လက်မှာ နဂါးပုံစံ ရွှေလက်စွပ် ဝတ်ထားတယ်၊ လက်ခုံမှာ မြင့်ဆိုတဲ့ဆေးမင်ကြောင်စာလုံး ပါတယ်"

ခရီးသည်တွေအားလုံးရော စပါယ်ယာပါ ပိုင်ပိုင်နိုင်နိုင် ရှင်းပြနေသော မြတ်လေးကို အထင်ကြီး လေးစားစိတ်ဖြင့် ကြည့်နေကြသည်။ ထိုလူ့လက်ကိုလည်း အတင်းလိုက်ကြည့်ကြသည်။

ထိုလူ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။ သူ ငြင်း၍ လုံးမရ တော့သဖြင့် မျက်စိမျက်နှာလည်း ပျက်နေသည်။

"မဟုတ်တာမပြောနဲ့နော် ကောင်မ ငါက အဲလိုတယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး''

''ပါးစပ်နဲ့ငြင်းနေလို့ရမလား။ ရှင်မဟုတ်ဘူးဆိုရင် ရှင့်လက်ကို ဒီအစ်မမြင်အောင်ရော ခရီးသည်တွေမြင်အောင်ပါ ပြလိုက်လေ''

''ဟင်''

''ဟုတ်တယ် ခင်ဗျား မဟုတ်ဘူးဆိုရင် ခင်ဗျားလက်ပြ ကျွန်တော်ကတော့ ဒီအစ်မကြီးတင်ပါးပွတ်ဖို့နေနေသာသာ လက်နှစ်ဖက်လုံး မအားတာ ခင်ဗျားအမြင်ပဲ''

ကိုလူချော အားတက်သွားပုံဖြင့် ဝင်ပြောသည်။

ခရီးသည်တချို့ကလည်း ကိုလူချောကိုကြည့်လိုက် ထိုဂျပုကို ကြည့်လိုက်နှင့် တရားခံဘယ်သူဆိုတာ ရိပ်မိနေပုံလည်း ရသည်။

ခရီးသည်ထဲမှ အချို့က

''ဒါဆို ခင်ဗျား လက်ပြ''

ဘေးမှ လူရွယ်က ထိုဂျပု၏လက်ကို ဖိုးဖိုးဖတ်ဖတ် ယူကြည့်လိုက်သည်။ ထိုဂျပု ရုန်းချိန်ပင် မရလိုက်။

''ဟာ ဟုတ်တယ် ဟိုအစ်မမြင်တာ မှန်တယ်၊ ဒီအစ်မကြီး ဖင်ကိုပွတ်တာ ဒီလူကြီးဗျ ဒီလူကြီး''

''ဟယ် ယုတ်မာတယ်''

''ဒီလို နှာဘူးတွေကို ပြင်းပြင်းထန်ထန် ပုဒ်မတပ်အရေးယူဖို့ ငါ့ဦးလေးသူငယ်ချင်း လွှတ်တော်အမတ်ကို ပြောပြရမယ်''

ကောင်မလေးတစ်ယောက်က ထိုသို့ပြောပြီး သူ့ဖုန်းကိုထုတ်





ကာ ထိုဂျပုကို ဓာတ်ပုံမသိမသာ ရိုက်လိုက်ပြီး သူ့ဘေးမှ အဖော်ကို ခပ်တိုးတိုးဖြင့်

''အဟီး ဒီလူယုတ်မာကို ကြံ့ဖွံ့တုန်း ဖေ့စ်ဘွတ်ပေါ် တင်ရမယ်၊ ကားပေါ်မှာ အမျိုးသမီးဖင်ကို အရသာခံပြီး ပွတ်တဲ့သူဆိုပြီးတော့လေ''

''ဟေ့လူ ခင်ဗျား ဆင်း ခုဆင်းလိုက်တော့ ခင်ဗျားတို့လို နှာဘူးတွေရှိနေလေလေ ကိုယ်ပိုင်ကားမစီးနိုင်လို့ လိုင်းကားစီးတဲ့အမျိုးသမီးတွေအတွက် အရှက်သိက္ခာလုံခြုံဖို့ ဒီလိုယောကျ်ားမျိုး ကျုပ်တို့ကားပေါ် အလေးခံပြီး မတင်ဘူး''

စပါယ်ယာ လူကြားထဲ အတင်းတိုးဝင်ကာ ဂျပုကို အတင်း ကားပေါ်မှ ဆွဲချဖို့ ဂုတ်ကိုဆွဲသည်။

ကိုလူချောမှာ ရှက်လွန်း၍လားမသိ မျက်နှာကြီးငုံ့ကာ ကားပေါ်မှ ဆင်းချသွားတော့သည်။ မြတ်လေး လိုက်ကြည့်လိုက်သည်။ ထိုလူမှာ ကားအောက်ရောက်မှ မြတ်လေးကို ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်သွားသည်။

ဘာပဲဖြစ်ဖြစ် ဒီနေ့ မြတ်လေး၏တစ်နေ့တာလုပ်ငန်းစဉ်တွေအားလုံးသည် အကောင်းဆုံး လုပ်ဆောင်ချက်တွေဖြစ်သည်မှာ အမှန်ဟု တွေးပြီး ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေမိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"အမေ နေသာရဲ့လားဟင်"

ယောက္ခမဖြစ်သူကို နေကောင်းရဲ့လားဟု မမေးရက်။ သူ့ပုံစံက ဝေဒနာကြောင့် မျက်နှာမှာ ညှိုးလျော်နေသည်။ ထို့ကြောင့် နေသာရဲ့လားဟုပင် မေးလိုက်ခြင်း ဖြစ်သည်။

"ဒီနေ့တော့ ငါ့သမီးမျက်နှာမြင်ရမှာမို့လား မသိဘူး နည်းနည်းသက်သာတယ်၊ သမီးရဲ့ ဘယ်ကလှည့်လာတာလဲ သားနဲ့မြေးလေးရော"

"မောင်က ရုံးတက်ရတယ်လေ၊ အမေ့မြေးက ကျောင်းသွားတယ်၊ သူ့ကိုကျောင်းပို့ပြီး မြတ်လေး အမေ့ဆီ ထွက်လာတာ အမေရဲ့"

"အမေ့မြေးလေးကိုတောင် မတွေ့တာ ကြာပြီကွယ်၊ ဟိုတစ်လောက နေမကောင်းဘူးလို့ သတင်းကြားလိုက်တယ်၊ ကလေးက နှလုံးရောဂါဆို"





"ဆရာဝန်တွေကတော့ Echo ဆွဲရိုင်းပြီး နှလုံးပေါက်ကျယ်တယ်လို့တော့ ပြောတယ် အမေ၊ ဒါပေမဲ့ ခုတော့ နည်းနည်းသက်သာနေပါပြီ"

"အမလေး ငယ်ငယ်ရွယ်ရွယ်နဲ့ ရောဂါနဲ့မမျှပါလားအေ၊ ကြားရတာ ရင်ထဲမချိလိုက်တာ၊ အမေ့မြေးလေးဖြစ်မယ့်ရောဂါ အမေပဲအကုန်ယူပြီး ယူလို့ရရင် ယူပါတယ်အေ၊ အမေက သေမယ်ဆို သေသင့်နေပြီကွဲ့၊ အမေ့ကြောင့် သားသမီးတွေ ဝန်ထုပ်ဝန်ပိုး ဖြစ်နေကြတာကိုက အမေ့ရင်ထဲမှာနည်းနည်းလေးမှကို မကောင်းဘူး"

ယောက္ခမကြီး ချွေးမကြည်ဖြူအောင် မျက်ရည်လေး ဝဲတဲဝဲတဲနှင့် ပြောရှာ၏။ မြတ်လေး အမေ့လက်ကို တယုတယဆုပ်ကိုင်ကာ

"အမေရယ် စိတ်မကောင်း မဖြစ်ပါနဲ့၊ ဒီခေတ်ကြီးက ဆေးဝါးကောင်းကောင်းတွေ ပေါ်ထွက်နေပြီပဲ၊ ဘယ်ရောဂါမဆို အနာသိရင် ဆေးရှိပါတယ်"

"ဒါတော့ ဒါပေါ့ သမီးရယ်၊ ဒါပေမဲ့ အမေ့မြေးလေးက ငယ်သေးတယ်လေ အတတ်နိုင်ဆုံး ဂရုစိုက်ပေးပါ သမီးရယ်"

"ခုလည်း အမေ့မြေးက ဒေါင်ဒေါင်ကိုမြည်နေတာပါပဲ အမေရယ်၊ ဘာမှမစိုးရိမ်ပါနဲ့၊ အမေသာ အမေ့ကျန်းမာရေးကို ဂရုစိုက်ပါနော်"

"စိုက်ပါတယ် သမီးရယ်၊ ဒါပေမဲ့ ဘယ်လောက်စိုက်စိုက် သေခြင်းတရားကိုတော့ အမေ မလွဲမသွေ ရင်ဆိုင်ရမှာပါပဲ၊ လူဆိုတာ သေဖို့အချိန်ကို ထမင်းစားရင်း ကိုယ်လုပ်ချင်တာတွေလုပ်နေကြရင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်စောင့်နေကြရတာမဟုတ်လား၊ ကိုယ်ပြုခဲ့တဲ့ကံကြောင့် ကိုယ်ဘယ်လိုပုံစံနဲ့ သေရမလဲ၊ ပြုံးပြီးသေရမလား၊ မဲ့ပြီးသေရမလား အဲဒီမှာတင်ကိုယ် ဘယ်လောက်ထိ ကောင်းတာတွေလုပ်ခဲ့တယ်၊ ဘယ်လောက်အတိုင်းအတာအထိ ဆိုးတာတွေ လုပ်ခဲ့တယ်ဆိုတဲ့ အဖြေက ထွက်နေပါပြီ၊ အမေကတော့ ပြုံးပြီး သေချင်တယ် သမီးရယ်''

တရားသဘောနှင့်ယှဉ်၍ ပြောနေသော ယောက္ခမကိုကြည့်ပြီး မြတ်လေး စိတ်မကောင်း။

ဖြေသိမ့်စရာ စကားလုံးကောင်းကောင်းလည်း ရှာမတွေ့။

ဘာပဲဖြစ်ဖြစ် မသေခင်မှာ ကိုယ်တတ်နိုင်သလောက် ထောက်ပံ့လိုက်တာကပဲ လုပ်သင့်လုပ်ထိုက်သည့် အကောင်းဆုံးအလုပ်ဟု စိတ်ထဲမှ ပီတိဖြင့် လိုရာဆွဲတွေးလိုက်သည်။

''အမေက သားသမီးတွေအပေါ်မှာလည်း တာဝန်ကျေပွန်တဲ့ မိခင်ကောင်းတစ်ယောက်၊ မြတ်လေးတို့ချွေးမတွေအပေါ်လည်း သမီးအရင်းလို ချစ်တော့ အမေက ပြုံးမှာပါ အမေရဲ့၊ သီလကောင်းရင် အမေ အသက်တစ်ရာကျော်လောက်ထိ နေရမှာ''

ယောက္ခမဖြစ်သူခေါင်းတညိတ်ညိတ်နှင့် ဘာမှတော့ ပြန်မပြောတော့။

''ရော့ အမေ ဒါ အမေ့ဆေးကုစရိတ် မြတ်လေးတို့ နိုင်သလောက်လေး လာပေးတာပါ အမေ''

တစ်သိန်းအုပ်တစ်အုပ်ကို အမေ့လက်ထဲကို ထည့်ပေးလိုက်





သည်။

''အို သမီးရယ် အမေ မယူပါရစေနဲ့၊ အမေ့မှာ လောက်ငပါတယ်''

''မြတ်လေးတို့ ချွေးနည်းစာနဲ့ပေးတဲ့ပိုက်ဆံမို့ ယူပါ အမေရယ် အမေယူမှ မြတ်လေးရော မောင်ရော မိဘကျေးဇူးကို တစ်ပိုင်တစ်နိုင်ဆပ်ခွင့်ရမှာပါ၊ မငြင်းပါနဲ့နော် အမေ''

''အေးပါကွယ် သာဓုပါ သာဓုပါ မိဘကျေးဇူးတရားကို အထူးသိတတ်တဲ့ သားသမီးတွေမို့ စိတ်သွားတိုင်းကိုယ်ပါကြပါစေကွယ်၊ အဆင်မပြေမှုတွေကလွှတ်မြောက်ပြီး သုခချမ်းသာတွေနဲ့ ပြီးပြည့်စုံကြပါစေ''

အမေ့ ဆုပေးသံအဆုံး ပေးတဲ့ဆုနဲ့ပြည့်ပါစေဟု ခပ်တိုးတိုး ဆုတောင်းလိုက်သည်။

တကယ်လည်း ပြည့်ချင်ပါတယ် အမေရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဘာ မြတ်လေး အမေ့အိမ်သွားပြီး တစ်သိန်းပေးလိုက်ပြီ ဟုတ်လား"

ထူးမြတ် တော်တော်လေး စိတ်မကောင်းဖြစ်သွားသည့်ပုံစံဖြင့် အလောတကြီး မေးလိုက်သည်။

"ဟုတ်တယ် မောင်၊ မြတ်လေးတို့ အဲလိုမှ မပေးရင် မောင်ရော မြတ်လေးရော မိဘအပေါ် တာဝန်မကျေရာ ကျသွားမှာပေါ့"

"ဒါ မောင့်ကိစ္စလေ မောင်ကြည့်ပြီး ဖြေရှင်းမှာပေါ့ မြတ်လေးရဲ့ ဒီလက်စွပ်က မောင် ဆင်ပေးတဲ့လက်စွပ်ဆိုရင်တော့ ထားတော့၊ ခုဟာက မြတ်လေး ခါးချိမတတ် စီးကွင့်ထိုးပြီး ရလာတဲ့ချွေးနည်းစာနဲ့ လုပ်ထားတဲ့ပစ္စည်းလေးပါ၊ မောင် တော်တော်အသုံးမကျတာပဲကွာ"

သူ့ကိုယ်သူသာ အပြစ်တင်နေသော မောင့်ပခုံးမှာ ချွေးသိပ်သည့်အမူဖြင့် မှီတွယ်လိုက်ပြီး





"မောင်ကလည်းကွာ ဘာလို့ အရှည်ကြီး ဖြန့်ပြီးတွေးနေတာလဲ၊ အဓိကက အခက်အခဲတစ်ခုကို ဖြေရှင်းသွားနိုင်ဖို့ပဲ မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် မောင့်အစ်ကိုတွေ မောင့်ကိုအပြစ်ပြောလို့ မရတော့ဘူး၊ မြလေးက လက်စွပ်မဝတ်ရ ဘာအရေးလဲ၊ ရွှေသိပ်မက်တဲ့သူမှမဟုတ်တာ"

မောင် စိတ်ဖြေလို့ရအောင် ချွေးသိပ်နေရပေမယ့် မြတ်လေးလည်း မြတ်လေးလက်စွပ်ကလေးကို နှမြောတာပေါ့။ ဒါပေမဲ့ ကံစီမံရာအတိုင်းပဲလေ။ ဘာတတ်နိုင်မှာမို့လဲ။ အရှုံးထဲက အမြတ်ကို ပြန်တွက်ရမှာက မြတ်လေးရော မောင်ရော တာဝန်တစ်ခုကို ကျေပွန်စွာ ထမ်းဆောင်လိုက်နိုင်ပြီဆိုတာပါပဲ။

မျက်နှာပေါ်မှ နှမြောသည့်အရိပ်ကို မောင် မမြင်ဖို့ အကြည့်တွေကို စက်ရုပ်တွေနှင့်ဆော့ကစားနေသော သားလေးဆီသို့ ပို့ထားလိုက်သည်။

သားလေးကတော့ မိဘတွေ၏အခက်အခဲကို ဘာမှမသိရှာ။ မသိတာလည်း ကောင်းပါတယ်လေ။

မြတ်လေး မျက်နှာမကောင်းဖြစ်နေသည်ကို ထူးမြတ်ကြည့်ပြီး သက်ပြင်းမောကို ဟင်းခနဲ ချလိုက်သည်။

အင်းလေ သူ အမြတ်တနိုး ဝတ်ထားတဲ့ပစ္စည်းမို့ နှမြောမှာပေါ့။

■ ■ ■

www.burmeseclassic.com



ဒီနေ့ ယုဇနလွင်၏မွေးနေ့မှ ရုံးအဖွဲ့သားတွေထဲမှ အခင်မင်အရင်းနှီးရဆုံးသော ဝန်ထမ်းအချို့ကို My Garden တွင်လိုက်၍ကျွေးခဲ့သည်။

အားလုံး ယုဇနလွင်နှင့်အတူ ပြုံးပျော်နေကြသည်။

"မန်နေဂျာကြီး မွေးနေ့မှသည် နောင်နှစ်ပေါင်းတစ်ရာအတွင်း ကိုယ့်ကို အရှုးအမူးချစ်ခင် စွဲလမ်းပြီး ယောက်ျားပီသ ချောမောလှပသည့် အမျိုးကောင်းသားတစ်ယောက်နှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေ"

"ဝေး တေး"

"နှစ်ပေါင်းတစ်ရာအတွင်း ပျော်ရွှင်ရင်ခုန်ဖို့အတွက် သတို့သားလောင်းလေးကို ဒီနှစ်အတွင်း ရှာဖွေတွေ့ရှိနိုင်ပါစေ"

"ကမ်းဘော့"

"ချီးယားစ်"

"ဝါးမယ် စားမယ် ဒီည ဗိုက်ကွဲမထွက်မချင်း မပြန်ဘူးနော် ဂျာကြီး"

"ရတယ် ရှင်တို့စားနိုင်သလောက် စားကြ ရှင်တို့တွေကို အခကျွေးမှာမို့ ကျွန်မ အိမ်ကနေ ငွေအလုံအလောက်ပါပါတယ်"

ယုဇနလွင် သူ၏လည်သာစလင်းဘတ်အိတ်ကို ပုတ်ပြသည်။

"ဂျာကြီး ထူးမြတ်က အိမ်တောင် ပါဆယ်သယ်သွားဦးမတဲ့ ဗျ"

မိုးကျော် စပြီးနောက်ပြီ။





"ဟာ ပျော့ကောင် မင်း ဆေးမထိုးနဲ့လေ၊ ငါ ဘယ်မှာပြောလို့လဲ မင်းသာ စားစရာတွေ မကုန်ရင် အိမ်ကိုထုတ်သွားမယ်လို့ ပြောနေတာ"

"မိုးကျော် နင် တော်တော် လောဘကြီးပါလားဟယ်၊ လူကြည့်တော့ ဘာမှမစားထားသလို ပိန်လှီနေပြီးတော့"

ငွေစာရင်းဌာနမှ မကြည်ပြာ မိုးကျော်ကို ဝွင်ကြဲ့တုန်း ဝင်၍ဆေးထပ်ထိုးသည်။

"ဟာ အပျိုကြီး ဆေးမထိုးနဲ့နော်၊ ကျွန်တော် ပြန်ထိုးရင် အားလားလား ကြောက်ပါပြီလို့ မအော်နဲ့"

"အယ်"

"ဟဲ ဘာထိုးမှာလဲ ဘာနဲ့ထိုးမှာလဲ"

"လက်ညှိုးနဲ့ထိုးမှာ"

"ဟယ် မင်းလက်ညှိုးက သေးသေးလေး အားလို့အော်မှာမဟုတ်ဘူး ဂလိထိုးတယ်ထင်ပြီး ရယ်မှာ"

"ဟယ် အောင်ဇော် မသာခြောက် စကားကို အနှောင့်အသွားထွတ်အောင် ပြောစမ်းပါဟယ်၊ ဒါ ကုလုံထန်တွေသာထိုင်နိုင်တဲ့ My Garden နော်၊ နင်တို့ရပ်ကွက်ထဲက ကိုတုတ်ကြီး ခေါက်ဆွဲကြော်ဆိုင်မဟုတ်ဘူး။ 'စ'တယ်နဲ့နေ၊ ပွဲမဝိုးဘူးထင်ရင် အပေါက်ဝမှာ ငုတ်တုတ်ထိုင်ပြီး ထွက်နေလိုက်"

အချောင် ဆေးဝင်ထိုးသော အောင်ဇော် မကြည်ပြာစကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဂိန်သွားကာ သူ့ပါးစပ်သူ လက်ဝါးဖြင့် အုခနဲနေအောင် ပိတ်လိုက်သည်။

မကြည်ပြာ စကားကြောင့် အောင်ဇော် မျက်လုံးလေးကလယ်ကလယ်ဖြင့် ငြိမ်သွားပုံကိုကြည့်ပြီး အားလုံးဝိုင်းရယ်ကြသည်။

"ကဲ ဒီနေ့တော့ လုံးဝကိုအားမနာတမ်း စားပေးကြပါ။ ပြီးရင် ကိတ်မုန့်ခွဲဖို့ အစီအစဉ်ရှိသေးတယ်နော်"

"ဂျာကြီး တားတားက ချိုချို မကြိုက်ဘူး"

ကြော်ငြာဌာနက သန့်ဇင် တစ်ခန်းထပြန်သည်။ မိုးကျော် မမှတ်သေး။

"မင်းက ချိုချို မကြိုက်ဘူးဆိုတော့ ဘာနဲ့ကြီးလာတာလဲ နွားချိုချိုမုန့်နဲ့ ကြီးလာတာလား"

"အယ် ကျွန်တော်ပြောတာ အဲ့ ချိုချိုကို ပြောတာမဟုတ်ပါ ချိုသောမုန့်ကိုမကြိုက်ပါ၊ ဒါပေမဲ့ မှတ်ရတာကိုတော့ ကြိုက်တယ်"

"ဘာ"

"ဟာ တလွဲတွေးပြန်ပြီ ကိတ်မုန့်ပေါ်က ဖယောင်းတိုင်မီးလေးတွေကို မှုတ်ရတာကို သဘောကျတယ်လို့ ပြောတာပါ"

အားလုံး တစ်ပေါက်တစ်ပေါက်တွေပြောကြ ဆိုကြရင်း စားကြ သောက်ကြနှင့် မယုဇနလွင် မျက်နှာလေးမှာ ထိုညလေးကို သဘောကျ နှစ်ခြိုက်နေပုံရသည်။

ဒီနေ့ည အိမ်ပြန်နောက်ကျကြမည့်အတူ ထူးမြတ်လည်း





သူငယ်ချင်းတွေနှင့် လွတ်ပြီး ပျော်ဖြစ်လိုက်သည်။

"ဟက်ပီးဘတ်ဒေးပါ မယုဇနရှင့်"

မနက်ကတည်းက ကြိုတင်စီစဉ်ထားသော ရေမွှေးပုလင်းကို ဖါကင်ထုတ်ပြီး ကိုယ်နှင့်ကပ်လျက်ထိုင်နေသော ယုဇနလွင်ကို တရိုတသေ ကမ်းပေးလိုက်သည်။

မိုးကျော်နှင့်မကြည်ပြာ ဖုန်းဖြင့်အမှတ်တရ ဓာတ်ပုံရိုက်ပေးသည်။

ပြီးနောက် ဝိတ်တာလေး ကိတ်မုန့်ဗန်းကြီးသယ်လာသဖြင့် ကိတ်မုန့်ပေါ်မှ မီးတိုင်လေးတွေကို ဟက်ပီးဘတ်ဒေးသီချင်းကို ညီညီညာညာဆိုပြီး ပြိုင်တူမီးမှုတ်လိုက်ကြသည်။

စားသောက်ခန်းမထဲမှာ လက်ခုပ်သံတွေ အော်ဟစ်ရယ်မောပျော်ရွှင်သံတွေ ညံညံစီ၍သွားသည်။

ယုဇန အရင်ဆုံး ကိတ်မုန့်ခွဲ့ကျွေးသည်က ထူးမြတ်ကို ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မောင် ဒီနေ့ နောက်ကျလိုက်တာ"

ဖုန်းဆက်တော့လည်း စက်ပိတ်ထား၍ မြတ်လေး စိတ်ပူစ ပြုနေသည်။ ဘာအကြောင်းကိစ္စတွေပေါ်နေလို့ စက်တောင်ပိတ်ထားရ သလဲ။

အိမ်အပြင်လမ်းမပေါ်မှာ လူခြေပြတ်တိတ်နေပြီ။ နံရံမှာချိတ်ထား သော နာရီကို မော့ကြည့်လိုက်သည်။ ညဆယ်နာရီပင် ကျော်နေပြီ။

မောင် ပြန်လာလျှင် စားဖို့ ထမင်းပွဲပြင်ပြီး ထိုင်စောင့်နေရင်းမှ ချာချင်သွင်းထားသောဖုန်းကို ဖြုတ်ယူကာ အင်တာနက်ထိုင်သုံးနေလိုက် သည်။

"မေမေ ဖေဖေ ပြန်မလာသေးဘူးလား သားသား အိပ်ချင် ပြီ"

ကိမ်းဆော့နေရာမှ ထလာသော သားလေး မြတ်လေးနားမှာ





လာ၍မှီထိုင်သည်။

"အိပ်လေ သားရဲ့၊ လာ မေမေအိပ်ရာထဲ လိုက်သိပ်မယ်"

"ဟင့်အင်း သား မေမေ့ပေါင်ပေါ်မှာအိပ်ချင်တာ"

"ကြော် အိပ်ရမှာပေါ့ သားရဲ့ လာ လာ"

မျက်လုံးမှေးစင်းနေသော သားငယ်ကို ပေါင်ပေါ်တင်သိပ်လိုက် သည်။ သားလေး ပေါင်ပေါ်မှာ ငြိမ်နေသည်။

မြတ်လေး ဖေ့စ်ဘွတ်ခ် ဖွင့်ထားလက်စကြီးမို့ အင်တာနက် ဝိုက်မည်အပြု ဖျတ်ခနဲ တက်လာသော ပုံတစ်ပုံကြောင့် အံ့အားသင့် သွားသည်။ My Garden မှာ ဆိုသည့် စာတန်းနှင့်အတူ တင်ထားသော ပုံတွေ။

"ဟင် ဒါ ဒါ မောင်ပဲ"

အံ့ဩလွန်း၍ နှုတ်မှပင် ရေရွတ်မိလိုက်သည်။

ယုဇနလွင်က မောင့်ကို ကိုတ်မုန့်ခွံ့ကျွေးနေပုံ၊ နောက်တစ်ပုံက ယုဇနလွင်အား ရေမွှေးဘူးပေးနေပုံဖြစ်သည်။ စိတ်ထဲမှာ လှုပ်ရှားလွန်း၍ ရင်တွေထဒိန်းဒိန်း ခုန်လာသည်။

ဘယ်လိုမှ ထင်ရက်စရာမရှိ။ မောင်က တခြားမိန်းကလေးနှင့် နလောက်ရင်းနှီးဖို့မှ မလိုတာ။

ပုံကိုချဲ့ကြည့်သည်။ ပို၍သေချာစေရန် ဖြစ်သည်။ မြတ်လေး ဘယ်လိုမှ မျက်စိမမှားနိုင်။ မနက်က မြတ်လေးကိုယ်တိုင် ဗီဒိုထဲက ထုတ်ပေးလိုက်သည့် အင်္ကျီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီပုံတင်ထားသည်မှာ သိပ်မကြာသေး။ 25 minutes ago ဆိုလျှင် မောင်တို့ My Garden မှာပဲ ရှိသေးသည်။

"မောင်ရယ် မြတ်လေးကတော့ မျှော်နေလိုက်ရတာ"

ကိုယ့်ယောက်ျား တခြားမိန်းမနှင့် ကြည်နူးနေသည့်ပုံကို ဆက်ကြည့်နိုင်စွမ်း မရှိတော့။ မောင်ပြန်လာလျှင် သက်သေပြရအောင် Save Photo လုပ်ထားပြီး အင်တာနက် ပိတ်လိုက်သည်။

ရင်ထဲမှာ လှိုက်တက်လာသော ဝမ်းနည်းမှုတွေက ပါးပေါ်သို့ မျက်ရည်တွေအဖြစ် အသွင်ပြောင်းစီးဆင်းလာ၏။

ရက်စက်လိုက်တာ မောင်ရယ်။

စီးကျလာသော မျက်ရည်စက်နွေးနွေးတို့က ပေါင်ပေါ်တွင် မှေး နေသော သား၏ပါးပေါ်သို့ ကျသွားသည်။ သား မျက်လုံးပွင့်လာသည်။

"မေမေ ငိုနေတာလားဟင်၊ ဘာဖြစ်လို့လဲ ဖေဖေ ပြန်မလာသေးလို့လား"

သား၏အမေးကြောင့် စီးကျနေသော မျက်ရည်တို့ကို ကပျာကယာသုတ်လိုက်ပြီး

"ဘယ်ကလာ ဟုတ်ရမှာလဲ သားရယ်၊ မေမေ့မျက်လုံးထဲ ပိုးကောင်ဝင်နေလို့ပါ သားရဲ့"

"ဒါဆို သားထုတ်ပေးမယ်လေ"

"နေပါစေ သားရဲ့၊ မေမေ မျက်ရည်ကျလိုက်တာ အဲဒီပိုးကောင်





က မေမေ့မျက်လုံးထဲမှာ မရှိတော့ဘူး"

"နာသေးလား မေမေ"

"ဟင့်အင်း မနာတော့ပါဘူး၊ ပိုးကောင် မျက်လုံးထဲမဝင်အောင် ခြင်ထောင်ထဲမှာ သွားအိပ်ကြရအောင်နော် သား"

"ဟုတ်ကဲ့ မေမေ"

ကိုယ့်သောကတွေ သားလေးကို မမြင်စေချင်တော့၍ အိပ်ရာထဲ ဝင်ခဲ့လိုက်သည်။

မောင်ကတော့ ခုထိ ပျော်နေတုန်းနေမှာပါလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဒေါက် ဒေါက် ဒေါက်"

"မြတ်လေးရေ မြတ်လေး"

အိမ်တံခါးခေါက်သံနှင့်အတူ မောင့်ခေါ်သံကြောင့် မျက်ရည်တို့နှင့်အတူမှေးခနဲ အိပ်ပျော်သွားသော မြတ်လေး မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာသည်။

ခြင်ထောင်အပြင်ကို ကပျာကသီဖွင့်ကာ ထွက်လိုက်သည်။ ညဆယ့်နှစ်နာရီပင်ထိုးတော့မည်။ မောင့်လေသံက အနည်းငယ် မူးလာသည့်လေသံမျိုး။

တံခါးဂျက်ကို ကပျာကသီ ဖွင့်လိုက်သည်။

"အိပ်ပျော်နေပြီလား မြတ်လေး"

"အင်း"

"ဒီနေ့ ပါတီတစ်ခုရှိတာနဲ့ မောင် နည်းနည်းသောက်လာတယ် မြတ်လေးရာ၊ ဒါကြောင့် နောက်ကျနေတာ၊ ပြန်တဲ့အချိန်လိုင်းကားတောင်





မရှိတော့လို့ တက္ကစီ ငှားပြန်လာရတယ်"

အိမ်ထဲဝင်ဝင်ချင်း မြတ်လေးပခုံးကို သိုင်းဖက်ပြီး ရှင်းပြသည်။

"ထမင်းစားမှာလား"

ဘီယာနံ့တွေ မွှန်ထူနေသော မောင့်အနားကနေ ခပ်ခွာခွာရပ်ပြီး တည်တည်ငြိမ်ငြိမ်လေသံဖြင့် မေးလိုက်သည်။ မိန်းမတစ်ယောက်နှင့်အတူ ဘာကြောင့်ရှိနေရတာလဲဟူ၍လည်း စကားနာထိုးပြီး ရန်ရှာချင်စိတ်လည်းမရှိတော့။

အမှန်အတိုင်းပြောရလျှင် မြတ်လေး ရန်ဖြစ်ရမှာ ကြောက်သည်။ ရှက်လည်းရှက်သည်။ ဒီထက်ပိုဆိုးတာက သားလေးပဲဖြစ်သည်။ မိဘနှစ်ပါးဖြစ်နေကြသည့် ရန်ပွဲကို သားလေး အထိတ်တလန့် ပုံစံဖြင့် မမြင်စေချင်။ ရောဂါသည် သားအတွက် မြတ်လေး၏ဒေါသတွေ ဝမ်းနည်းကြေကွဲခြင်းတွေကို အတတ်နိုင်ဆုံး မျိုသိပ်ထားရတော့မှာပင်။

ဒီတော့ မြတ်လေး ဘာမှမမေး။ မေးသင့်မေးထိုက်တာကိုပဲ တာဝန်ဝတ္တရားအရ မေးမည်။

"မောင် မစားတော့ဘူး မြတ်လေး၊ မောင် အိပ်ချင်ပြီ၊ တိုလေမောင်နည်းနည်းသောက်လာတော့ ဒီနေ့တော့ မောင့်ဖာသာမောင် အပြင်မှာ အိပ်လိုက်မယ်နော်"

ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားမိသည်။

အင်းပေါ့လေ တခြားမိန်းမနှင့်ကြည်နူးလာသည့်ခံစားချက်လေးတွေ မြတ်လေးနှင့်အတူ ဘေးချင်းယှဉ်အိပ်လိုက်လျှင် ပျောက်ပျက်သွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်ပဲ။

“ကောင်းတာပေါ့ မောင်၊ သားလေးကို အဲဒီအနံ့တွေ မရှူစေချင်ဘူး”

“အိုကေ မောင် အိပ်တော့မယ်၊ မနက်လည်း အစောကြီးထသွားရဦးမယ်”

“အင်္ကျီမလဲတော့ဘူးလား”

“လဲမယ် မောင့်ကို ဗီရိုထဲက ညဝတ်အင်္ကျီတစ်ထည်လောက် ထုတ်ပေးပါကွာ ပလီစ်”

ကိုယ့်ဝတ္တရားမို့ မြတ်လေး ညဝတ်အင်္ကျီအဟောင်းတစ်ထည်နှင့် ပုဆိုးထုတ်ပေးလိုက်သည်။ ဘာစကားမှ အပိုအလိုမပြောဘဲ အိပ်ရာထဲမှ မောင့်ခေါင်းအုံးနှင့်စောင်တစ်ထည်ကို အိမ်ရှေ့မှာ ဖျာတစ်ချပ်ခင်းပြီး ချပေးထားလိုက်သည်။

“မောင် အိပ်တော့ရပြီ”

မထူးတော့ပြီမို့ ခြင်ထောင်ပါ တစ်ခါတည်း ထောင်ပေးလိုက်သည်။

မြတ်လေးက မောင့်မိန်းမပဲလေ။ သူ့ဘက်က တာဝန်ကျေကျေ မကျေကျေ မြတ်လေးဘက်က တာဝန်ကျေရမှာပင်။

ထိုညက မြတ်လေး တစ်ညလုံး အိပ်၍မပျော်။ အိမ်ထောင်သက်တမ်းတစ်လျှောက်မှာ ခွဲအိပ်ဖူးတာဟာ ဒီညပထမဆုံးညပါပဲ။

■ ■ ■





“မြတ်လေး ညက မောင် ဘာကြောင့်နောက်ကျတယ်ဆိုတာ ဘာလို့မမေးတာလဲ”

မြတ်လေးပန်း ပုံစံမှာ ညက အရက်သောက်လာသည့်အကြောင်းကို စကားထဲပင် ထည့်ပြောခြင်းမရှိဘဲ လုပ်စရာရှိတာတွေကို ဆယ်ဆက်အောင် လုပ်နေသဖြင့် ထူးမြတ် မေးလိုက်ခြင်း ဖြစ်သည်။

“အရက်တွေသောက်နေလို့ နောက်ကျတယ်ဆိုတာ မြတ်လေး သိနေပြီးသားပဲ မောင်ရယ်၊ ဘာကိုမေးစေချင်သေးလို့လဲ”

“ဒါပေမဲ့ မြတ်လေးပုံစံက တစ်ခုခုကို အလိုမကျဖြစ်နေသလိုပဲ”

“မြတ်လေးဘဝမှာ အလိုမကျဘူး အလိုကျတယ်ဆိုပြီး ငြင်းဆန်ခေါင်းခါခွင့်မှမရှိတာ၊ အရာအားလုံး ကံကြမ္မာက ပေးဆပ်သမျှကို မြတ်လေး လက်ခံရမှာပဲလေ”

တံမြက်စည်းလှဲရင်း ပြောနေသော မြတ်လေး၏လက်ဆီသို့ ထူးမြတ်အကြည့်ရောက်သွားသည့်အတွက် သူ့လက်စွပ်ရောင်းလိုက်ရ၍ မကျေမနပ်ဖြစ်နေတာလား။ ဒါကြောင့် စကားကောင်းကောင်းမပြောတာဘဲ ဖြစ်မှာ။

“လက်စွပ်ရောင်းလိုက်ရလို့ မောင့်ကို မကျေမနပ် ဖြစ်နေတာလား မြတ်လေး၊ ဒီကိစ္စက မောင့်ဆန္ဒမပါဘူးလေ မြတ်လေးသဘောနဲ့ မြတ်လေးလုပ်လိုက်တာ ဒါကိုခုမှ နှမြောစိတ်နဲ့ မောင့်အပေါ် ခုလိုပုံစံကြီး ဆက်ဆံနေတာကိုတော့ မောင် လုံးဝမကြိုက်ဘူး”

“ဘာတွေလာပြောနေတာလဲ မောင်၊ ရှင် မဖန်တီးပေးနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို မြတ်လေး ဖန်တီးပေးလိုက်တာလေ၊ ခုချိန်မှာ မြတ်လေး ဘာပဲဖြစ်ဖြစ် ရှင့်အပူမပါဘူး''

ထူးမြတ် ဘာပြန်ပြောရမှန်းမသိအောင် နှုတ်တွေ ဆွံ့အသွားသည်။ ဒါကြောင့် မြတ်လေးပုံစံက တစ်မျိုးဖြစ်နေတာကိုးဟု စိတ်ထဲက အောင့်သက်သက်တွေးလိုက်သည်။

အစကတည်းက စေတနာမရှိလျှင် ဘာမှရောင်းပေးစရာမလို။ သူ့သဘောနှင့်သူရောင်းပြီး ငွေသွားပေးပြီးမှ ကိုယ့်အပေါ် မကျေနပ်သလို စကားမပြောချင်သလို ရုပ်တည်ကြီးနှင့် လုပ်နေတာကိုတော့ ထူးမြတ် မခံစားနိုင်။

''ဘာဖြစ်လို့ အဲလိုလုပ်ရတာလဲ မြတ်လေး''

လေသံအနည်းငယ် တင်းမာသွားသည်မို့ မြတ်လေး ဖျတ်ခနဲ မော့ကြည့်လာသည်။

''မြတ်လေး လုပ်ရမယ့်အပိုင်းမို့ မြတ်လေး လုပ်လိုက်တာလေ''

''စေတနာမပါဘဲနဲ့တော့ ဘာမှမလုပ်နဲ့ပေါ့ မြတ်လေးရယ် မောင်က အစောကြီးကတည်းက အဲလိုမလုပ်ဖို့ တားပြီးသားပဲ''

''အဲဒါ အပြစ်ဖြစ်သွားလို့လား မောင်''

''မင်းစေတနာမပါဘဲ လုပ်လိုက်ရတယ်ဆိုတာ အသိသာကြီးပဲ စိတ်ချမြတ်လေး မောင် မင်းလက်စွပ်ပုံစံအတိုင်း ပြန်လုပ်နိုင်အောင် ငွေရှာပေးမယ်၊ နောက်နောင် မောင့်မိဘအရေးနဲ့ပတ်သက်ပြီး မြတ်လေး ဘာမှ ဝင်မဖြေရှင်းပါနဲ့''





နားလည်မှုလွဲနေတာလား။ ကိုယ့်အပြစ်ကိုယ် မသိ၍ မြတ်လေးအပေါ် ပြဿနာလုပ်နေတာလား။

မြတ်လေး ဘာပြန်ပြောရမှန်းမသိခင်မှာပင် မောင် အနားမှ ခပ်ဆောင့်ဆောင့် ထွက်သွားသည်။

ပြဿနာက ခုတ်ရာတခြား ရှရာတခြား ဖြစ်ရပြန်ပြီ။

မြတ်လေးက လက်စွပ်ရောင်းလိုက်ရလို့ မကျေမနပ် ဖြစ်နေတယ်လို့ မောင်ထင်ရင် မှားသွားမှာပေါ့ မောင်ရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မင်းဘာတွေ ညစ်နေတာလဲ ထူးမြတ်"

ရုံးဆင်းဆင်းချင်း အိမ်တန်းမပြန်သေးဘဲ မိုးကျော်နှင့်အောင်ဇော် ထိုင်နေကျ ဘီယာဆိုင်ကို အချိန်ဖြုန်းချင်ရုံသက်သက်ဖြင့် လိုက်ထိုင်လိုက်သည်။

လိုက်ထိုင်ပြီဆိုမှတော့ သူတို့နှင့်အတူ တစ်ဂျားနှစ်ဂျားတော့ သောက်ဖြစ်သွား၏။

"ငါ့မားသားကြီး နေမကောင်းဘူးကွာ၊ အဲဒါကို ငါ့မိန်းမက သူ့လက်စွပ်ရောင်းပြီး ဆေးကုစရိတ် သွားထောက်ပံ့လိုက်တယ်၊ ရောင်းပြီးပြန်လာတဲ့နေ့တုန်းကတော့ သူ့ကိုယ်သူ ကယ်တင်ရှင်ကြီးလိုလို ဘာလိုလိုနဲ့ ငါ့ကိုပြဿနာမလုပ်သေးဘူး။ ဪ ငါကတော့ ငါ့မိန်းမ စိတ်သဘောထားပြည့်လိုက်တာပေါ့၊ ဟွန်း ဒီမနက်လည်းကျရော ငါ့ကို စကားတောင် ဟဟမပြောတော့ဘူး"





"ဟမ် ဘာဖြစ်လို့လဲ"

မိုးကျော် အမြည်းကောက်ဝါးရင်း စိတ်ဝင်တစား မေးသည်။

"ဘာဖြစ်ရမှာလဲ ငါ့အမေကြောင့် သူ့လက်စွပ်ရောင်းလိုက်ရလို့လေ"

"ဟုတ်ပါ့မလားကွာ မြတ်လေးက သူကိုယ်တိုင်တောင်မှ ယောက္ခမကိုပေးချင်လို့ သွားရောင်းလိုက်တဲ့ဟာကို"

"အေးလေ ခု ငါ့ကိုစကားမပြောတာ တခြားဘာအကြောင်းရှိလဲ၊ ဒီလက်စွပ်ကြောင့် သူ့မျက်နှာ ရှစ်ခေါက်ချိုးဖြစ်နေတာ အသိသာကြီးပဲဟာကို"

လက်ထဲမှ ဘီယာခွက်ကို ခပ်ဆောင့်ဆောင့်ချပြီး မကျေမနပ်ပြောလိုက်သော ထူးမြတ်မျက်နှာပေါ်မှာ မခံချင်စိတ်တွေ ကိန်းနေသည်။

ကိုယ်အရှာအဖွေမတော်၍သာ မိန်းမလုပ်သူက သူ့စိတ်သူ့သဘော ခြယ်လှယ်နေတာဟုတွေးပြီး ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်မိပြန်သည်။

"လင်မယားပဲကွာ၊ ဘာမှအရေးကြီးတဲ့ပြဿနာလည်း မဟုတ်ဘဲနဲ့ စိတ်ထဲထားမနေပါနဲ့တော့"

"သူကမှ ငါ့ကို စကားမပြောတာ၊ ငါ ဘယ်လောက်ခံရခက်လဲ မင်းသိလား"

"မင်းမှာ တခြားအမြစ်ပြောစရာတွေရှိလို့ စိတ်ကောက်နေတာများလားကွာ၊ မင်း ညက သောက်သွားတာလည်း တော်တော်လေး



www.burmeseclassic.com

www.burmeseclassic.com



များတယ်”

“ဘာပဲဖြစ်ဖြစ် ငါ့စိတ်ထဲမှာ အောင့်သက်သက်တော့ ခံစားရတယ်ကွာ၊ ငါ အဲဒီငွေကို မရရအောင် ပြန်ရှာပြီး ပေးလိုက်မယ်”

အရက်ရှိန်လေးတက်လာသည်နှင့်အမျှ ထူးမြတ်၏မခံချင်စိတ်ကလေးတွေ အသက်ဝင်လာသည်။

တစ်ခါမှ စိမ်းစိမ်းကားကား မနေဘူးသော မြတ်လေး၏ပုံရိပ်ကို ပြန်မြင်ယောင်တိုင်း ရင်ထဲမှာမကောင်း။

ဘာအပြစ်မှမရှိဘဲ ဘလိုင်းကြီး တည်သွားတာကတော့ လက်စွပ်ကိစ္စကြောင့်ပဲ ဖြစ်မည်။

အရက်သောက်တာလောက်နဲ့ကို မြတ်လေးက စိတ်ဆိုးတတ်သူမှမဟုတ်တာ။

■ ■ ■

“ရော့ ဒါ မင်း မောင့်မိဘာကို သွားပေးတဲ့ပိုက်ဆံ”

တစ်သောင်းတန်တစ်အုပ် ချပေးလာသဖြင့် မြတ်လေးပန်းမော့ကြည့်လိုက်ပြီး

“ဒါ ဘာလုပ်တာလဲ မောင်”

“မောင့်မိဘကို မင်းရဲ့လက်စွပ် ရောင်းပြီး ပေးထားတဲ့ပိုက်ဆံလေ၊ ခု မောင် ပြန်ရှာပေးတာ”

မိန်းမဆန်လွန်းသော မောင့်အပြုအမူတွေကိုကြည့်ပြီး မြတ်လေး စိတ်ထဲ ကျဉ်ခနဲ ခံစားလိုက်ရသည်။ သူ့အပြစ်သူမသိဘဲ ထင်ကြေး





နှင့်စွပ်စွဲနေသော မောင့်၏ဆင်ခြင်တုံတရားနည်းမှုကို မြတ်လေး အံ့ဩမိသည်။

မှားနေသော ခြေလှမ်းကို မြင်မလျှောက်ဘဲနှင့် ဘာမှမဆိုင်သော မြတ်လေးအပေါ် ရန်စနေတာ တဆိတ် လွန်ပြီထင်သည်။

“မလိုချင်ဘူး မောင် အဲဒီလို ရှာနိုင်တဲ့အစွမ်းအစရှိရင် အမြဲတမ်း အဲလိုရှာပြီး မောင့်အမေကို ထောက်ပံ့လိုက်ပါ၊ အဲလိုမှ မလုပ်ချင်ဘူးဆိုရင် မောင်တွဲချင်တဲ့မိန်းကလေးနဲ့တွဲပြီး ကော်ဖီဗွီတစ်ခုမှာ အဲဒီငွေတွေကို အကုန်ဖြုန်းလိုက် မြတ်လေး စိတ်မဆိုးဘူး။ မောင့်ကိုလည်း အပြစ်မတင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မောင် အဲလိုလုပ်တာဟာ မြတ်လေး မောင့်အပေါ် တာဝန်မကျေဘူးလို့ပဲ မြတ်လေးကိုယ်မြတ်လေး အပြစ်တင်လိုက်မယ်”

“ဒီမှာ ခုမှ စိတ်ထားဖြူစင်တဲ့ပုံစံနဲ့ ကြောင်လက်သည်းဝှက်မပြနဲ့ မြတ်လေး ဒီလို ဖြစ်အောင် ဘယ်သူကစပြီး ပြဿနာရှာတာလဲ၊ မြတ်လေး အပြုအမူကြောင့် ကျေးဇူးတင်နေတဲ့စိတ်တွေတောင် ပြန်ရှာမတွေ့တော့ဘူး။ အစောကြီးကတည်းက စေတနာမပါရင် ဘာမှမလုပ်ခဲ့ဘဲ နေခဲ့ရောပေါ့”

“ဒီမှာမောင် ပြဿနာ မဟုတ်တာကို ပြဿနာမရှာနဲ့ မြတ်လေး၊ ဘာမှမမှားဘူး၊ တကယ် မှားနေတာက မောင်ပါ”

တစ်ယောက်နှင့်တစ်ယောက် သူ့အပြစ်ကိုယ့်အပြစ် လွဲချရမှာ ရှက်ပေမယ့် ဒီလောက်တော့ မြတ်လေးအနေနဲ့ ပြောသင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဘာမှားလို့လဲ"

"ဘာမှားလဲ ဟုတ်လား မြတ်လေး ထုတ်ပြောမှ မောင်သိမှာ လား၊ အဲဒါဆိုရင်တော့ မြတ်လေး ဘာမှမပြောချင်တော့ဘူး မောင် ပြောချင်စိတ်လည်း မရှိဘူး၊ ခုချိန်မှာ မြတ်လေး ခံစားနေရတာကလည်း မောင်နဲ့ ဘာပြဿနာမှ ထပ်မဖြစ်ချင်ဘူး၊ ကိုယ် ဘာမှားသလဲဆိုတာ သူများက ထောက်ပြပေးတာထက်စာရင် ကိုယ့်ကိုယ်ကိုယ် ပြန်ရှာဖွေ ဆန်းစစ်တာ အကောင်းဆုံး"

ကျလုလုမျက်ရည်တို့ကို ပုတ်ခတ်ထိန်းရင်း ခံစားချက်တို့ကို အရိပ်အမြွက်ပြောကာ ထူးမြတ်ရှေ့မှ ချာခနဲ လှည့်ထွက်လိုက်သည်။

ထူးမြတ် နေရာမှာတင် ခပ်ငေါင်ငေါင် ရပ်ပြီး ကျန်ခဲ့သည်။

မြတ်လေး ပြောသလို ကိုယ်က ဘာများမှားနေလို့လဲ၊ တကယ် ဆို မြတ်လေးကာစပြီး ပြဿနာရှာတာ ကိုယ်ရှာတာမှမဟုတ်တာ။

မြတ်လေးနှင့် လက်ထပ်ပြီးကတည်းက ခုချိန်ထိ မြတ်လေး အပေါ်မှာ အချစ်စစ်တွေဖြင့် အိမ်ထောင်ရေးကို သာယာစေခဲ့သည်။ တစ်ယောက်ကိုတစ်ယောက် နားလည်မှုတွေနှင့် အချစ်တွေ အပြန်အလှန် ပေးဆပ်ရင်း နေလာခဲ့ကြတာ။ သားလေးပင် ဒီအရွယ်ရောက်နေပြီ။

ဒါကို မောင်မှားနေတယ်ဟု မြတ်လေးနှုတ်မှ ဖွင့်ပြောရလောက် အောင် ကိုယ် ဘာအမှားလုပ်မိခဲ့သလဲ၊ အမှားလုံးဝမရှိတာတော့ သေချာ သည်။

မြတ်လေး တစ်ခုခုကို အထင်လွဲနေတာပင် ဖြစ်လိမ့်မည်။

■ ■ ■



## အခန်း (၁၄)

ရုံးမှပြန်လာကတည်းက မြတ်လေး သားကို စာပြနေသည်။

ထူးမြတ်ကို ထမင်းပွဲ ပြင်ပေးထားတယ်နော်ဟူသည့် စကား ကလွဲ၍ ဘာမှအပိုအလိုမပြော။

ရေချိုးပြီး ဟိုလိုလို ဒီလိုလိုနှင့် ယောင်နေချိန်တွင် ထူးမြတ်၏ ဖုန်းမြည်လာသည်။

"ဖေဖေ ဖုန်းလာနေတယ်"

သားလေး စာရေးနေရင်းမှ ဖုန်းလာကြောင်း လှမ်းပြောသည်။ အိမ်တိုင်တွင် ချိတ်ထားသော လည်သာဘေးလွယ်အိတ်ထဲမှ မြည်နေ သောဖုန်းကို ထုတ်ယူလိုက်သည်။

ယုဇနလွင်ဆီမှ ဖုန်းဖြစ်သည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုထူးမြတ် ယုဇနဆီကို ခဏလောက် လာခဲ့လို့ရမလားဟင်

*အရှမ်းအရေးကြီးတဲ့ အခြေအနေတစ်ခုနဲ့ ရင်ဆိုင်နေရလို့ပါ"*

တုန်အက်နေသော အသံဖြင့် အလောတကြီး တောင်းဆိုနေသော ယုဇနကို ထူးမြတ် ဘာပြန်ပြောရမှန်းမသိ။ နာရီကိုလှမ်းကြည့်တော့ ည ခုနစ်နာရီကျော်နေပြီ ဖြစ်သည်။

"ဟို ဘာများဖြစ်နေလို့လဲ မယုဇန"

ထူးမြတ်ထံမှ မယုဇနဟူသော နာမည်ကြောင့် သားလေးကို သချာပိုင်းတွက်ပေးနေသော မြတ်လေးပန်း ဖုန်းပြောနေသော ထူးမြတ်ကို ဖျတ်ခနဲ လှမ်းကြည့်သည်။ ဘာမှတော့ မပြော။ သားကိုသာ စာဆက်သင်နေ၏။

ယုဇနထံမှ ငိုသံပါကြီးနှင့်

"ယုဇန ခုမှ အိမ်ကိုရောက်တယ်၊ အိမ်တံခါးဖွင့်ဖွင့်ချင်း အိမ်ထဲမှာ သူခိုးဝင်မွှေထားသလား မသိဘူး။ ပစ္စည်းတွေ မှောက်ကြဲနေပြီးတော့ တစ်အိမ်လုံး ရှုပ်ပွနေတာပဲ၊ အိမ်ထဲလည်း မဝင်ရဲဘူး၊ ရုံးက တခြားလူတွေဆီကိုလည်း ဖုန်းဆက်ပြီး အကူအညီတောင်းနေတာ အဆက်အသွယ် မရဘူး။ ကိုထူးမြတ်ဖုန်းပဲ ခေါ်လို့ရတယ်"

"ဗျာ ဟုတ်ကဲ့ ကျွန်တော် ခုပဲ လာခဲ့ပါ့မယ်၊ ဘာမှမကြောက်နဲ့နော်"

အရေးအကြောင်း ဖန်လာပြန်တော့ ထူးမြတ် ခေါင်းရှောင်ငြင်းပယ်၍မှမရတာ။





"မြတ်လေး မောင့်အရာရှိအိမ်မှာ သူခိုးဖောက်ခံရလို့တဲ့၊ ဖုန်းဆက်အကူအညီတောင်းလို့ မောင် ခဏလိုက်သွားလိုက်ဦးမယ်နော်"

ခွင့်တောင်းခြင်းမဟုတ် အသိပေးသောစကားကို အလောတကြီး ပြောကာ လွယ်အိတ်ထဲမှ ခေါက်အိတ်ပိုက်ဆံအိတ်ကိုထုတ်ယူပြီး ခါးကြားထိုးလျက် အိမ်ထဲမှ ဒရောသောပါး ထွက်သွားသည်။

ယုဇနနှင့်မောင် ဘယ်လိုပတ်သက်နေသည်ဆိုတာ သိနေသော မြတ်လေးမှာသာ စိတ်နှင့်ကိုယ်နှင့်မကပ်တော့သူလို ရင်ထဲမှာ နုံးခွေချိနဲ့ကာ ကျန်ရစ်ခဲ့သည်။

"မေမေ ဖေဖေက ဘယ်ကိုသွားတာလဲဟင်"

"သူ့ရုံးကို ပြန်သွားတာပေါ့ သားရယ်"

"ရုံးက ညဘက်လည်း တက်ရတာပဲလားဟင် မေမေ"

စာရေးနေရင်း အမေးအမြန်းထူနေသော သားလေးကို ခေါင်းတစ်ချက်ဆတ်ပြရင်း

"ဟုတ်တယ် သားရဲ့၊ ရုံးမှာအလုပ်ကိစ္စက ဖြုန်းခနဲ ပေါ်လာလို့ သားဖေဖေရဲ့အရာရှိက ဖုန်းဆက်ခေါ်တာ"

"ဖေဖေ ပင်ပန်းတော့မှာပဲနော် မေမေ၊ နေ့လည်းရုံးတက်ရ ညလည်းရုံးတက်ရနဲ့"

အရွယ်နှင့်မလိုက်အောင် သိတတ်လွန်းသော သား၏စကားကြောင့် မြတ်လေးပန်း ပင့်သက်ထစ်ချက် ရှိုက်လိုက်သည်။

သားကတော့ သူ့ဖေဖေ ရုံးတက်တယ်လို့ပဲ ထင်နေမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း သားအဖေသွားတာ ရုံးကိုမဟုတ်ပါဘူးကွယ်။

စိတ်ထဲမှပင် မသက်မသာ ရေရွတ်လိုက်သည်။

■ ■ ■

ယုဇနတို့ခြံရှေ့ တက္ကစီ ရပ်လိုက်သည်နှင့် ထူးမြတ် ကားထဲမှ အလောတကြီး ဆင်းပြီး ထွက်ခဲ့လိုက်သည်။

"ဟာ ဟေ့လူ ကားခပေးဦးလေ"

"ဪ အင်း ဟုတ်သားပဲ ဆောရီးဗျာ"

ပိုက်ဆံအိတ်ထဲမှ ငါးထောင်တန်တစ်ရွက်ကို ခပ်မြန်မြန်ထုတ်ယူပြီး ကားသမားကို ပေးလိုက်သည်။

ခြံထဲသို့ ခပ်သွက်သွက် ဝင်ခဲ့လိုက်သည်။

"ကိုထူးမြတ်"

အိမ်ရှေ့ပေါ်တီကိုအောက်တွင် ခပ်ကုတ်ကုတ် ထိုင်နေသော ယုဇနလွင်မှာ ခြံထဲဝင်လာသော ထူးမြတ်ကို မြင်သည်နှင့်အားတက်သွားဟန်ဖြင့်

"ကိုထူးမြတ်"

"မယုဇန အခြေအနေ ဘာထူးသေးလဲ၊ အိမ်ထဲဝင်ပြီးပြီလား။ ကျွန်တော် အောင်ဖော်နဲ့မိုးကျော်ကိုလည်း ဖုန်းဆက်ခေါ်ထားတယ်၊ သူတို့လည်း ထွက်လာကြပြီ"

"ဟုတ်လား၊ စောစောက ကျွန်မ ဆက်သေးတယ်၊ ဘယ်လိုမှ ဆက်မရဘူး ခုထိ ကျွန်မလည်း အိမ်ထဲမဝင်ရဲလို့ မဝင်ရသေးဘူး"





"ဒါဆို မယုဇန အပြင်မှာပဲ ခဏနေခဲ့ဦး၊ ကျွန်တော် အိမ်ထဲကို အခြေအနေဝင်ကြည့်လိုက်ဦးမယ်"

"ဖြစ်ပါ့မလား သူခိုးရှိနေရင် ဘယ်လိုလုပ်မလဲ"

"ရှိနေရင်လည်း သူဖိုက်ကိုယ်ဖိုက်ပေါ့ မယုဇနရယ် ဘာကြောက်စရာရှိလဲ"

ထိုစဉ် မိုးကျော်နှင့် အောင်ဖော် ခြံထဲသို့ ကားယားကားယားဖြင့် ဝင်လာကြသည်။

"ထူးမြတ် သူခိုးမိသွားပြီလား"

"ငါလည်း ခုပဲရောက်တာ၊ အိမ်ထဲဝင်ကြည့်ဖို့လုပ်နေတာ၊ မင်းတို့ရောက်လာတာနဲ့ အတော်ပဲ လာ ငါတို့ အိမ်ထဲအရင်ဝင်ကြည့်ရအောင်"

"သူခိုးကွာ တွေ့လို့ကတော့ လက်နှစ်ဖက် ခြေနှစ်ဖက်ကို ကြိုးနဲ့လေးဖက်လေးတန်ဆွဲပြီး အရင်းကပြုတ်ထွက်အောင်ကို ဖြုတ်ပစ်မယ်"

မိုးကျော်က စတင်ကျိန်းဝါးသည်။

"မင်းဖြုတ်တာကနောက် အခု မယုဇနအိမ်က တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ဘယ်လောက်တောင် ဖြုတ်ပြီးပြီလဲ မသိဘူးကွ"

အောင်ဖော်နှင့်မိုးကျော် တစ်ယောက်တစ်ပေါက် ပြောရင်း အိမ်ထဲကို ဦးဆောင်၍ ဝင်သွားသော ထူးမြတ်နောက်မှ လိုက်သွားကြသည်။

ညသည် တဖြည်းဖြည်း မှောင်လာပြီမို့ ယုဇနသည်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ထဲ အိမ်အပြင်မှာ မနေရဲတော့။ သူတို့အဖွဲ့နှင့်ကပ်လိုက်လာခဲ့လိုက်သည်။

ညှော်ခန်းတစ်ခုလုံးမွစာကျဲနေသည်ဖဟုတ်။ ယုဖနေ၏အမေအခန်းရော ယုဖနေအခန်းပါ ဗီရိုတွေထဲမှ အဝတ်တွေ ကြမ်းခင်းပေါ် အပုံလိုက်၊ အိပ်ရာတွေ ဖရိုဖရဲ၊ စာအုပ်တွေကလည်း ကြမ်းပြင်မှာ ဟိုတစ်အုပ်ဒီတစ်အုပ် မှန်တင်ခုံပေါ်မှ အလှပြင်ပစ္စည်းတွေလည်း ဖွထားလိုက်တာ မြင်ရက်စရာမရှိ။

"မယုဖနေ ဘာပစ္စည်းတွေ ပါသွားသလဲ၊ သေချာစစ်နော် သူနိုးကတော့ ဒီအိမ်ထဲမှာမရှိတော့တာ သေချာတယ်၊ သူလိုချင်တာ ရသွားပြီး လစ်သွားလောက်ပြီ"

မြင်ရက်စရာမရှိအောင် ပြန့်ကျဲနေသော ပစ္စည်းတွေကိုကြည့်ပြီး ယုဖနေလွင် စိတ်ရှုပ်နေသည်။

"ကျွန်တော်တို့ ရဲခေါ်လိုက်ရင် ကောင်းမလား မယုဖနေ"

မိုးကျော် အကြံပေးသည်။

"ရဲခေါ်ရင် အလုပ်တွေရှုပ်ကုန်မှာ၊ နောက်ပြီး ဘာပစ္စည်းတွေပါသလဲဆိုတာ ကျွန်မ မစစ်ရသေးဘူး ကိုမိုးကျော်"

"ဒါဆို စစ်လိုက်ပါဦး ဒီကိစ္စက ရဲခေါ်မှရမယ်၊ ရဲမခေါ်ဘဲ ဒီအတိုင်းငြိမ်နေလိုက်ရင် သူခိုးက နောက်တစ်ခါ ထပ်ပြီး လာခိုးဖို့ ဝန်လေးမှာမဟုတ်ဘူး"

ယုဖနေ၏အိပ်ခန်းထဲသို့ ထူးမြတ်နှင့်မိုးကျော်တို့ပါ လိုက်ဝင်ခဲ့





လိုက်သည်။ မီးခံသေတ္တာကတော့ ပုံမပျက်။

"မီးခံသေတ္တာကတော့ လျှို့ဝှက်နံပါတ်နဲ့မို့ ဘာမှလုပ်မသွားဘူး"

မှန်ဗီရိုအောက်ရှိ ဗီရိုအံကိုဖွင့်ပြီး ရွှေဘူးကိုကြည့်လိုက်သည်။ မရှိ။

"ရွှေဘူး မရှိတော့ဘူး ကိုထူးမြတ်"

"ဟင် ဟုတ်လား တန်ဖိုး ဘယ်လောက်သားလောက် ပါသွားထဲ မယုဖနေ"

"တစ်ကျပ်သားကြိုးနဲ့ လောကတ်တစ်ခုရယ်၊ လက်စွပ်သေးသေးလေးတွေလောက်ပဲ ပါသွားတာပါ"

"ဟာ ဒါဆိုရင်တော့ ရဲတိုင်သင့်တယ်"

ရွှေခိုးခံရသည်ဆို၍ အောင်ဇော်ပါ ရဲတိုင်ဖို့ ထပ်တိုက်တွန်းသည်။

ထူးမြတ်နှင့်မိုးကျော် ဖွာလန်ကြဲနေသော ပစ္စည်းတွေကို နေရာတကျ ပြန်၍ စီပေးလိုက်ကြသည်။

"တိုင်မနေတော့ပါဘူး ကိုအောင်ဇော်ရယ်၊ အိမ်မှာက မာမီလည်း မရှိဘူး၊ ရဲတိုင်ချင်ပေမယ့် ကျွန်မ ဖြေရှင်းနေရလိမ့်မယ်"

"မယုဖနေ အမေက ဘယ်သွားလဲ"

"မရှိဘူး မာမီ တရားစခန်း ဝင်နေတယ်၊ အိမ်ဖော်မိသင်းသည်း သူ့ရွာ ခဏပြန်သွားတာနဲ့ ကျွန်မတစ်ယောက်ထဲ ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လေ"

"ဒါဆို ဒီည မယုဇနတစ်ယောက်ထဲပေါ့"

"ဟုတ်တယ် အရှင်းဆုံး ပြောရရင် ကျွန်မကြောက်တာတော့ အမှန်ပဲ"

"ဒါဆို ကျွန်တော်တို့ ညစောင့်ပေးရမလား"

"ရှင်"

မိုးကျော်စကားကြောင့် ယုဇန ဘာပြန်ဖြေရမှန်းမသိအောင် ကြောင်အမ်းအမ်းလေး ပြန်ကြည့်ရှာ၏။ အောင်ဇော် ဝင်ထိန်း၏။

"ဟာ မင်းကလည်း မယုဇန တစ်ယောက်ထဲဆိုပေမယ့် ဘယ်လိုလုပ် ငါတို့စောင့်လို့ သင့်တော်မှာလဲ၊ ဒီလိုလုပ်ပါလား အကယ်၍ မယုဇန ဒီည တစ်ယောက်ထဲ မအိပ်ရဲဘူးဆိုရင် ကျွန်တော့်ညီမကို လာအိပ်နိုင်းလိုက်ရမလား အဖော်ရအောင်ပါ"

"ကျွန်မကြောင့် အလုပ်ပိုပါတယ် ကိုအောင်ဇော်ရယ်"

"အလုပ်မိုတယ်လည်း ဘယ်ဟုတ်ပါ့မလဲ မယုဇနရယ်၊ ကျွန်တော်တို့က မိတ်ဆွေတွေပဲ၊ ကူညီရမယ့်အချိန်မို့ ကူညီတာပါ၊ အားမနာပါနဲ့ ကျွန်တော် ခုပဲ ဖုန်းဆက်လိုက်မယ်လေ"

"ဒီတစ်ညတော့ အောင်ဇော်ပြောသလို စီစဉ်လိုက်ရင် မယုဇန အတွက် ပိုပြီး အဆင်ပြေလိမ့်မယ် ထင်တယ်နော်"

"ဟုတ်တယ် မယုဇန နောက်ပြီး သူ့နှီးဖွတ္တားတဲ့ပစ္စည်းပစ္စယ တွေလည်း ကျွန်တော်တို့ ဝိုင်းရှင်းပေးပါ့မယ်"





"အင်းလေ ဒါဆိုရင်တော့ ရှင်တို့ဆီကပဲ အကူအညီတောင်းရတော့မှာပဲ"

အားနာနာနှင့်ပင် အောင်ဇော့်ညီမကို ခေါ်ဖို့ သဘောတူ ခေါင်းညိတ်လိုက်ရသည်။

ထိုနေ့ညက ထူးမြတ်နှင့်မိုးကျော်တို့ သူတို့အိမ်ကို ပြန်ဖို့ အတော်လေးလည်း ညဉ့်နက်နေပြီ။ ကားလည်း ငှားမရတာကြောင့် အောင်ဇော် အိမ်မှာ အိပ်ဖြစ်လိုက်ကြသည်။

မြတ်လေးဆီ ဖုန်းဆက်တော့ မြတ်လေး၏ဖုန်း စက်ပိတ်ထားသည်။

ရှိစေတော့ မနက်ကျမှ အကျိုးအကြောင်း ရှင်းပြလိုက်တော့မည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မောင် အိမ်ပြန်အလာကို စောင့်ရင်းဖြင့် မြတ်လေး သားဘေးတွင် မှေးခနဲ အိပ်ပျော်သွားသည်။

"မေမေ မေမေ"

ပခုံးကို လှုပ်နှိုးခေါ်လိုက်သော သားခေါ်သံကြောင့် မျက်လုံးပွင့်လာပြီး

"ဟင် သား"

"သား အသက်ရှူလို့မကောင်းဘူး ဟောဒီရင်ဘတ်ကြီးကနာတယ် မေမေ"

"ဟင် ဟုတ်လား သား"

အသက်ကို ခက်ခက်ခဲခဲ ရှူနေရသော သားကိုကြည့်ပြီး မြတ်လေး စိတ်ပူသွားပြီး အိပ်နေရာမှ ဆတ်ခနဲ ထလိုက်သည်။





"လာ သား မေမေ ပွေ့ထားမယ်နော်၊ သားကိုယ်ပေါ်က အကျီကမျှား ကျပ်နေလို့လားဟင် အကျီလေး လဲမလား"

"ဟင့်အင်း မလဲချင်ဘူး သားကို ဆေးတိုက်"

သနားစရာကောင်းသော သားလေးကို မြတ်လေး ဘာလုပ်ပေးနိုင်မလဲ။ ဆေးက အိမ်မှာမရှိ။ ဘာဆေးတိုက်ရမှန်းလဲမသိ။ ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ထားသော ဆေးကလည်း ကုန်နေတာ သုံးလေးရက်ခန့်ရှိပြီ။ ဒီရက်ထဲ သားနေကောင်းနေပြီဆိုပြီး မြတ်လေး ကြို့မဝယ်ထားမိ။

လူပျိုတော်ပတ္တမြား သွေးဆေးပုလင်းလေးယူကာ သားကိုတိုက်ဖို့ စိတ်ကူးလိုက်သည်။

ဒီညအဖို့ ဒါလေးတိုက်ထားပြီး မနက်မှ သူပြနေကျ ဆရာဝန်နှင့်သွားပြရမည်။

"သား ဒီသွေးဆေးလေး သောက်ထားလိုက်ပါလားဟင်"

"ဟင့်အင်း သား မသောက်ချင်ဘူး၊ သား သောက်နေကျ ဆေးပဲတိုက်ပေးပါ"

သားအသံတွေသည် မောလျှနေသလို တိုးသက်နေသည်။ ချွေးစေးတွေထွက်ကာ လက်ဖျားခြေဖျားတွေ အေးစက်လာသောကြောင့် မြတ်လေး လန့်လာသည်။

မောင့်ဆီသို့ ဖုန်းဆက်ဖို့ စိတ်ကူးရသွားသည်။

"သား ခဏနော် မေမေတို့ဆေးခန်းသွားကြမယ်၊ သား ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ဆီကို မေမေ ဖုန်းဆက်ခေါ်လိုက်မယ်''

သားလေး မြတ်လေးရင်ခွင်မှာ မှီရင်း ခေါင်းဆတ်ပြရှာသည်။ ရင်ထဲမှာ သားအတွက် ပူပန်စိတ်ကြောင့်လားမသိ၊ စိတ်တွေလှုပ်ရှားကာ ဖုန်းခလုပ်တွေနှိပ်နေသော လက်တွေပင် တုန်ခိုက်နေသည်။

''စက်ပိတ်ထားတယ် သားရယ်''

အရေးအကြောင်း အချိန်ကျမှ မောင်က တခြားမိန်းမဆီမှာ ရောက်နေသတဲ့လား။ နာရီကိုလှမ်းကြည့်လိုက်တော့ နံနက် လေးနာရီ ကျော်နေပြီ။

မျက်ရည်တွေ စီးကျလာသည်။

ရက်စက်လိုက်တာ မောင်ရယ်၊ သားလေး နေမကောင်းဖြစ်နေတဲ့အချိန်မှာ မောင် မြတ်လေးတို့အနားမှာ ရှိသင့်နေတာ မဟုတ်လား။

မြတ်လေး ဘာလုပ်ရမှန်းမသိ။

''မေမေ ဖေဖေက ဒီတစ်ညလုံး ပြန်မလာဘဲ ဘယ်သွားနေတာလဲဟင်၊ သားကို ဆေးခန်းဘယ်သူလိုက်ပို့မှာလဲတင်''

သနားစရာကောင်းသော သားလေး၏အမေးကြောင့် မျက်ရည်စတွေ သားမမြင်အောင် သုတ်လိုက်ပြီး

''မေမေ လိုက်ပို့မှာပေါ့ သားရဲ့၊ မေမေတို့ ခုပဲ ဆေးခန်းသွားကြမယ်နော်''

''ရင်ဘတ်နာတာ ဆေးခန်းသွားရင် ပျောက်သွားမှာလား မေမေ''





''ပျောက်မှာပေါ့ သားရဲ့''

ရင်ဘတ်ကလေးကိုဖိပြီး သူ့ကိုယ်သူ စိုးရိမ်နေသော သားကို အပြုံးယဲ့ယဲ့ဖြင့် ဖြေသိမ့်လိုက်ပေမယ့် ငိုသံပါနေသောကြောင့် တုန်အက်နေသည်။

ဒီအချိန်ကြီး သားကိုပြနေကျ အထူးကုဆေးခန်းက မဖွင့်။ ၂၄ နာရီဖွင့်သော အထူးကုဆေးခန်းကိုသွားမှပင် ရမည်မို့ မြမြင့်မိုရ် အထူးကုဆေးခန်းကိုသွားဖို့ ဆုံးဖြတ်လိုက်ပြီး မြတ်လေးတို့သားအမိ အလင်းရောင် တစိုးတစိလေးပင် မသန်းသေးသော နံနက်အရုဏ်ကြီး ကားလမ်းရှိရာဘက်သို့ သားကိုချီပိုးပြီး ထွက်လာလိုက်သည်။

သား၏အပူသောကနှင့်အပြိုင် မောင့်အတွက်ပါ သောကတွေ ပိုနေရသည်မို့ ရင်မှာအပူမီးတွေ တောက်လောင်နေရ၏။

ရှိစေတော့ပေါ့ မောင်ရယ်။ မြတ်လေး ကံမကောင်းဘူးလို့ပဲ သဘောထားလိုက်ပါတော့မယ်။

အမိကက မြတ်လေးကို မောင် မမုန်းသွားဖို့ပဲ လိုတာပါ။

တခြားမိန်းမနဲ့ဖောက်ပြန်နေတဲ့ ယောက်ျားတစ်ယောက်ကို ဘယ်မိန်းမမှ သည်းခံခွင့်လွှတ်မပေးနိုင်ပေမယ့် မြတ်လေးကတော့ ခွင့်လွှတ်နိုင်အောင် ကြိုးစားကြည့်မယ် [illegible]။

အတတ်နိုင်ဆုံးပေါ့။

■ ■ ■

နံနက်ခင်း အရုဏ်တက်ချိန်ရောက် ကားလမ်းပေါ်မှာ လူသူကင်း

www.burmeseclassic.com



ရှင်းဆဲ။ အကြော်တဲပင် ခုမှ မီးမွှေးကာစပဲ ရှိသေးသည်။

ဘာပဲဖြစ်ဖြစ် လူရှိသေးပါလားဟူသည့်အသိဖြင့် အားတော့ တက်မိသွားသည်။

"မေမေ ရင်ဘတ်နာတယ်"

ပခုံးပေါ် မေးတင်ရင်း ညည်းတွားနေသော သား၏ကျောပြင်ကို နှစ်သိမ့်ကာ ပွတ်ပေးရင်း

"မေမေတို့ ဆေးခန်းသွားဖို့ ကားငှားမယ်နော် သား၊ ဆေးခန်းရောက်ရင် ပျောက်သွားမှာပါ သားရယ်"

သားလေးကို ချွေးသိပ်နေသော မြတ်လေး စိတ်နှင့်ကိုယ်နှင့် မကပ်သလို ကြောက်စိတ်တွေ ကြီးစိုးနေ၏။ သားလေးတစ်ခုခုဖြစ်သွားလျှင် မြတ်လေးပါ တစ်ခုခုဖြစ်သွားမလားပင်။

အလျင်လိုပါသည်ဆိုမှ ကားက တစ်စီးမှ မဖြတ်သေး။ ဖြတ်တော့လည်း ဈေးချိုကားတွေလောက်သာ ဖြတ်သည်။

စိတ်ထဲမှ ဘုရားတမိသည်။ တက္ကစီတစ်စီးလောက် မြန်မြန်ရောက်ပါစေဟုလည်း ဆုတောင်းနေမိသည်။

ကုန်ကားတစ်စီး ထိုးစိုက်လာသည်။

"ညီမ ဘယ်သူ့ကို စောင့်နေတာလဲ ကလေးတစ်ဖက်နဲ့ လာလေ ကားကြုံတင်သွားပေးမယ်"

အရက်နံ့တထောင်းထောင်း ထနေသော ကားသမားကြောင့် ကြောက်ရွံ့စိတ်တွေ ချီးနိမ်ကာ





"ကျွန်မယောက်ျားကို စောင့်နေတာ၊ ဟော ဟိုမှာ အကြော်ဝယ်နေလို့"

အကြော်တဲမှ လူကြီးကို မေးငေါ့ပြလိုက်သည်။

"သြော် အေး အေး ပြီးရော"

ကားကြီးထွက်သွားမှ မြတ်လေးပန်း သားကို တင်းကြပ်စွာ ပွေ့ဖက်လိုက်ပြီး ကားပေါ်မည့်လမ်းဆုံရှိရာဘက်သို့ ခပ်သွက်သွက် လျှောက်လိုက်သည်။ လမ်းမှာတွေ့သမျှ ကားတားသည်။ ကားတွေက ရပ်။ နောက်ထပ် တက္ကစီကားတစ်စီး တစ်ရွေ့ရွေ့မောင်းလာသဖြင့် ဝမ်းသာသွားကာ တားလိုက်သည်။ ထိုကားလည်း မရပ်ပြန်။ မြတ်လေး ငိုချင်လာသည်။

"ဒုက္ခပါပဲ ကားတွေက ငှားလို့လည်း မရပါလား။ သားလေး ခဏပဲစောင့်ပါ သားလေးရယ်၊ မေမေ ကြိုးစားပြီး ကားငှားနေပါတယ် သားရယ် မြန်မြန်လာပါတော့"

"ကျွီ"

"ကလေးနဲ့အမေ ဘယ်သွားမလို့လဲ"

ကိုယ်ပိုင်ကားလေးတစ်စီး မြတ်လေးတို့သားအမိနှစ်ယောက်နားသို့ ထိုးရပ်လာသည်။

"ကျွန်မ သားလေးအရမ်း နေမကောင်းဖြစ်နေလို့ မြမြင့်ဦး ဆေးခန်းသွားပြမလို့ပါ ဖြစ်နိုင်ရင် ကူညီပါလား အစ်ကိုရယ်"

"ကျွန်တော် လိုက်ပို့ပေးမယ် တက် တက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဖူးတင်လိုက်တာရှင်"

မြတ်လေး ကျေးဇူးတင်စကားပြောကာ ကားပေါ်တက်လိုက်သည်။

ကားမောင်းထွက်တော့မှ မြတ်လေး ရင်ထဲ ကားငှားရှာမရသည့်ပူပန်မှုလျော့သွားသည်။

"သား ခဏလေးအောင့်ထားပါ သားရယ်၊ ဆေးခန်းရောက်တော့မယ်နော်"

"ကလေးက ဘာဖြစ်လို့လဲ"

"သားလေးက နှလုံးရောဂါရှိတယ်လေ၊ အခု အသက်ရှူတွေကြပ်ပြီး ရင်ဘတ်အောင့်နေလို့"

"ခြော် သနားစရာပဲ ငယ်ရွယ်တဲ့ကလေးမှ ဖြစ်ရတယ်လို့ဗျာ"

ကားမောင်းသူထံမှ စိတ်မကောင်းသော စကားသံထွက်ပေါ်လာသည်။

မြတ်လေးပါးပေါ်မှ မျက်ရည်စတွေကို ထိုလူမမြင်ခင် သုတ်လိုက်သည်။ ခုလို ကူညီမယ့်သူသာ ပေါ်မလာလျှင် မြတ်လေးတို့သားအမိ လမ်းမပေါ်မှာ ဘယ်လောက်ကြာဦးမည်မသိ။

သားလေးရဲ့ကုသိုလ်ကံပဲပေါ့။

■ ■ ■



## အခန်း (၁၆)

မြမြင့်မိုရ် အထူးကုဆေးခန်းရှေ့အရောက် ကားကိုပါကင်မှာသွားရပ်လိုက်သည်။ နံနက်အလင်းရောင်သည် လင်းရှင်းစပြုလာသည်။

မြတ်လေး ကားပေါ်မှ သားကိုပွေ့ချီပြီး ကပျာကယာ ဆင်းလိုက်သည်။ ကားပေါ်မှ လူဆင်းလာပြီး

"ပေး ပေး ကျွန်တော် ချီပေးပါ့မယ်၊ ခင်ဗျား အရမ်းစိတ်လှုပ်ရှားနေတယ်"

ထိုလူ ပြောလည်းပြော သားလေးရဂုံကိုလည်း လှမ်းခေါ်လိုက်ရင်း မြတ်လေးကို သေချာကြည့်ပြီး မှတ်မိသွားဟန်ဖြင့်

"ခင်ဗျား ဟိုတစ်ခါ ကျွန်တော့်ကို ကားပေါ်မှာ ကူညီခဲ့တဲ့အမျိုးသမီးပဲ"

"ဟင် ရှင်ဖြစ်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



ကားနှင့်လိုက်ပို့သောသူဟာ ကိုလူချော ဆိုတာကို မြတ်လေး မှတ်မိသွားသည်။

"လာ လာ ဆေးခန်းထဲ အမြန်သွားရအောင်"

သားကိုပွေ့ချီ ပြီး မြတ်လေးလက်ကိုဆွဲကာ ရှေ့မှခပ်သုတ်သုတ် ဝင်သွားသော ကိုလူချောနောက်ကို မြတ်လေးပါ ဒရောသောပါးလိုက်ဝင် လိုက်သည်။

ရီဆက်ရှင်တွင် နာမည်စာရင်းသွင်းပြီး စမ်းသပ်ခန်းထဲဝင်ချိန် အထိ ကိုလူချော အစအဆုံး လိုက်ကူညီပေးသည်။ ဆရာဝန်ကြီး သား လေးကို သေချာစစ်ဆေးပြီး ဆေးတစ်လုံး ထိုးပေးသည်။

ခုတင်ထက်တွင် မောဟိုက်နေသော သားလေးကိုကြည့်ပြီး မြတ်လေး ရင်ထဲမှာမချိ။

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

"ဟာ မလိုပါဘူး ကျွန်တော်နဲ့တွေ့လိုက်တာကိုပဲ ကျွန်တော် တော်တော်လေး ကျေနပ်နေတာဗျ၊ ခင်ဗျား ကျွန်တော့်ကို ကူညီထား တယ်လေ"

"အစ်ကိုလည်း မြတ်လေးကို ဖက်ထုပ်ဆိုင်မှာ ကူညီပေးထား တယ်လေ၊ ဘာပဲဖြစ်ဖြစ် ကျေးဇူးချင်းယှဉ်ရင်တောင် အစ်ကို့ကျေးဇူးက ပိုပြီး အဖိုးထိုက်တန်ပါတယ်၊ မြတ်လေးရဲ့သားကို ဆေးရုံရောက်အောင် အမြန်ပို့ပေးလို့လေ"

အပြန်အလှန် ကျေးဇူးစကားတွေ ပြောနေကြသည်။





"နာမည်က မြတ်လေးလား"

"မြတ်လေးပန်းပါ"

"ကိုယ့်နာမည်က နေမင်းသွင်ပါ"

"မောင်ရဂုံ ကောင်တာမှာ ဆေးထုတ်လို့ရပါပြီ"

နေမင်းသွင်ကို ပြုံးပြခေါင်းညိတ်ပြီး ဆေးကောင်တာကို လျှောက်သွားလိုက်သည်။

ရဂုံလေးမှာလည်း ဆေးတစ်လုံးထိုးပေးလိုက်၍ စောစောက လောက် အသက်ရှူမကျပ်တော့။

"မေမေ ဒီဦးဦးက ဘယ်သူလဲဟင်"

နေမင်းသွင် ခုတင်ထက်မှာ လှဲအိပ်နေသော ရဂုံလေးကို ပွေ့ချီ လိုက်သဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

"အဲဒီ ဦးဦးက သားကို ဆေးခန်းလိုက်ပို့တာလေ သားရဲ့"

"မေမေ့သူငယ်ချင်းလားလို့"

မြတ်လေး ဘာပြောရမှန်းမသိ။

"ဦးက သားမေမေရဲ့ သူငယ်ချင်းပါ၊ ဦးနာမည်က နေမင်းသွင် တဲ့"

"သားနာမည်က ရဂုံပါ ဦးဦး"

"မြတ်လေးပန်းရဲ့သားက စကားပြောကောင်းသားပဲနော်၊ ရုပ် ရည်လည်း ကောင်းတယ် လိမ်လည်း လိမ္မာတယ်"

"သားက အရမ်းလိမ္မာတယ် မြတ်လေးရဲ့ကိုယ်ပွားလေးလေ"



www.burmeseclassic.com

www.burmeseclassic.com



သားဓါ်ချစ်စရာကောင်းသော ပါးဖောင်းဖောင်းလေးကို ဆွဲကိုင်ရင်း ပြောလိုက်သော မြတ်လေးပန်း မျက်နှာသည် ခုမှပင် ပြန်၍ကြည်လင်လန်းဆန်းလာသည်။

ဆေးခန်းကပြန်အထွက်တွင် ကားငှားဖို့ တက္ကစီတစ်စီးကို လှမ်းတားလိုက်သော မြတ်လေးလက်ကို နေမင်းသွင် လှမ်းဆွဲလိုက်ရင်း

"ကားမငှားပါနဲ့ ကိုယ်ပဲ ပြန်လိုက်ပို့ပေးပါရစေ"

"အို ရပါတယ် ကိုနေမင်းသွင်ရယ်၊ မြတ်လေး အားနာလှပါပြီ"

"အားနာဖို့မှ မလိုတာ၊ ကူညီခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ဟိုလေ အကယ်၍များ ခုလို ညရေးညတာတွေမှာ သား ခုလိုမျိုးဖြစ်ခဲ့ရင် ကိုယ့်ဆီကို အချိန်မရွေး ဖုန်းဆက်ပါ၊ ရော့ ဒါ ကိုယ့်ရဲ့လိပ်စာကဒ်"

အင်္ကျီအိတ်ကပ်ထဲမှ ထုတ်ပေးသော လိပ်စာကဒ်ကို မြတ်လေးတရိုတသေ လှမ်းယူလိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုနေမင်းသွင်"

"ဒါနဲ့ မြတ်လေးပန်းမှာရော ဖုန်းနံပါတ်ရှိလား လိုရမယ်ရ ယူထားချင်လို့ပါ"

"ဩော် ဟုတ်ကဲ့ ရှိပါတယ်"

ဖုန်းနံပါတ်ကို မြတ်လေး ရွတ်ပြလိုက်သည်။

"အိုကေ"





ကားပေါ်တက်ကာ ကားကိုငြိမ့်ခနဲ မောင်းထွက်လိုက်သည်။

ကားပေါ်မှာသာ လိုက်ပါနေတာ မြတ်လေးစိတ်တွေ မောင့်ဆီပြန်ရောက်သွားသည်။

မောင် ခုချိန်မှာ ဟိုမိန်းမရင်ခွင်မှာ ခေါင်းထိုးပြီး အိပ်ကောင်းနေဆဲလား။

■ ■ ■

အိမ်ရှေ့ကို ကားထိုးစိုက်လိုက်သည်နှင့် ထူးမြတ်ကို အိမ်ရှေ့ဝရန်တာတွင် ငုတ်တုတ်ထိုင်စောင့်နေသည်ကို တွေ့လိုက်ရသည်။

မြတ်လေး ကားပေါ်မှ ကပျာကယာ ဆင်းကာ သားကို ကားထဲမှ ပွေ့ချီလိုက်သည်။ တစ်ဆက်တည်းမှာပင်

"ကိုနေမင်းသွင် ကျေးဇူးတင်ပါတယ်နော်"

"မလိုပါဘူးဗျာ ရပါတယ် ကဲ ကျွန်တော် သွားပြီနော်"

အိမ်ရှေ့မှာ ခပ်စူစူထိုင်နေသော ထူးမြတ်၏မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး နေမင်းသွင် နှုတ်မဆက်လိုတော့၍ မြတ်လေးပန်းကိုသာနှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့ပါ ကိုနေမင်းသွင်"

"ဦးဦး ကျေးဇူးတင်ပါတယ် တာ့တာ"

"အေး သား နေကောင်းအောင်နေနော် တာ့တာ"

ထူးမြတ် လှေကားပေါ်မှ ဆင်းလာသည်။ နေမင်းသွင် ကားထွက်သွားသည်နှင့် မြတ်လေး အိမ်လှေကားပေါ် တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်ကပြန်လာတာလဲ၊ မနက်စောစောစီးစီး အဲဒီလူကရော ဘယ်သူလဲ"

မနာလို ဝန်တိုသောလေသံဖြင့် မေးလိုက်သဖြင့် မြတ်လေးပန်းစိတ်ထဲ တင်းခနဲ ဖြစ်သွားသည်။ သူ မရှိးသားတာကို ဖုံးဖိဖို့အတွက် ရိုးသားစွာ သောကပင်လယ်ဝေနေရသော မြတ်လေးကို ရန်လုပ်ချင်နေသတဲ့လား။

"မောင် သားလေး ဘာဖြစ်တာလဲလို့ အရင်မမေးဘဲနဲ့ ဘာဖြစ်လို့ ရန်စကားတွေ ပြောနေရတာလဲ"

"သားက ဘာဖြစ်လို့လဲ"

မြတ်လေးလက်ထဲမှ သားကိုပြောင်းချီ၍ မေး၏။ မောင့်အမေးကိုမဖြေဘဲ မောင့်ဘေးမှ ကျော်ဖြတ်တက်ကာ အိမ်တံခါးသော့ကို ဖွင့်လိုက်သည်။

မြတ်လေး မဖြေ၍ မောင် သားကိုမေးနေသည်။

"သား သားဘာဖြစ်လို့လဲ"

"သား အသက်ရှူတွေကျပ်လို့ မေမေနဲ့အမှောင်ကြီးထဲမှာ ဆေးခန်းသွားကြတယ်၊ ကားတွေက ငှားလို့လုံးဝမရဘူး။ စောစောက ဦးဦးကားနဲ့မှ ငှားလို့ရတာ၊ မှောင်ထဲမှာ မေမေနဲ့သား အရမ်းကြောက်နေတာ"

ချက်ချက်ချာချာ ရှင်းပြနေသော သား၏ဖြေရှင်းချက်ကြောင့် ထူးမြတ် မျက်နှာပေါ်မှာ တင်းမာခြင်းတွေ ချက်ချင်းပြေလျော့သွားသည်။





"သားရယ် ဒါများ ဖေဖေ့ဆီ ဖုန်းဆက်ရောပေါ့"

မြတ်လေး ကြားပေမယ့် ဘာမှ ပြောချင်စိတ်မရှိ။

"ဆက်လို့မှ မရတာ၊ မေမေ ငိုတယ်"

သားစကားကြောင့် ထူးမြတ် မြတ်လေးနားသို့ လျှောက်လာသည်။

"ဆောရီးပဲ မြတ်လေးရာ မောင် ညက ပြန်လာဖို့အရမ်းညဉ့်နက်သွားတာနဲ့ မိုးကျော်တို့အိမ်ကို လိုက်အိပ်လိုက်တာ၊ ဖုန်းခေါ်သေးတယ်၊ မြတ်လေး ဖုန်းက ပိတ်ထားတယ်လေ"

မြတ်လေး ဘာမှပြန်မမေး။ သားကို ဆေးတိုက်ဖို့ ရေခဲသေတ္တာထဲမှ ရေဘူးကို ထုတ်လိုက်သည်။

"ညကလေ မောင်တို့အရာရှိ မယုဖနအိမ်ကို သူခိုးဖောက်လို့ အဲဒါကြောင့် မောင် ချက်ချင်းသွားရတယ်၊ မိုးကျော်တို့ အောင်ဇော်တို့ကိုရော ဖုန်းဆက်ခေါ်ရတယ်ကွာ၊ သူခိုးက ဖွထားတာများ တစ်အိမ်လုံး ရှုစရာကို မရှိဘူး"

သားလေး ဘာဖြစ်တာလဲ၊ ဆရာဝန်က ဘာပြောလိုက်သလဲ ဟူသော ရောဂါအခြေအနေကို မမေးဘဲနှင့် သူ့အရာရှိမ ယုဖနလွင် အကြောင်းကိုသာ ရေပက်မဝင် ပြောနေသော ထူးမြတ်ကို မြတ်လေး အရေးမလုပ်ချင်တော့။ နားလည်းမထောင်ချင်။

"သားရေ လာ ဆေးသောက်မယ် ပြီးရင် ဟောလစ်ဒေးတစ်ခွက်လောက်သောက်ရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သား သောက်ချင်ဘူး အိပ်ချင်တယ်"

"အိပ်ရမှာပေါ့ သားရယ်၊ ဆေးသောက်ပြီးရင် ဟောလစ်လေး သောက်အိပ်တော့ သားပိုခံနိုင်ရည်ရှိပြီး အိပ်လို့ကောင်းသွားတာပေါ့၊ ဆေးတွေထိုးထားတဲ့အတွက် အစာမဖြည့်လို့မရဘူး သားရဲ့"

"ဟုတ်တယ် သား၊ ဆေးသောက်ပြီး ဟောလစ်လေးသောက် နော်၊ ဖေဖေ့သားက လိမ္မာတယ်၊ ဆေးကို ဖေဖေ တိုက်ရမလား"

ဂိုက်ျချင်နေသော သားကို သူပါ ဝင်၍ ဖျောင်းဖျလိုက်သည်။

"အင်း ဖေဖေတိုက်"

"အိုကေ ဖေဖေ တိုက်ရမှာပေါ့၊ ဖေဖေ့သားလေးကို ကဲ မေကြီး က ဟောလစ်သွားဖျော် ဖေကြီးက သားကို ဆေးတိုက်မယ်"

မြတ်လေး လက်ထဲမှ ဆေးနှင့်ရေဘူးကို လှမ်းယူကာ ဆေး တိုက်မည်အလုပ် ထူးမြတ် ဖုန်းမြည်လာသည်။

"ဩော် သားကို ဆေးတိုက်ပါမယ်ဆိုမှ ဖုန်းကလာပြန်ပြီကွာ"

ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုထုတ်လိုက်သည်။

"ဟဲလို မယုဇနု အဆင်ပြေရဲ့လား၊ ဘာထူးခြားသေးလဲ"

ပြုံးရွှင်ရယ်မောစွာ ပြောနေသော ထူးမြတ်ကို ဟောလစ်ဖျော် နေရင်းမှ မြတ်လေး အကဲခတ်လိုက်သည်။ လေယူလေသိမ်းတို့သည် ပို၍ချိုသာနေသလို ထင်ရသည်။

"ဟုတ်ကဲ့ပါ မနက်ဖြန် ရုံးမှာတွေ့ကြမယ်လေ"

ဆေးကို မြတ်လေးပဲ တိုက်လိုက်တော့သည်။





ထူးမြတ် ဖုန်းပိတ်ပြီး သားနားကို ပြန်လျှောက်လာသည်။

"သား ဟောလစ်သောက်ပြီးပြီလား"

"ခုသောက်မလို့"

"အိုကေ သားလေးက လိမ္မာတယ်ကွာ၊ ဟောလစ်သောက် ပြီးရင် အိပ်တော့နော် သား"

"ဟုတ်ကဲ့"

မြတ်လေး မီးဖိုခန်းဘက် ထွက်လာလိုက်သည်။

မျက်နှာမကောင်းသော မြတ်လေးကို ထူးမြတ် လိုက်ကြည့် လိုက်သည်။

မြတ်လေး ဘာတွေဖြစ်နေတာလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"မြတ်လေးရေ မြတ်လေး"

"ရှင်"

အထည်တွေကို စီးကွင့်ထိုးနေသော မြတ်လေး အိမ်ရှေ့မှခေါ်သံ ကြောင့် လှမ်းထူးလိုက်သည်။

ထူးမြတ်တို့ရုံးမှ စာရေးကြီး ဒေါ်ခင်အုန်းမြင့် ဖြစ်သည်။

"အန်တီခင် ရုံးမသွားရဘူးလား"

"ဒီနေ့ နေသိပ်မကောင်းလို့ ခွင့်တင်ထားတယ်လေ"

"နေမကောင်းတဲ့ပုံလည်း မပေါက်ဘူး"

"ငါနေမကောင်းလို့မဟုတ်ဘူး၊ ငါ့သမီး နေမကောင်းတာလေး ရောယောင်ပြီး ခွင့်တင်လိုက်တာ"

ဒေါ်ခင်အုန်းမြင့်ကြီး အထုပ်တစ်ထုပ်ဖြင့် အိမ်ထဲဝင်လာသည်။





"လာတာ တခြားမဟုတ်ဘူး၊ အကူအညီလေးတစ်ခု တောင်း ချင်လို့"

အကူအညီတောင်းမည်ဆို၍ ရင်ထဲထိတ်သွားသည်။ မြတ်လေး ဆီကို အကူအညီတောင်းမည့်သူပဲ လာသည်။ အကူအညီပေးမည့်သူ မလာ။

ခုလည်း ဘာအကူအညီတောင်းဦးမည်လဲ မသိ၊ မြတ်လေးလေး စိတ်ညစ်သွားသည်။

"ဘာအကူအညီ တောင်းမလို့လဲ အန်တီခင်"

"ထုံးစံအတိုင်း ငွေလိုလို့ပဲပေါ့ မြတ်လေးရယ်၊ အန်တီခင် လစာကလည်း ထုတ်တောင်မထုတ်ရသေးဘူး၊ ချေးသုံးတာနဲ့ လစာထုတ် ရင် တစ်ပြားတောင် မကျန်တော့ဘူး"

"ဒီမှာလည်း ငွေမလည်ပါဘူး အန်တီခင်ရယ်၊ မိသားစုနည်း ပေမယ့် မြတ်လေး ဝင်ငွေရော မောင့်ဝင်ငွေရော နှစ်ယောက်ပေါင်းဝင် တာတောင် တစ်လတစ်လ အပတ်မလည်ဘူး၊ ဆရာဝန်ကြီးတွေကတော့ ဆေးတစ်လစာသောက်ခိုင်းပြီး အခြေအနေကို စောင့်ကြည့်နေကြတယ်၊ ဘာမှထူးခြားမှုမရှိဘူးဆိုရင် ခွဲစိတ်ရမယ်တဲ့"

ပြောရင်းဖြင့် မြတ်လေး ငိုသံဝဲ့လာသည်။ အန်တီခင် စိတ် မကောင်းဖြစ်သွားသည်။

"ဟယ် အန်တီခင် စိတ်မကောင်းလိုက်တာကွယ်၊ ခွဲစိတ်ရင် ပိုက်ဆံကုန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိန်းတစ်ရာလောက်တောင် ကုန်မယ်လို့တော့ ပြောတယ်"

"မောင်ထူးမြတ်က ကလေးကိစ္စ ဘာမှကို မပြောပါလား။ မြတ်လေးဆီကမှ သိရတယ်ကွယ်၊ အေးလေ သူ့မှာလည်း ခုအသစ်ရောက်လာတဲ့ အရာရှိမနဲ့ တစ်နေ့တစ်နေ့ နှစ်ပါးသွားနေရတာကို၊ ရုံးချိန်အတွင်းမှာတောင် အန်တီခင်တို့နဲ့ စကားဟဟ မပြောဖြစ်ပါဘူးကွယ်"

အန်တီခင့်စကားကြောင့် ဝေ့လုလု မျက်ရည်ကြည်တို့ကို ပုတ်ခတ်သိမ်းသွင်းရင်း

"ဒီကိစ္စ သူ့ကိုတောင် မပြောရသေးဘူး အန်တီခင်"

"ဩော် ဘာပဲဖြစ်ဖြစ်လေ ငွေလေး ဘာလေးကြိုရှာထား[illegible]အောင်လို့"

မြတ်လေး မဲ့လိုက်သည်။ အဲဒီ သိန်းတစ်ရာလောက်ကုန်လည်း မြတ်လေးပဲ ရှာရမယ်ဆိုတာကိုတော့ စိတ်ထဲကပဲ ပြောလိုက်တော့သည်။

"မယုဇနလွှင်ဆိုတဲ့ အရာရှိမက အန်တီခင်တို့အပေါ် ကောင်းရဲ့လား"

အန်တီခင် မျက်နှာမဲ့လိုက်ပြီး

"သူက ယောကျ်ားတွေအပေါ်တော့ သိပ်ကောင်းတယ်၊ မိန်းမတွေအပေါ်တော့ ဆီမလာပြားမလာပါဘူး"

အန်တီခင် ဘာကို ဦးတည်ပြောချင်နေသည်ဆိုတာကို မြတ်လေး သဘောပေါက်လိုက်သည်။

"အေး အဲဒီယောကျ်ားတွေထဲမှာမှ ထူးမြတ်အပေါ် အကောင်း





ဆုံးပဲ"

အန်တီခင့်စကားက မြတ်လေး ရင်ဘတ်ကို ဆယ်ပေါင်အလေးနှင့်ထုလိုက်သလို အောင့်မျက်နှာကျင်သွားရသည်။

"မြတ်လေးကို သတိပေးထားမယ်နော်၊ ကိုယ့်ယောကျ်ားရဲ့ အခြေအနေကို မျက်ခြေမပြတ် စောင့်ကြည့်၊ ယောကျ်ားဆိုတဲ့အမျိုးက ကိုယ့်အိမ်က ကြက်သားရိုးလို့ အပြင်က ချဉ်ပေါင်ဟင်းလေး ကာလသားချက်ကလေးကို ခံတွင်းတွေ့ချင်တွေ့နေတတ်ကြတဲ့အမျိုး။ အဓိက ပြောချင်တာကတော့ ထူးမြတ်ကို မင်းသားရုပ်အောင် မဆင်နဲ့၊ ရုံးမှာယောကျ်ားတွေ အများကြီးရှိပေမယ့် ထူးမြတ်က အိမ်ထောင်သည်ဆိုပေမယ့် လူပျိုတစ်ယောက်ထက်တောင် သန့်ပြန့်ခန့်ညားနေတော့ ဒီခေတ် မိန်းမတွေဟာ မျက်စိကျစရာ အိမ်ထောင်ရှိတာ မရှိတာ သူတို့မျက်စိထဲထည့်မှာမဟုတ်ဘူး"

အန်တီခင် ဘာကိုဆိုလိုသည်ဆိုတာကို မြတ်လေး သဘောပေါက်သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး မြတ်လေး ခံစားနေရသည်ဆိုသော်ငြားလည်း ... [illegible]

"ခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ် အန်တီခင်ရယ်၊ မြတ်လေး သတိထားပြီး သူ့ကိုစောင့်ကြည့်နေပါ့မယ်"

တစ်နေ့ညက ယုဇနအိမ်ကို ညကြီးအချိန်မတော် ထသွားသည်ဆိုတာကို အန်တီခင် သိပုံမပေါ်။ သိသာသိလျှင် တခြားသူတွေကိုပါ လျှောက်ပြောလျှင် မခက်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ် အန်တီခင်က မြတ်လေးကို ကိုယ့်တူမလေးလို ချစ်လို့ သတိပေးတာပါကွယ်၊ စိတ်ထဲမှာတော့ သိပ်မထည့်ထားပါနဲ့ မိန်းမတွေဆိုတာ ခံစားလွယ်တတ်ကြတာ သဘာဝပဲမို့လား"

"ဟုတ်ကဲ့ မြတ်လေး သတိထားနေရင်းမှ ဖြစ်သွားတော့လည်း မြတ်လေးရဲ့ကံပါပဲ အန်တီခင်ရယ်၊ မြတ်လေး ခေါင်းထဲမှာလေ သားလေးရဲ့ကျန်းမာရေးအတွက်ပဲ သောကပွေနေရတာ"

"ဒါနဲ့ မောင်ထူးမြတ်နဲ့မြတ်လေးက မိဘတွေပေးစားလို့ ယူကြရတာဆို"

အန်တီခင့်အမေးကြောင့် မြတ်လေး မျက်နှာပျက်သွားသည်။

"အန်တီခင့်ကို ဘယ်သူပြောလဲ"

"မိုးကျော်လား အောင်ဇော်လား မသိပါဘူးကွယ်"

"ဒါဆိုရင် မောင်က သူတို့ကို ပြောပြထားလို့နေမှာပေါ့ အန်တီခင်ရယ်"

"ဒါဖြင့် ဟုတ်တယ်ပေါ့"

"ဟုတ်တယ် အန်တီခင်"

"ဩော် မထင်ရဘူးနော် တစ်ယောက်ကိုတစ်ယောက် ချစ်ကြပုံက သမီးရည်းစားဖြစ်ပြီးမှ လက်ထပ်ကြတဲ့ပုံမျိုး၊ နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်တယ်"

အန်တီခင် ချီးမွမ်းလိုက် သတိပေးလိုက်နှင့် တော်တော်နှင့် မပြန်။





"ဩော် ဒါနဲ့ ဒီမှာလေ သမီးက မြတ်လေးဆီသွားရင် သူ ရောင်းတဲ့အထည်ဆန်းလေးတွေ ပြပေးပါဆိုလို့ အန်တီခင် ယူလာတာကွယ့်၊ ကြည့်ပါဦး မြတ်လေးနဲ့ဆို သိပ်လိုက်မှာ"

ပြောပြောဆိုဆို အိတ်ထဲမှ အင်္ကျီစတွေကို တစ်စချင်းထုတ်ပြသည်။

ငွေကြေးချွေတာ သုံးစွဲနေချိန်မှာ မြတ်လေးမလိုအပ်တာတွေကို ဝယ်၍မဖြစ်။

"အထည်အဆင်တွေက အကုန်လှပါတယ် အန်တီခင်ရယ်၊ ဝယ်လည်း ဝယ်ချင်ပါတယ်၊ ဒါပေမဲ့လေ မြတ်လေးအတွက် ဒီအချိန်မှာ ငွေလိုနေတဲ့အတွက်ကြောင့် ဝယ်လို့မဖြစ်သေးပါဘူး၊ အားတော့နာပါတယ် အန်တီခင်ရယ်၊ ညီမလေး အိဖြူကိုလည်း ပြောလိုက်ပါ၊ သားလေး နေပြန်ကောင်းသွားရင် အထည်တွေအားပေးပါမယ်လို့"

အန်တီခင် အထည်စတွေကို အိတ်ထဲပြန်ထည့်ရင်း

"အေးပါ အန်တီခင် နားလည်ပါတယ် မြတ်လေးရယ်၊ ဒီလောက် အပူသောကတွေ ကြီးနေတဲ့အချိန်မှာ အန်တီခင် ခုလို အထည်လာရောင်းပြီး ငွေလာချေးနေတာတောင်မှ လူကြီးဖြစ်ပြီး အန်တီခင် အလိုက်ကန်းဆိုးမသိရာ ကျပါတယ်ကွယ်"

"အဲလိုလည်း ဘယ်ဟုတ်မလဲ အန်တီခင်ရယ်၊ အန်တီခင်က သားရဲ့အခြေအနေကို ခုမှသိတာလေ"

"အေးပါကွယ် ဘာပဲဖြစ်ဖြစ် လိုအပ်တဲ့အကူအညီကို ပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



လူအင်အားနဲ့ လာကူညီပါ့မယ်နော် သမီး''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်တီခင်''

''အေး အေး ဒါဆိုရင် အန်တီခင် ပြန်တော့မယ်နော်''

''ဟုတ်ကဲ့ပါ''

အန်တီခင် သူ့အထုပ်ဆွဲကာ အိမ်ထဲမှ ထွက်သွားသည်။

မြတ်လေး သက်ပြင်းခပ်ဖျော့ဖျော့ချပြီး ကျန်ရစ်ခဲ့သည်။

မြတ်လေးနှင့်သားလေးရဲ့အနာဂတ် တွေးကြည့်ရင် ရင်မောစရာပါလား။

မောင့်စိတ်ထဲမှာ ဘာတွေရှိနေသလဲ။ မြတ်လေး သိချင်လိုက်တာမောင်ရယ်။

■ ■ ■

## အခန်း (၁၈)

''ဟဲလို မြတ်လေးပန်းပါ ဘယ်သူပါလဲ''

ဖုန်းနံပါတ် အစိမ်းဖြစ်နေ၍ မေးလိုက်သည်။

''မြတ်လေးပန်း ကျွန်တော် နေမင်းသွင်ပါ''

''ဪ ဟုတ်ကဲ့ ကိုနေမင်းသွင် နေကောင်းတယ်နော်''

ရုတ်တရက် ဘာပြောရမှန်းမသိ၍ စိတ်ထဲရှိရာကိုသာ ပြောလိုက်ခြင်းဖြစ်သည်။

''အခု ကျွန်တော်က မြတ်လေးပန်းတို့အိမ်နားမှာ ရောက်နေတာလေ၊ သားအတွက်လည်း ဓာတ်ဆားလေးတွေ လက်ဆောင်ပေးချင်တာ၊ မြတ်လေးပန်း အိမ်မှာ ရှိ မရှိ ဖုန်းဆက်မေးကြည့်တာပါ၊ ကျွန်တော် လာလို့ရမလား''

''ဪ ကိုနေမင်းသွင်ရယ် အားနာစရာရှင် ဘာလက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



မှ မလိုချင်ပါဘူး၊ မြတ်လေးက ပြန်ပြီး အားနာရပါတယ်"

"မလိုပါဘူးဗျာ ကျွန်တော်တို့က မိတ်ဆွေတွေပဲ ကျွန်တော် လာလို့ရမလား"

"ရပါတယ် လာလို့ရပါတယ် ကိုနေမင်းသွင်၊ သားလည်း ကျောင်းကပြန်လာပြီဆိုတော့ အိမ်မှာရှိတယ်၊ တော်သေးတာပေါ့၊ မြတ်လေးတို့သားအမိက ကန်ဘောင်ဘက်ကို လမ်းလျှောက်ထွက်ကြတော့ မလို့လေ"

"ဟာ ဒါဆိုရင် ထွက်လာခဲ့လိုက်လေ၊ ကျွန်တော်လည်း အဲဒီ ကန်ဘောင်ကိုပဲ လာခဲ့လိုက်တော့မယ်"

"ဟုတ်ကဲ့ ကိုနေမင်းသွင်"

မြတ်လေး ဖုန်းပိတ်ကာ သားကို အဝတ်အစားလဲပေးလိုက်သည်။

"မေမေ ဟိုဦးဦး ဆက်တာလား"

"ဟုတ်တယ် သားရဲ့၊ သူ ဒီဘက်ကိုကြုံလို့ သားအတွက်မုန့်တွေအများကြီး ဝယ်လာတယ်တဲ့၊ ဒါကြောင့် လာပေးမလို့ ဖုန်းဆက်တာ"

"ဒါဆို သားလမ်းလျှောက်မထွက်တော့ဘူးလေ မေမေ"

"မထွက်လို့ မရဘူးလေ သားရဲ့၊ သားကို ဆရာဝန်ကြီးတွေက နေ့စဉ် ပုံမှန်လမ်းလျှောက်ထွက်ပြီး လေကောင်းလေသန့်ရှူရမယ်လို့ ပြောတယ်လေ၊ ဒါမှ သားမြန်မြန်ကျန်းမာမှာပေါ့"

"ဦးဦးလာရင် ဘယ်လိုလုပ်မလဲ၊ သားနဲ့မတွေ့တော့ဘူးပေါ့"





"ဦးဦးက ကန်ဘောင်ဘက်ကို လာခဲ့မယ်တဲ့ သားရဲ့"

"ဒါဆို ကန်ဘောင်ကို မြန်မြန်သွားမယ်"

မျက်ကွင်းလေးတွေ ချောင်ကျသွားသော သားကိုကြည့်ပြီး မြတ်လေး စိတ်မကောင်းဖြစ်မိသည်။ ကိုနေမင်းသွင်ကို သား ခင်တွယ်ခြင်းဟာ ကိုနေမင်းသွင်၏ ဂရုစိုက်မှုတွေကြောင့်ပဲ ဖြစ်သည်။

မောင်ကတော့ သားကို ချစ်တယ်ဆိုရုံလေးပဲ ရှိသည်။ နေ့စဉ်နှင့်အမျှ အလုပ်နှင့်သာ အချိန်ကုန်နေ၍ သား၏လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်။ သားအတွက် စိတ်မကောင်းဖြစ်မိပေမယ့် မောင့်ဆီမှ မြတ်လေး ဘာမှမတောင်းဆို။ တစ်ခါမှလည်း ကြေးမတိုက်ခဲ့။

တောင်းဆိုလည်း မောင် ပေးနိုင်မှဖြစ်မည်မို့ မောင်ရော မြတ်လေးရော စိတ်မသက်မသာ ဖြစ်မည့်တောင်းဆိုမှုမျိုးကို မြတ်လေး ဘယ်တော့မှ မတောင်းဆိုချင်တော့။

မေတ္တာဆိုတာ မောင်ပေးမှ မြတ်လေးတို့သားအမိ ပိုင်ဆိုင်ရမှာပါ မောင်။ ပါးစပ်ကလေးနဲ့ တုန်နေအောင် ချစ်ပြရမယ်ဆိုရင်တော့ လူတိုင်း ချစ်ပြတတ်တာပေါ့ မောင်ရယ်။

ဒါပေမဲ့ မြတ်လေး လိုချင်တာ အဲဒီလို မေတ္တာမျိုး မဟုတ်ဘူးလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"မေမေ ဟိုမှာ ဦးဦးရဲ့ကား"

ကန်ဘောင်နားရှိ ခရေပင်ကြီးအောက်တွင် ရပ်ထားသော နေမင်းသွင်၏ကားကို ရဂုံလေးက အရင်မြင်၏။

နေမင်းသွင် ကားဘေးမှာ ရပ်ပြီး မြတ်လေးတို့သားအမိအလာကို မျှော်နေပုံလည်း ရသည်။ မြတ်လေးနှင့်ရဂုံလေး လျှောက်လာတာမြင်တော့ ပြုံးရွှင်စွာဖြင့် လက်လှမ်းပြသည်။

"သား မောမယ် မပြေးရဘူး၊ မေမေ့ကိုစောင့်"

ရဂုံလေး မြတ်လေးလက်ကို ဆုပ်ကိုင်ထားရာမှ လွှတ်လိုက်ပြီး နေမင်းသွင်ရှိရာသို့ ပြေးသွားသည်။ မြတ်လေး စိတ်ပူစွာ တားမြစ်ရင်း ပြေးသွားသော ရဂုံလေးနောက်သို့ ခြေလှမ်းခပ်ကြဲကြဲဖြင့် လိုက်ရသည်။

"ဦးဦး ရောက်နေတာ ကြာပြီလား"

"မကြာသေးဘူး သားရဲ့"





ရွှန်းရွှန်းဝေနေသော ရဂုံအမေးကို ဖြေရင်း ရဂုံကို နေမင်းသွင် ပွေ့ချီလိုက်သည်။

"သားကလေ ကိုနေမင်းသွင် အိမ်လာမယ်ဆိုတာသိပြီး ကန်ဘောင်ဘက်ကို လမ်းမလျှောက်တော့ပါဘူးဆိုပြီး ဂျီကျနေလို့"

"ဩော် သားရယ် ဦးဦးက သားကို ကန်ဘောင်ဘက်ကို လာတွေ့မှာပေါ့၊ ဘယ်လိုလဲ သားရဲ့ကျန်းမာရေး အိုကေသွားပြီလား"

"အိုကေပါတယ် ဦးဦးရ တစ်ချက်ချက် အသက်ရှူကျပ်တာလေးပါပဲ"

ရဂုံအဖြေကြောင့် နေမင်းသွင် မြတ်လေးကို လှမ်းကြည့်ပြီး

"အခြေအနေ သိပ်မထူးခြားဘူးလား မြတ်လေးပန်း"

သိသိသာသာကြီး မသက်သာပေမယ့် အရင်ကထက်စာရင် နည်းနည်းတော့ အသက်ရှူကျပ်နှုန်း လျော့လာသလိုပါပဲ။

မြတ်လေးပန်း၏အဖြေကို နေမင်းသွင် သိပ်အားမရ။ မြတ်လေး မျက်နှာမကောင်းတာကိုလည်း ရိပ်မိနေသည်။

"ဒီထက် ပိုတော်တဲ့ဆရာဝန်ကို ပြသင့်တယ်မထင်ဘူးလား မြတ်လေးပန်း၊ ဟိုလေ ကျွန်တော် အကြံပေးကြည့်တာနော်"

"ကိုနေမင်းသွင်အကြံကို မြတ်လေး လက်ခံပါတယ်၊ အဲဒီအတွက် မြတ်လေး ကြိုးစားကြည့်ရဦးမှာပေါ့ ကိုနေမင်းသွင်ရယ်"

မြတ်လေး၏အားလျော့သော ထောက်ခံမှုကြောင့် နေမင်းသွင် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ဘာပဲလိုလို ကျွန်တော့်ကို တိုင်ပင်လို့ရတယ် နော် မြတ်လေးပန်းကို ကျွန်တော် ညီမတစ်ယောက်လို သံယောဇဉ်ဖြစ် မိပါတယ်၊ ကျွန်တော့်ကို ကိုယ့်အစ်ကိုတစ်ယောက်လို သဘောထားပါလို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်"

နွေးထွေးလွန်းသော လက်ကမ်းကြိုဆိုမှုကို မြတ်လေး အကြွင်းမဲ့ လက်ခံသည့်အနေဖြင့် အကြည်လင်ဆုံးပြုံးကာ ခေါင်းဆတ်ပြလိုက်ပြီး

"ကျေးဇူးတင်ပါတယ် ကိုနေမင်းသွင် လိုအပ်တာရှိရင် မြတ်လေး တိုင်ပင်ပါ့မယ်"

"ဦးဦး သားအတွက် အရုပ်တွေပါလားဟင်"

အရုပ်အလွန်မက်သော သား၏အမေးကြောင့် နေမင်းသွင် သားကိုကြည့်ကာ

"သားက အရုပ်တွေလိုချင်တာလား"

"ဟုတ်"

"ဟာကွာ ဦးဦး တကယ်ညံ့တာပဲ၊ သားသား အရုပ်ကြိုက်မယ် ဆိုတာ လုံးဝ မတွေးမိဘူး။ ခုတော့ မုန့်တွေပဲပါတယ် သားရဲ့၊ ဒါဆို ဒီလိုလုပ်မယ် ခုပဲ သားလိုချင်တဲ့အရုပ်ကို သွားဝယ်ကြမယ်"

အလိုလိုက်လွန်းသော နေမင်းသွင်၏အစီအစဉ်ကို မြတ်လေး ပန်း တားမဖြစ်မည်။ အခွင့်အရေးဆိုတာ ယူတိုင်းကောင်းတာမဟုတ်။

"သား မဆိုးနဲ့ကွာ၊ ဦးဦးကို အားနာဖို့ကောင်းနေပြီ"

"ဘာအားနာစရာရှိလဲ မြတ်လေးပန်းရယ်၊ ခုချိန်မှာ သားလေး





စိတ်ချမ်းသာဖို့အတွက် ဘာမဆို ပံ့ပိုးပေးရမှာမဟုတ်လား"

"ဒါပေမဲ့"

"ဒါပေမဲ့တွေ ဘာတွေလုပ်မနေနဲ့၊ လာ ကားပေါ်တက် သား လိုချင်တဲ့အရုပ်တွေကို ဦးဦး ဝယ်ပေး အဲ ဝယ်ပေးမှာမဟုတ်ဘူး အလကားပေးမယ် ဟုတ်ပြီလား"

နှစ်ယောက်သား အတိုင်အဖောက်ညီညီဖြင့် ကားပေါ်တက် လိုက်ကြသည်။ မြတ်လေး တားချိန်ပင်မရလိုက်။

"လာ တက်လေ မြတ်လေးပန်း"

"သား ဂျိုကျုံ့က မြတ်လေးကို ဖော်တော်အနေခက်နေစေပြီ ကိုနေမင်းသွင်ရယ်၊ သား နောက်နေ့မှ မေမေ ဝယ်ပေးမယ်နော် သား ရယ်၊ ခုတော့ ကန်ဘောင်ပေါ်မှာပဲ လေညင်းခံရအောင်နော်"

"ဟင့်အင်း ရဘူး ရဘူး သား ခုပဲ အရုပ်လိုချင်တယ်"

ပြောရင်းဖြင့် ရင်ဘတ်အစုံ နှိမ့်ချည်မြင့်ချည် ဖြစ်လာသော သားကိုကြည့်ပြီး မြတ်လေး ဆက်မငြင်းရဲတော့။ ဆရာဝန်က မှာထား သည်။ သူ့ စိတ်အနှောင့်အယှက်ဖြစ်စေမည့် ကိစ္စတွေကို မလုပ်မိဖို့နှင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးဖို့။

ဒီတော့ မြတ်လေးပါ ကားပေါ်လိုက်တက်ရတော့သည်။ မြတ် လေး ကားပေါ်တက်ထိုင်လိုက်သည်နှင့် ရှေ့ခန်းတွင် ထိုင်နေကြသော သားနှင့် နေမင်းသွင် လက်ဝါးချင်းရိုက်လိုက်ကြသည်။

အကင်းပါးလွန်းသော သားသည် မြတ်လေး ထိုင်နေသော

www.burmeseclassic.com



နောက်ခန်းကို လှည့်ကြည့်ပြီး

"မေမေ ဦးဦး အရုပ်တွေ လိုက်ဝယ်ပေးတာကို ဖေဖေ့ကို မပြောပါနဲ့နော်"

လူကြီးတွေကို နှုတ်ပိတ်နေသော သား၏စကားကြောင့် နေမင်းသွင် ကားစက်နှိုးနေရင်းမှ ငုံ့ကြည့်ပြီး

"ဘာဖြစ်လို့လဲ သားရဲ့"

နေမင်းသွင် စကားကြောင့် ရဂုံ့ မျက်နှာလေးငယ်သွားကာ

"ဖေဖေက သူများပေးတဲ့ ပစ္စည်းတွေကို မယူရဘူးတဲ့၊ ယူရင် ရိုက်မယ်တဲ့၊ သားကို အဲလိုပြောထားဖူးတယ်၊ တစ်ခါတုန်းက သားရဲ့ သူငယ်ချင်းပေးတဲ့ စတောကာလေးကို ယူလာမိလို့ ဖေဖေ ဆူဖူးတယ်"

အမှတ်သညာကြီးလွန်းသော သား၏လိမ္မာပါးနပ်ပုံကို မြတ်လေး ပင် အသိအမှတ်မပြုဘဲ မနေနိုင်တော့။

အင်းလေ ကိုနေမင်းသွင် ဝယ်ပေးတယ်ဆိုတာ မသိတာပဲ ကောင်းပါတယ်။ နို့မို့ဆို ယုန်ထင်ကြောင်ထင် ထင်ကုန်လိမ့်မည်။

မြတ်လေးတို့ရှိုးသားတာကို သူက ဘယ်လိုစိတ်ခံစားမှုမျိုးနဲ့ နားလည်ပေးနိုင်မှာတဲ့လဲ။

ကိုနေမင်းသွင်နှင့်မြတ်လေးတို့၏ ခင်မင်မှုက ကျေးဖူးတရား တွေနှင့် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ခင်မင်ခဲ့ကြရုံလေးပါ။

တကယ့်ကို အဖြူထည်သက်သက်မို့ ဘာမဟုတ်သည့် ပတ် သက်မှုလေးကို အထင်လွဲမခံနိုင်။





မြတ်လေးကသာ ယုဇနလွင်နှင့်မောင်ရဲ့ပတ်သက်မှုကို မစွပ်စွဲ ရက် မမေးရဲဘဲ ငြိမ်နေပေမယ့် မောင်က ငြိမ်နေမည်မဟုတ်။

ဘာပဲဖြစ်ဖြစ် မြတ်လေး ရိုးသားစွာ ခင်မင်ရုံလေးပါ မောင်။ အဓိကကတော့ သားလေး စိတ်ချမ်းသာနေတယ်။ မောင့်သား ပျော်နေ တာ မောင့်ကို မြင်စေချင်တယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဝါး အရုပ်တွေ အများကြီးပါလား ဦးဦးရ"

အရုပ်တွေပဲ သီးသန့်ရောင်းသော အရုပ်ကမ္ဘာဟု အမည်ပေး ထားသော ဆိုင်ထဲသို့ ဝင်လိုက်သည်နှင့် သားထံမှ တအံ့တသြ အသံ ထွက်လာသည်။

"သားကြိုက်တဲ့အရုပ်တွေယူ ဒီဆိုင်က ဦးဦးပိုင်တာဆိုတော့ ပိုက်ဆံနဲ့ဝယ်စရာလည်း မလိုဘူး"

"ဟာ တကယ် မေမေ ဒီဆိုင်က ဦးဦးဆိုင်တဲ့၊ သားကြိုက်တဲ့ အရုပ်တွေကို အလကားရမှာ၊ ယူလိုက်မယ်နော်"

အရုပ်ဆိုင်ထဲ ရောက်နေတာတောင် ခွင့်တောင်းနေသော သား ကို မဟန့်၍လည်း မရ၍

"အများကြီး မယူရဘူး၊ တစ်ရုပ်ပဲ ယူနော်"





"ဟုတ်ကဲ့ မေမေ"

"ကြိုက်သလောက် ယူပါ မြတ်လေးပန်းရယ်၊ အဓိကက သား ပျော်နေဖို့ပဲ မဟုတ်လား"

"ဒါပေမဲ့ ဒါစီးပွားရေးလုပ်နေတာလေ ကိုနေမင်းသွင်ရယ်၊ သူ့ကိုအရမ်းအလိုလိုက်လို့ မရဘူး"

"ဟုတ်ကဲ့ပါ မေမေ သား လျှပ်စစ်ကားလေးပဲ ယူမှာပါ"

မှန်ဗီရိုထဲမှာ ထည့်ထားသည့် လျှပ်စစ်ကားကို လက်ညှိုးထိုးပြီး

"သား အဲ့ကားပဲ ယူတော့မယ်"

မြတ်လေး ဟန့်ထား၍ သား အရုပ်တွေအများကြီး မရွေးရဲတော့ ဘဲ သူ့စိတ်တိုင်းအကျဆုံး အကြိုက်ဆုံးအရုပ်တစ်ရုပ်ကိုသာ ရွေးချယ် လိုက်သည်။

"ညီမရေ ဒီလျှပ်စစ်ကားနဲ့ ဟောဟိုက ဂိမ်းကစားတဲ့ set တွေကိုပါ ပါကင်ထုတ်ပေးလိုက်ပါ"

ထိုစဉ် မြတ်လေးထံမှ ဖုန်းမြည်လာသည်။ မောင့်ဆီမှ ဖြစ်သည်။

"ဟဲလို မောင်ရေ သားနဲ့လမ်းလျှောက်ထွက်ရင်း အရုပ်ဆိုင် ရောက်နေတယ်၊ မောင် ပြန်ရောက်နေပြီလား"

မြတ်လေး ဖုန်းပြောနေခြင်းကို ကိုနေမင်းသွင် တစ်ချက်လှည့် ကြည့်ပြီး သားလိုချင်သေးသော အရုပ်တွေ ထပ်ပေးနေပြန်သည်။

"ဪ ပြန်ရောက်ပြီဆိုရင်တော့ မြတ်လေးတို့ ခုပဲ ပြန်လာ ခဲ့တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့တော့မည်ဆို၍ သား အရုပ်တွေပိုက်ထားရင်း မြတ်လေးကို လှည့်ကြည့်သည်။

"မေမေ ပြန်တော့မလို့လား"

"သား ဖေဖေ ပြန်ရောက်ပြီတဲ့၊ မေမေတို့ ပြန်ကြတာပေါ့"

"ဒါဆိုရင် ကျွန်တော် ပြန်လိုက်ပို့ပေးမယ်လေ"

"ရပါတယ် ကိုနေမင်းသွင်၊ မြတ်လေး တက္ကစီနဲ့ပဲ ပြန်လိုက်ပါမယ်"

အရုပ်တွေ စားစရာတွေ တစ်ပွေ့တစ်ပိုက်နှင့် ကိုနေမင်းသွင်ကိုယ်တိုင် အိမ်ရှေ့အထိလိုက်ပို့မည်ဆိုလျှင် မောင် တစ်မျိုးထင်သွားနိုင်သည့်မို့ မြတ်လေးဘက်က အတတ်နိုင်ဆုံး ဆင်ခြင်ရမည်။

ပြန်မည်ဆို၍ သား မျက်နှာသိပ်မကောင်း။ နေမင်းသွင်ကို နှုတ်ဆက်တာတောင် စိတ်မပါ့တာပါ။

"ဦးဦး သားသား ပြန်တော့မယ်နော်၊ နောက်နေ့ လမ်းလျှောက်ထွက်ရင် သားဆီကို ဦးဦးလာဦးမှာလား"

"အင်း သားဖုန်းဆက်လိုက်လေ၊ ဦးဦး လာခဲ့မှာပေါ့"

"တကယ်လား"

"တကယ်ပေါ့ သားရ"

"ဟား ဟား ဒါဆိုရင် သား ဖုန်းဆက်လိုက်မယ်နော်"

"အိုကေ"

"အိုကေ ဦးဦး၊ သား သွားတော့မယ်"





"မြတ်လေးတို့ ပြန်လိုက်ဦးမယ်နော် ကိုနေမင်းသွင် အရုပ်တွေရော မုန့်တွေရော လက်ဆောင်ပေးလိုက်တဲ့အတွက် ကျေးဇူးတင်တယ်"

"ကျေးဇူးတင်ဖို့ မလိုပါဘူး မြတ်လေးရယ်၊ ကျွန်တော်နဲ့သားကြားက မမြင်နိုင်တဲ့ကြိုးတစ်ချောင်းက အတိတ်မှာကတည်းက အကြောင်းပါလာပြီးသားမို့ ခုလိုမျိုးတွေ့ဆုံရင်းနှီးကြရတာပါ၊ တခြားအာရည်ရွယ်ချက်မှ မရှိပါဘူး။ အဲဒီအတွက် ကျွန်တော့်ကို နားလည်ပေးပါ"

"ကိုနေမင်းသွင်ရဲ့ စေတနာကို မြတ်လေး အသိအမှတ်ပြုပါတယ်"

"ဩော် နေဦး ကားကို မြတ်လေး မငှားနဲ့၊ သော်စိုးရေ သော်စိုး"

"ဗျာ ဆရာ"

"တက္ကစီ တစ်စီးထွက်တားစမ်း။ စမ်းချောင်းဘက်သွားမလို့ ပြောပြီးငှား"

"ဟုတ်ကဲ့ ဆရာ"

ဆိုင်ဝန်ထမ်းကောင်လေး ဆိုင်ထဲမှ ခပ်သွက်သွက်ထွက်သွားသည်။ မြတ်လေးနှင့်သားပါ ဆိုင်အပြင်ကို ထွက်ခဲ့လိုက်သည်။

တက္ကစီသမားရောက်သည်နှင့် ကားခပါ တစ်ခါတည်း ရှင်းပေးလိုက်သောကြောင့် မြတ်လေးပန်း အားနာ၍မဆုံးတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"လမ်းလျှောက်ထွက်တယ်လည်း ပြောသေးတယ်၊ ဝယ်လာတာတွေက များလှချည်လား မြတ်လေး"

တက္ကစီကားပေါ်က ဆင်းဆင်းချင်း အရုပ်တွေပိုက်ပြီး ဆင်းလာသော သားနှင့် စားစရာထုပ်တွေ သယ်လာသော မြတ်လေးကိုကြည့်ပြီး ထူးမြတ် တအံ့တသြ မေးလိုက်သည်။

"သားက ပူဆာလို့ မေမေက ဝယ်ပေးတာ"

အကင်းပါးလွန်းသော သား၏အဖြေကြောင့် အမှန်အတိုင်းပြောဖို့ ဟန်ပြင်လိုက်သော မြတ်လေးနှုတ်တို့ ဆွံ့အသွားသည်။

"သားက ပူဆာတယ် ဟုတ်လား၊ မေမေကလည်း ဝယ်ပေးတယ်ဆိုတော့ သားတို့သားအမိက ဘောစိတွေပဲကွ ဟား ဟား ဟား"

သားကိုပွေ့ချီပြီး အိမ်ထဲဝင်သွားသည်။ ဘယ်ကငွေတွေနဲ့ဝယ်လာသလဲ၊ ဘယ်မှာသွားဝယ်ကြသလဲဆိုတာကို မေးဖော်တော်မရတော့။

မောင်က မမေးမှတော့ မြတ်လေးလည်း ဖြေစရာအကြောင်းမရှိတော့။

မီးဖိုခန်းထဲ တန်းဝင်လာပြီး ထမင်းစားဖို့ပြင်ဆင်ပေးလိုက်သည်။ စားပွဲပေါ်မှာ ထမင်းဟင်း အစုံအလင်ရောက်ပြီးမှ

"မောင် မစားသေးဘူး မြတ်လေး၊ ရုံးဆင်းတာနဲ့ ဗိုက်ဆာလို့ဆိုပြီး မောင်နဲ့မိုးကျော် ရှမ်းခေါက်ဆွဲ စားခဲ့ကြတယ်၊ မြတ်လေးဗိုက်ဆာပြီလား၊ ဆာရင်စားနှင့်တော့နော် မောင့်ကိုမစောင့်နဲ့"





အားလုံးပြင်ဆင်ပြီးကာမှ မစားဘူးဆို၍ မြတ်လေးပန်း စိတ်မောသွားသည်။ ယခင်ကဆိုလျှင် ရုံးကပြန်လာတာနှင့် ဗိုက်ဆာတယ်ဆိုပြီး မြတ်လေးကို ထမင်းပွဲပြင်ခိုင်းနေကျ။

မိုးကျော်နှင့်စားလာတာရော ဟုတ်ရဲ့လားဟု စိတ်ထဲမှာ သံသယပင် ဝင်မိသေးသည်။

"သား အရုပ်တွေကို စည်းကမ်းရှိရှိဆော့နော်၊ အန်တီယုဇနပေးတဲ့အရုပ်လေးတွေကိုလည်း ဆော့ပါဦး၊ ဖေဖေ့သားက အရုပ်အသစ်မြင်ရင် အဟောင်းကို မကိုင်တော့ဘူး"

"သား ဆော့ပါတယ် ဖေဖေ ခုတစ်လော နေမကောင်းလို့ မဆော့ဖြစ်တာ၊ ဒါနဲ့ အဲဒီအန်တီရော သားကို အရုပ်တွေအများကြီးပေးသိုက်တာဆိုတော့ အရုပ်ဆိုင်ဖွင့်ထားလို့လား"

နေမင်းသွင်လို အရုပ်ဆိုင်ဖွင့်ထားတာလားဟူသော အဓိပ္ပာယ်ဆက်ရောက်သည့်မေးခွန်းမျိုးမို့ ထူးမြတ် သဘောမပေါက်ပေမယ့် မြတ်လေး သဘောပေါက်သည်။

သား မြတ်လေးကိုလှမ်းကြည့်ပြီး တခြား ဘာမှဆက်မပြောတော့။ မြတ်လေးမှာသာ ထိုကိစ္စအတွက် မောင့်ကိုဖွင့်ပြောမှဖြစ်မည်ဟု သေသေချာချာ တွေးလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"အားနာစရာကြီး မယုဇနရယ်၊ ကျွန်တော့်မှာ ဝတ်စရာအင်္ကျီ
တွေ ရှိပါတယ်"

ကမ်းပေးသည့် အမျိုးအစားကောင်းသော စပို့ရှပ်အင်္ကျီပါကင်
ကို လှမ်းမယူသေးဘဲ ထူးမြတ် ငြင်းသည်။

"ကြည့် ကိုထူးမြတ်ရယ် ငြင်းမနေပါနဲ့၊ ဒီနေ့ ယုဇန အမွေ
အများကြီးရလို့ ရုံးကခင်မင်တဲ့မိတ်ဆွေ သူငယ်ချင်းတွေကို လက်ဆောင်
ပြန်ပေးတာပါ"

"ဟုတ်တယ် ထူးမြတ်ရ မယုဇနက အမွေသိန်းနှစ်ထော
လောက်ရတာ ဒါတောင် တိုက်တစ်လုံး ပါသေးတယ်"

မိုးကျော်ပါ ရှပ်အင်္ကျီပါကင်ထုပ်ကို ကိုင်လာရင်း တိုက်တွန်း
လိုက်သည်မို့ ထူးမြတ် အားနာစွာနှင့် ယူလိုက်ရသည်။





"ဟုတ်တယ် ကိုထူးမြတ်ရဲ့၊ ကျွန်မအဘွားက အခုဆုံးသွား
ပြီလေ၊ အဲ ဆုံးတယ်ဆိုတာလည်း သုံးလလောက်တော့ ရှိပါပြီ၊ ကျွန်မက
တစ်ဦးတည်းသော မြေးမို့ အဘွားရဲ့ပိုင်ဆိုင်မှုထဲက သုံးပုံပုံ တစ်ပုံရ
တယ်လေ၊ ကျန်တဲ့နှစ်ပုံက ကျွန်မအမေနဲ့ ဦးလေးရတယ်"

"ဒါဆို မယုဇနတို့က အမေရော သမီးရော အမွေတွေ အများ
ကြီးရလိုက်တာပေါ့၊ ကံကောင်းလိုက်တာဗျာ ဝမ်းလည်းသာပါတယ်"

"ဒီလောက်အမွေတွေ သိန်းကို ထောင်နဲ့ချီပြီး ရတာကို
ကျွန်တော်တို့ကို ဒီလောက်နဲ့ချွေးသိပ်တယ်၊ မသကာဆို စားသောက်ဆိုင်
လေး ဘာလေးမှာ ဖိတ်ကျွေးသင့်တာပေါ့နော် ထူးမြတ်"

"ဟာ အောင်ဇော် မဟုတ်တာကွာ၊ မင်းဘာတွေလျှောက်ပြော
နေတာလဲ၊ မယုဇနကို အားနာစရာကွာ အောင်ဇော်ရာ"

မုဒိတာပွား ဝမ်းသာပေးနိုင်ပေမယ့် ထိုမျှလောက်ထိ အခွင့်
အရေးယူဖို့တော့ မသင့်။

"ဟိုးအရင်တစ်ခေါက်ကလိုပွဲမျိုးကို လွမ်းလို့ပါကွာ၊ အဲ့တုန်းက
**တစ်ဖွဲ့လုံး** ပျော်ကြရတာပဲမဟုတ်လား"

"ဒါတော့ ဒါပေါ့ကွာ မင်းကလည်း"

ထူးမြတ် အားနာ၍မဆုံးတော့၊ ထူးမြတ် အားနာနေပုံကိုကြည့်
ပြီး ယုဇနလွင် ရယ်သည်။ မိုးကျော်နှင့်အောင်ဇော်က ပို၍အသံကျယ်
ကျယ်ရယ်သည်။ ယုဇနလွင်ကိုတော့ ဘာမှမပြောဘဲ မိုးကျော်နှင့်အောင်
ဇော်ကို ဘုကြည့်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က ဘာတွေရယ်နေကြတာလဲ"

"ရယ်မှာပေါ့ကွာ မင်းအားနာနေပုံကြီးက ရယ်ချင်စရာကောင်းလို့ပေါ့ကွ"

"ကဲပါ ကိုထူးမြတ်တို့ ကိုမိုးကျော်တို့ရယ် ကျွန်မက အားလုံးစီစဉ်ပြီးသားပါ၊ ဒီတစ်ခေါက် My Garden မှာတော့ မဟုတ်ဘူး အိမ်မှာလေ၊ ကျွန်မ ကတော့ မချက်မပြုတ်နိုင်ဘူးဆိုတော့ ဟိုတယ်ကပဲမှာပြီး အိမ်မှာဧည့်ခံမယ်၊ ဘယ်လိုလဲ သဘောတူလား"

"အဲလကား စားရသောက်ရတာပဲ၊ သဘောမတူစရာ ဘာရှိလဲ မယုဇနရယ်"

မိုးကျော်နှင့်အောင်ဇော် သံပြိုင် သဘောတူလိုက်ကြသည်။ ထူးမြတ်ကတော့ ဘာမှမပြောဘဲ ငြိမ်၍နေသည်။

"ကိုထူးမြတ် မျက်နှာသိပ်မကောင်းဘူးနော်၊ ဘာဖြစ်နေလဲ နေမကောင်းဘူးလားဟင်"

"ကောင်းပါတယ် မယုဇနရယ်၊ ကျွန်တော် ညကျရင် အချိန်ရပါ့မလားလို့ ဒီညတောင် ရုံးစောစော ဆင်းရမှာ"

"ရှင် ဘာဖြစ်လို့လဲ"

"သားက နေမကောင်းပြန်ဘူးလေ၊ ညနေ ဆေးခန်းပို့ရမှာ"

"သြော်"

"မင်းကလည်းကွာ မင်းသား နေမကောင်းတာ ခုမှကျနေတာပဲ၊ ဒီပွဲမျိုးက တစ်ခါတလေမှ ဆုံကြုံရတာကို၊ အရှင်းမလာဘဲနဲ့တော့





မနေပါနဲ့၊ ဆေးခန်းပို့ပြီး အိမ်ရောက်တာနဲ့ ထွက်လာခဲ့လိုက် တက္ကစီငှားလာ အဲဒီ တက္ကစီခကို ငါပေးမယ်"

"ဟုတ်ပါတယ်ကွာ မင်းမပါရင်တော့ ဒီပွဲက ဘယ်အသက်ဝင်တော့မှာလဲ"

"ဒါဆိုလည်း မနက်ဖြန်ကျမှလုပ်လေ၊ ကျွန်မက ဧည့်ခံရမယ့်သူဆိုတော့ ဘယ်နေ့ဖြစ်ဖြစ် အဆင်ပြေပါတယ်"

ကိုယ့်ကြောင့် ရက်ရွှေ့ရမည်ဆိုတော့ ထူးမြတ် အထောက်ကိုင်ရာကျမည်။ ကိုယ့်ကြောင့် တခြားသူတွေ၏အလုပ်တွေပျက်စီးရာကျမည်။ မယုဇနကိုလည်း အားနာသည်။

အဖွဲ့တွေအားလုံးထဲမှာ ယုဇနလွင် အခင်ဆုံးလူက ထူးမြတ်ဖြစ်သည်။ အကျီလက်ဆောင်ပေးတာတောင် ထူးမြတ်အတွက် ရွေးထားသည့်အကျီဒီဇိုင်းက ပို၍လှသည်။

မယုဇနလွင်လည်း မျက်နှာသိပ်မကောင်း။ အားနာတတ်သောအကျင့်မှာ ထူးမြတ်၏မွေးရာပါ အားနည်းချက်မို့

"အင်းလေ ဒါဆိုလည်း ညနေကျရင် ကျွန်တော် ဆေးခန်းကိုပို့ပေးခဲ့ပြီးတာနဲ့ လာခဲ့ပါ့မယ်"

"အိပ်ရာလိပ်ပါ ယူခဲ့"

"ဟမ် ဘာလဲဟ လိုလို့လား"

စပ်ဖြဲဖြဲဖြင့် မှာနေသော အောင်ဇော့်ကိုကြည့်ပြီး အရိုးခံ့ပြန်မေးလိုက်သည်။ ယုဇနလွင်ထံမှ ခစ်ခနဲ ရယ်သံကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်ပြီဆိုမှတော့ ခေါင်းမထောင်နိုင်အောင် သောက်ကြတော့မှာမို့ အိပ်ရာလိပ်ယူလာခဲ့ဖို့ မှာတာပေါ့၊ ဒီကောင် အောင်ဇော်က ကြွက်တွင်းပဲဟာ"

"အမလေး ကြွက်တွင်းမဟုတ်ဘဲ နဂါးတွင်းဆိုရင်လည်း ကျွန်မတို့က တာဝန်ကျေကျေ ညှော်ခံမှာပါ၊ ဩော် ကိုထူးမြတ် အမျိုးသမီးပါ ခေါ်လာလို့ရတယ်နော်၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

မြတ်လေးကို ခေါ်လာလို့ရသည်ဆို၍ ထူးမြတ် စိတ်ကူးတစ်ခု ရသွားသည်။

မြတ်လေးကို အပါခေါ်ရမည်။

■ ■ ■

"ဒီအကျႌက ဝယ်လာတာလား မောင်"

"မဟုတ်ဘူး မြတ်လေး မယုဇနလွင် လက်ဆောင်ပေးတာလေ၊ ဒီညလည်း သူ့ဒင်နာရှိတယ်၊ မောင်တို့အားလုံး သွားရမှာ၊ သားကို ဆေးခန်းပြစရာရှိလို့ မောင် စောစောပြန်လာတာလေ"

ကလေးနေမကောင်းနေတာတောင် ဒင်နာအတက်မပျက်သော မောင့်ကို မြတ်လေးပန်း နားမလည်စွာ ကြည့်လိုက်သည်။

"သွားစရာရှိတာ သွားလေ ရပါတယ်၊ အရင်ကလည်း မြတ်လေးတို့သားအမိနှစ်ယောက်ထဲ သွားနေကျပဲဟာ"

သားကျန်းမာရေးထက် ဒင်နာပွဲတက်ဖို့သာ အာသီသရှိသော မောင့်ကို တမင်ပင် ရွဲ့ပြောလိုက်ခြင်းဖြစ်သည်။ ဒါကို ရွဲ့ပြောသည်ဟုပင်





သဘောမပေါက်သော မောင်မှာ

"မြတ်လေးတို့ဆေးခန်းပို့ပြီးတာနဲ့ သွားမယ်လေ၊ အိမ်ပြန်နောက်ကျရင်လည်း ဘာမှမပူနဲ့နော် မြတ်လေး"

"ဟင့်အင်း မပူပါဘူး မောင်က မူကြိုကျောင်းသားလေးမှ မဟုတ်တာ၊ ကလေးတစ်ယောက်အဖေပဲ ဖြစ်နေပြီ၊ မြတ်လေးက နေရာတကာ လိုက်ပြီး ချုပ်ချယ်နေလို့မှမရဘဲ"

မြတ်လေး မျက်နှာပေါ်မှာ အရိပ်အယောင်မရှိ။ ဘာမှလည်း စိတ်ထဲထားပုံမပေါ်။

"အရာရာကို မောင့်စိတ်ကြိုက် နေထိုင်နိုင်တယ် မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ မြတ်လေး ဘာမှမဝေဖန်ချင်တော့ဘူး မောင်၊ ခုချိန်မှာ မြတ်လေး ခေါင်းထဲမှာရှိတဲ့အရာက မြတ်လေးရဲ့သား ရောဂါ အမြန်ဆုံး သက်သာဖို့ပါပဲ"

"မောင်လည်း မြတ်လေးလိုပါပဲ သားကိုစိတ်ပူတာပေါ့၊ ဒါပေမဲ့ မောင့်မှာ အလုပ်တစ်ဖက်နဲ့လေ၊ သားကိုအချိန်ပြည့် ဘယ်လိုစောင့်ရှောက်နိုင်မှာလဲ"

ယုံပါတွယ် မောင် သားရဲ့ဆေးကုစရိတ်တောင် မြတ်လေး ဖာသာရှန်းကန်ရှာဖွေနေရတာပဲ၊ မောင့်ခေါင်းထဲမှာ အတွေးထဲမှာ သားထက် ယုဇနလွင်ဆိုတဲ့ အမျိုးသမီးက ကြီးစိုးနေပြီဆိုတာ မြတ်လေး ကောင်းကောင်းသိတာပေါ့။ ထိုစကားကို ရင်ထဲက နင့်နင့်သီးသီး ပြောလိုက်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင် အခု ရာထူးတက်ဖို့အတွက် အလုပ်တွေကြိုးစားနေတယ် မြတ်လေး၊ မယုဇနလွင်ကလည်း အထက်လူကြီးကို ကောင်းကောင်းထောက်ခံပေးမယ်တဲ့၊ ရာထူးတက်သွားရင်တော့ လစာလည်း ပိုရမယ်၊ လုပ်ပိုင်ခွင့်တွေလည်း ပိုရှိလာမယ်၊ ခုတောင် နယ်ဘက်ကို ဈေးကွက်ဆင်းမှာ မောင့်အဆက်အသွယ်တွေနဲ့ချည်းပဲဆိုတာ ဥက္ကဋ္ဌကြီးကိုယ်တိုင် မမေးဘဲ မြင်နေရတာလေ"

သူ့ရည်မှန်းချက်ကို သူကိုယ်တိုင် အကောင်အထည်ဖော်ဖို့ ကြိုးစားနေသော မောင့်စိတ်ထဲကို မြတ်လေး ဝင်ကြည့်ခွင့်ရှိမည်ဆိုလျှင် ဝင်ကြည့်ချင်သည်။

"ကောင်းပါတယ် မောင်၊ ရာထူးမြန်မြန်တက်ပါစေလို့ပဲ မြတ်လေး ဆုတောင်းပေးပါ့မယ်၊ ဒီနေ့လည်း စိတ်ဖြောင့်ဖြောင့်သွားပါ၊ လမ်းပေါ်မှာ လူသူကင်းမဲ့နေတဲ့အချိန်မှာတောင် သားကိုမြတ်လေးတစ်ယောက်ထဲ ဆေးခန်းကို ရအောင်ပို့နိုင်သေးတာပဲ၊ မောင် ဘာမှမပူပါနဲ့ အဓိကက မောင် စိတ်ချမ်းသာဖို့ပဲ"

ရင်ထဲမှာ တဆစ်ဆစ်နာကျင်ရသော အနာတွေတောင် အကင်းမှမသေသေးတာပဲလေ။

"ဒါဆိုရင် မောင် ဆေးခန်းလိုက်ဖို့ မလိုတော့ဘူးပေါ့"

ခံစားချက်မပါသော မြတ်လေး၏စကားလုံးတွေသည် တစ်ခါတစ်ရံမှာ လူကို ခနဲ့နေသလို ခံစားမိသည်။ မြတ်လေးခေါင်းညိတ်သည်။ မြတ်လေး ခုတစ်လော ဘာတွေဖြစ်နေတာလဲ။ ဘာကို အလို





မကျဖြစ်နေတာလဲ။

မေးပြန်လျှင်လည်း သားရှေ့မှာ စကားများကြရဦးမှာမို့ ထူးမြတ် မေးမနေတော့ဘဲ ခပ်ဆိတ်ဆိတ်ပင် နေလိုက်တော့သည်။

မြတ်လေး အခန်းထဲဝင်လာလိုက်သည်။ မောင့်ရှေ့မှာဆက်နေလျှင် မျက်ရည်တွေကို မောင် မြင်လိမ့်မည်။ မြတ်လေးရင်ထဲမှာ မောင့်ကြောင့် ဘယ်လောက်ကြေကွဲခံစားနေရသလဲဆိုတာ မောင့်ကို မသိစေချင်။ မောင်သိဖို့လည်း မလို။

မြတ်လေးနဲ့ယုဇနလွင်ကြားမှာ မောင့်စိတ်တွေကို စိုးမိုးနေတာ ဘယ်သူဖြစ်နိုင်မလဲ။

မြတ်လေး မဟုတ်တာတော့ သေချာသလောက် ရှိနေပြီ မောင်၊ သားကတော့ ဟိုးအဝေးဆုံးမှာပေါ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ဒီနေ့ ရဂုံလေးကို ဆေးခန်းပြရမည့်ရက်ဆိုတာ နေမင်းသွင် မှတ်မိနေ၍ လုပ်လက်စ စာရင်းဇယားတွေကို လက်စသတ်ကာ ရှေ့ရုံချိန်ပြီး မြတ်လေးပန်းတို့အိမ်သို့ ကားမောင်း၍ ထွက်လာခဲ့လိုက်သည်။

"တီ တီ တီ"

အိမ်ရှေ့အရောက်တွင် ကားဟွန်းသံပေးလိုက်သည်။

အမျိုးသမီးကြီးတစ်ယောက် ထွက်လာသည်။ သူ့နောက်မှ မြတ်လေးပန်း လိုက်ထွက်လာသည်။

"ဩော် ကိုနေမင်းသွင်ပါလား"

"သူက ဘယ်သူလဲ မြတ်လေး"

အန်တီခင် အမေးကြောင့် မြတ်လေး စိတ်ထဲမှာ ဖြတ်ခနဲ ပေါ်လာသည့်အဖြေတစ်ခုကို အလွယ်တကူ ဖြေလိုက်သည်။

"အဲဒါ မြတ်လေးရဲ့အစ်ကိုဝမ်းကွဲလေ၊ မတွေ့ဖြစ်ကြတာ နှစ်





တွေတော်တော်ကြာပြီ ခုမှ ပြန်ဆုံကြတာ"

"ဩော် ဒါကြောင့် ရုပ်ချင်းဆင်ပါတယ်လို့ လာပါ တက်ပါ မောင်လေး"

နေမင်းသွင် မြတ်လေးနှင့်အန်တီခင်ကို ပြုံးပြပြီး အိမ်လှေကားပေါ်တက်လာလိုက်သည်။

"သားရော နေကောင်းရဲ့လား"

"ဒီရက်ထဲမှာ နည်းနည်းတော့ မိုန်းတယ် ကိုနေမင်းသွင်၊ ဒီနေ့ ဦးဦးလာမှာလားလို့တော့ မြတ်လေးကို မေးနေတာ"

ရဂုံလေးက သူ့ကိုမေးသည်ဆို၍ နေမင်းသွင် စိတ်ထဲ ပီတိဖြစ်သွားရသည်။

"ကဲ အန်တီခင်လည်း ပြန်ဦးမယ်ကွယ်၊ ဒီည မောင်တို့မြတ်အိမ်ပြန်နောက်ကျမှာဆိုတော့ အရေးအကြောင်းရှိရင် အန်တီခင့်ကို ဖုန်းဆက်၊ မြတ်လေးတို့ဘေးအိမ်တွေက လူရှိတာမဟုတ်ဘူး။ အရေးအကြောင်းဆိုရင် အိမ်နီးနားချင်းကလည်း မဖြစ်မနေလိုအပ်တယ်"

မြတ်လေးကို မှာစရာရှိတာ မှာကြားပြီး အန်တီခင် အကြည့်တွေက နေမင်းသွင်ဆီ ရောက်လာပြီး

"မောင်လေးရေ အန်တီခင် ပြန်လိုက်ဦးမယ်၊ မောင်နှမတွေ စကားပြောကြဦး"

"ဟုတ်ကဲ့ပါ ခင်ဗျ"

အန်တီခင် အိမ်ပေါ်မှ ဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရော"

"အိပ်နေတယ် ကိုနေမင်းသွင် ဆေးတွေက နည်းနည်းပြင်းတော့ ဆရာဝန်က အိပ်ဆေးပါထည့်ပေးထားတယ်ထင်တယ်၊ ဆေးခန်းသွားဖို့ အချိန်လိုသေးလို့ မြတ်လေးလည်း မန္တီးသေးတာလေ"

တည်ငြိမ်အေးဆေးလွန်းသော မြတ်လေးကိုကြည့်ပြီး နေမင်းသွင်စိတ်ထဲမှာ မရှင်းတာတစ်ခု မေးဖို့ အတွေးရောက်သွားသည်။ မြတ်လေးပန်း၏မျက်နှာသည် အမြဲတမ်း မလန်းဆန်းဘူးဟု စိတ်ထဲမှာ ထင်မိသည်။

"ဒါနဲ့ သားရဲ့အဖေရော ကျွန်တော်လာတိုင်း မတွေ့ဘူး မြတ်လေးနဲ့မိတ်ဆွေတွေဖြစ်နေကြပြီဆိုတော့ မြတ်လေးအမျိုးသားနဲ့လည်း မိတ်ဆွေဖြစ်သင့်ပြီလေ"

"သူ ဒီနေ့ ဒင်နာတစ်ခုရှိလို့ ရုံးကစောစောဆင်းပြီးမှ ရေမိုးချိုး ပြီး ပြန်ထွက်သွားတယ်"

"ဪ"

"ကိုနေမင်းသွင် ကော်ဖီလေး သောက်ပါလားဟင် မြတ်လေး ဖျော်ပေးမယ်လေ"

"အင်း ကောင်းသားပဲ ကျွန်တော်လည်း ဒီနေ့တစ်နေ့လုံး စာရင်းဇယားတွေနဲ့ အချိန်ကုန်နေလို့ ကော်ဖီသောက်ဖို့တောင် သတိ မရတော့ဘူး"

"ဒါဆို ခဏစောင့်နော် မြတ်လေး သွားဖျော်လာခဲ့မယ်"





"အိုကေ မြတ်လေး"

မြတ်လေး မီးဖိုခန်းဘက် ဝင်သွားသည်။ နေမင်းသွင် ဧည့်ခန်းထဲမှာ တစ်ယောက်ထဲကျန်ခဲ့ပြီး ရှင်းလင်းသပ်ရပ်နေသော အိမ်ခန်းအပြင်အဆင်ကိုကြည့်ပြီး မြတ်လေးအား မိန်းမပီသလွန်းသူဟု စိတ်ထဲမှ တိတ်တဆိတ် မှတ်ချက်ချလိုက်သည်။

သူကရော ဘာကြောင့်များ မြတ်လေးတို့ သားအမိအပေါ်မှာ သံယောဇဉ် လာတွယ်မိနေပါလိမ့်။

အတိတ်ကအကြောင်းတွေကြောင့် ဒီဘဝမှာ လာဆုံတွေ့ကြရပေမယ့် နေမင်းသွင်စိတ်ထဲတွင် ဘာကြောင့်မှန်းမသိ အလိုလိုရင်းနှီးနေသလို ခံစားနေရသည်။

ကိုယ့်ရဲ့အထီးကျန်အချိန်တွေကို မြတ်လေးတို့သားအမိနှင့် အချိန်ကုန်နေရလျှင် ပျော်နေသည်။ ကလေးချစ်တတ်လွန်းသော နေမင်းသွင်အဖို့ တီတီတာတာ ပြောတတ်လွန်းသော ရဂုံလေးကိုလည်း သနားတရုဏာစိတ်ဖြင့် ချစ်ခင်နေမိသည်။ ဒီကလေး၏လိုအပ်ချက် တောင့်တချက်တွေကို အလိုလိုဖြည့်ဆည်းပေးချင်နေမိသည်။ ဒီ့အတွက် နှမြောတွန့်တိုခြင်းဆိုတာ အလျဉ်းမရှိ။

"ကိုနေမင်းသွင် သောက်လိုက်ပါဦး"

ကိုယ့်ရှေ့လာချပေးသော ကော်ဖီခွက်ကို အတွေးစတို့ဖြတ်ပြီး အစ်ငုံယူသောက်လိုက်သည်။

"ဟား ဒီနေ့တစ်နေ့လုံး ကော်ဖီမသောက်ရသေးလို့ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီက အရမ်းအရသာရှိတယ်၊ ကော်ဖီတောင် အဲလောက် အရသာရှိရင် ထမင်းဟင်းချက်ရင်လည်း အရသာတော်တော်ရှိမှာပဲနော်"

"အဲလောက်လည်း မဟုတ်ပါဘူး ကိုနေမင်းသွင်ရယ်"

မြတ်လေး ရုက်ပြုံးလေးဖြင့် ငြင်းဆန်လိုက်သည်။

"တကယ်ပြောတာ တစ်ရက်လောက်တော့ မြတ်လေးပန်း ချက်ကျွေးတဲ့ ထမင်းဟင်းစားကြည့်ချင်သေးတယ်ဗျာ"

"ရပါတယ် ကိုနေမင်းသွင်ရယ်၊ မြတ်လေး ချက်ကျွေးပါ့မယ်"

"တကယ်လား"

"အင်း တကယ်ပေါ့"

"ဒါဆိုရင် မြတ်လေးတို့မိသားစုရယ် ကျွန်တော်ရယ် ကျွန်တော့် အိမ်မှာ စုံကြမယ်လေ၊ အဲဒီနေ့ကျရင် မြတ်လေးရဲ့လက်ရာကို အားရ ပါးရ စားချင်တယ်၊ ဘယ်လိုလဲ ဖြစ်မလား၊ ကျွန်တော် တောင်းဆိုတာပါ"

မဖြစ်နိုင်ပါဘူး ချက်မကျွေးနိုင်ပါဘူးဟု ငြင်းဆန်၍မကောင်းသည့်အတွက် မြတ်လေး အားနာနာနှင့်ပင် ခေါင်းညိတ်လိုက်သည်။

"ဟာ တကယ်နော် နောက်မှ အစီအစဉ်ဖျက်တယ်လို့ မပြောနဲ့နော်၊ ကျွန်တော် အဲဒီနေ့ကို မျှော်နေမှာနော် မြတ်လေး"

"ဟုတ်ကဲ့"

"မေမေ ဦးဦး ဘာကိုမျှော်တာလဲဟင်"

အိပ်ရာထဲမှ ထွက်လာသော ရဂုံလေး မျက်လုံးကိုပွတ်သပ်ပြီး နေမင်းသွင်နားလျှောက်လာရင်း မေးသည်။ နေမင်းသွင် ပေါင်ပေါ်ခိုး





တင်လိုက်ပြီး

"သားသားကို ဦးဦးအိမ်ကို အလည်ခေါ်မလို့ပေါ့ သားရေ"

"ဟင် တကယ်"

"တကယ်ပေါ့ မယုံရင် သားမေမေကို မေးကြည့်"

"ဟုတ်လား မေမေ"

မြတ်လေး ခေါင်းညိတ်ဖြေလိုက်သည်။

"ဒီနေ့လားဟင်"

"ဒီနေ့တော့ ဘယ်ဟုတ်မလဲ သားရယ်၊ သားဖေဖေ ရုံးပိတ်ရက်တစ်ရက်ပေါ့"

"ဟာ ဖေဖေက ရုံးပိတ်ရက်လည်း အားတာမှမဟုတ်တာ၊ ဘယ်လိုလုပ်မလဲ မေမေရ"

"ပြော် အားပါတယ် သားရဲ့"

"ဦးဦးတို့အိမ်က ချမ်းသာလားဟင်၊ ကစားကွင်းရော ရှိလား၊ ရေကူးကန်တို့ ဘာတို့ရော"

"ကစားကွင်းတော့ မရှိဘူး၊ ရေကူးကန်တော့ ရှိတယ်သားရ"

"ဟား တကယ် ဒါဆို ဦးဦးက သူဌေးလား"

"အင်း ပိုက်ဆံနည်းနည်းလေး ပိုရှိရုံပါ သားရ"

"မေမေ ဒီတစ်ပတ် သွားမယ်နော် မေမေ၊ ဖေဖေ့ကိုပြော ဒီ တစ်ပတ် ဘယ်မှမသွားရဘူးလို့ ဦးဦးအိမ်ကို သွားလည်ကြမယ်လို့ ပြောနော် မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ မေမေ ပြောကြည့်ပါ့မယ် သားရယ်၊ ကဲ နိုးပြီဆိုရင်တော့ အဝတ်အစားလဲကြမယ်နော်၊ သားသား ဆေးခန်းသွားရမယ်"

"ဦးဦး လိုက်ပို့"

"ပို့မှာပေါ့ သားရ"

"ကိုနေမင်းသွင်ရေ သားကတော့ မလွယ်ဘူး၊ သူက သံယောဇဉ် တအားကြီးတာ၊ တော်ရုံတန်ရုံကိုလည်း ခင်ခဲတယ်၊ ကိုနေမင်းသွင်နဲ့ကျမှ ပါးစပ်ကကို မချတော့ဘူး"

"ဒါပေါ့ မြတ်လေးပန်းရဲ့ ကျွန်တော်နဲ့သားနဲ့က ဟိုဘဝကဆွေမျိုးတော်ခဲ့လို့ ဖြစ်မယ် အဲ မြတ်လေးနဲ့ရောပေါ့"

နေမင်းသွင်အပြောကြောင့် မြတ်လေး ရင်ထဲနွေးထွေးသလိုခံစားသွားရသည်။

■ ■ ■

တရှုံ့ရှုံ့ငိုနေသော မြတ်လေးကို ထူးမြတ် ဘယ်လိုနှစ်သိမ့်ရမှန်းမသိတော့။ မြတ်လေးတင်မဟုတ် ထူးမြတ်ရင်ထဲမှာလည်း သားအတွက်တော်တော်လေး စိတ်ပူနေရသည်။

မြတ်လေး မျက်ရည်တွေဖြင့် မော့ကြည့်ပြီး

"ဘယ်လိုလုပ်ကြမလဲ မောင်၊ သားက ခွဲစိတ်မှာမလုပ်ဘူးဆိုရင် ခြောက်လပဲ ခံမယ်တဲ့၊ မြတ်လေး ရင်တွေ အရှင်လတ်လတ် အစွဲခံလိုက်ရသလို ခံစားနေရတယ် မောင်ရယ်၊ မြတ်လေး သားကို မခွဲနိုင်ဘူး၊ အဆုံးရှုံးမခံနိုင်ဘူး"





"မြတ်လေး ခံစားရသလို မောင်လည်း ခံစားရတာပါပဲကွာ၊ ခုဟာက ခွဲစိတ်ခက သိန်းတစ်ရာနီးပါးလောက် ကုန်မယ်ဆိုတော့ မောင်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ဘူး၊ ဒီအိမ်သာ မောင်တို့အိမ်ပိုင်ဆိုရင်လေ အိမ်ကိုရောင်းပြီး သားကို ကုလိုက်ပါတယ်ကွာ"

ထူးမြတ်လည်း ငိုသံပါကြီးနှင့် သားအတွက် ယူကြုံးမရ ဖြစ်နေရှာသည်။

တစ်လကို လစာလေးတစ်သိန်းလောက်ရဖို့ ရုန်းကန်နေရသည့် အနေအထားမျိုးမှာ သိန်းတစ်ရာဆိုတဲ့ငွေကို ဘယ်လိုနေရာက သွားပြီး နှိုက်ထုတ်ရမလဲ။

"ဒါဆိုရင် မြတ်လေးတို့သားကို အဆုံးရှုံးခံလိုက်ရတော့မှာလား မောင်၊ မောင်ကအဖေပဲ မောင်နည်းနည်းတော့ နည်းလမ်းရှာရမှာပေါ့"

သားဖေဖြင့် မောင့်အပေါ် တာဝန်တွေပုံချလိုက်သည်။

"ဆေးစကုစဉ်တုန်းကလည်း မြတ်လေး မောင့်ကို အပူမကပ်ခဲ့ပါဘူး၊ ရှာလည်း မရှာနိုင်ခဲ့ဘူး၊ မြတ်လေးဖာသာ ကိုယ့်လုပ်အားခလေးနှင့် သားရဲ့ဆေးကုစရိတ်ကို အတတ်နိုင်ဆုံး ခြိုးခြံသုံးစွဲခဲ့တာပါ မောင်ရယ်"

ယခု သိန်းတစ်ရာဆိုသော ငွေပမာဏကိုတော့ မြတ်လေး ဘယ်လိုရှာရမလဲ၊ မြတ်လေးရဲ့အသွေးအသားတွေနဲ့လဲပြီး ရှာလို့ရမယ်ဆိုလျှင်တောင် မြတ်လေး ဘာကိုမှ မမှု။ သားအသက်ရှင်ဖို့အတွက် ဘဝကိုတောင် စွန့်လွှတ်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



"မောင်လည်း ရသမျှ လခကို မြတ်လေးကို အပ်ခဲ့တာပဲ၊ ဒီထက်ပိုရှာဖို့ အခွင့်အရေးမှ မရခဲ့တာပဲ မြတ်လေးရယ်၊ နေပါဦး၊ စိတ်ကို အေးအေးထားပါ၊ မောင်နည်းလမ်းရှာပါရစေဦး၊ မြတ်လေး မောင့်ကို အဲလို ဘေးကနေ နားပူနားဆာလုပ်နေရင် မောင် ဘာမှမစဉ်းစားတတ်တော့ဘူး"

ထူးမြတ် စိတ်ရှုပ်လွန်းသဖြင့် မြတ်လေးကို ခပ်ငေါက်ငေါက် ပြောလိုက်သည်။

ခုချိန်မှာ ထူးမြတ် ခေါင်းတစ်ခုလုံး မီးခိုးလုံးတွေ အူထွက်နေသလို ထူပူနေသည်။

သားအသက်ဆက်ရှင်ဖို့အရေး ဘယ်လိုနည်းလမ်းမျိုးသုံးပြီး ငွေရှာရမလဲ။

ဘယ်သူ့ဆီက ချေးရမလဲ။ ချေးတော့ရော အတိုးနဲ့တွက်ကြည့် တစ်လကို အတိုးက နည်းမှာမဟုတ်။ ပေးရသည့်အတိုးက ကိုယ့်လုပ်အားခ လစာထက်ပင် ကျော်နေလောက်ပြီမို့ ရှေ့ဆက် ဘယ်လိုစခန်းသွားရမလဲ၊ အိမ်လခတွေက ရှိသေးသည်။ အတိုးနှင့်ချေးငှားဖို့ဆိုတာလည်း မဖြစ်နိုင်သလို ဘယ်သူကရော ဒီလောက်များသော သိန်းတစ်ရာကို ယုံယုံကြည်ကြည် ချေးငှားမယ်တဲ့လဲ။

နောက်ဆုံး တစ်နည်းပဲ ရှိတော့သည်။ ထူးမြတ် အမေဆီသို့ သွားပြီး အပူကပ်ရတော့မှာပင်။

■ ■ ■





"ဘာကွ အမေက အိမ်ရောင်းပြီး မင်းတောင်းတဲ့သိန်းတစ်ရာကို ပေးရမယ် ဟုတ်လား"

အစ်ကိုကြီး၏ဒေါသတကြီး ဖြစ်သွားသော ဟန်ကြောင့် ထူးမြတ် သက်ပြင်းကို ဟင်းခနဲ ချကာ

"ကျွန်တော်လည်း ဒီလိုပြောလိုက်ရလို့ ဘယ်လောက်စိတ်ဒုက္ခရောက်ရသလဲ သိလား ကိုကြီး၊ ညကဆို တစ်ညလုံး အိပ်မရဘူး၊ ကျွန်တော့်သားကိစ္စမဟုတ်တဲ့ တခြားကိစ္စကြောင့်သာ ငွေလိုရင် အမေ့ကို ခုလို ဒုက္ခမပေးဘူး။ ကျွန်တော့်ဟာသာ ကျွန်တော် ထောင်ကျခံလိုက်မယ်"

"နေကြပါဦး သားတို့ရယ် အမေ ရင်တွေထိတ်လိုက်တာ၊ အမေ့မြေးလေးက အခုဘာဖြစ်လို့လဲ သားက ဘာကြောင့် သိန်းတစ်ရာလိုတာလဲ"

ညီအစ်ကိုနှစ်ယောက် အခြေအတင်ပြောနေကြသော စကားဝိုင်းထဲကို အမေ တုန်ချိချိနှင့် လျှောက်ဝင်လာပြီး ထူးမြတ်ကို မေး၏။

"အမေ သားရဲ့သားလေး နှလုံးရောဂါက အမြင့်ဆုံးအခြေအနေကို ရောက်နေပြီ၊ သူ့ကိုခွဲစိတ်မှုမလုပ်ဘူးဆိုရင်လေ သူ သူ ခြောက်လပဲ ခံတော့မယ်တဲ့ အမေရယ်"

ထူးမြတ် ပြောရင်းဖြင့် ခေါင်းငိုက်စိုက်ကျကာ ရှိုက်ကြီးတငင် ငိုကြွေးတော့၏။ အမေ ရင်ဘတ်ကို သူ၏ပိန်လှီနေသော လက်ချောင်းတွေဖြင့် ဖိကာ ဘုရားတလိုက်ပြီး

"ကိုယ်ကျိုးတော့ နည်းကုန်ပါပြီ သားရယ်၊ အမေ့မြေးလေးကို

www.burmeseclassic.com

www.burmeseclassic.com



အမေ ဘယ်လိုကူညီရမလဲ၊ အဲဒီ သိန်းတစ်ရာကို ဘယ်ကသွားရှာရပါ့မလဲ''

"အခု အမေ့ဆီမှာ လာရှာနေပြီလေ"

အစ်ကိုကြီးက ကြားဝင်၍ မကျေမနပ် ပြောသည်။

"ဟင် အမေ့ဆီမှာ လာရှာတယ် ဟုတ်လား၊ အမေ ဘယ်လိုရှာပေးရမလဲ''

''သား သားလည်း အရေးကြုံလို့လေ အမေ့ဆီမှာ အကူအညီတောင်းတာပါ၊ သားတို့ အခု ကူကယ်ရာမဲ့နေရပြီ အမေ၊ အိမ်ပိုင်လေးတစ်လုံးတောင်မရှိလို့ အိမ်ငှားနေရတဲ့ အခြေအနေမျိုးမှာ သိန်းတစ်ရာကို ဘယ်ကရှာရမလဲ''

ထူးမြတ်၏သောကတွေကိုကြည့်ပြီး မိခင်ဖြစ်သူမှာ ရင်ထုမနာဖြစ်ရသည်။

"အဲဒါကြောင့် အမေ့အိမ်ကိုရောင်းတာပဲဖြစ်ဖြစ် ပေါင်တာပဲဖြစ်ဖြစ် လုပ်ပြီး သားကို သိန်းတစ်ရာလောက် ကူညီပါ အမေ''

"ဘုရား ဘုရား ကိုယ်ကျိုးတော့ နည်းကုန်ပါပြီ ဒီ ဒီအိမ်ကလေ အခု ပေါင်ထားတယ်ကွဲ့၊ မင်းအဖေမဆုံးခင်ကတည်းကပါ၊ ငါ့သားက အမေ့ဆီကို တစ်လနေလို့ တစ်ခါမလာတော့ အမေ့ရဲ့အဆင်မပြေမှုတွေကို ဘယ်သိမလဲကွယ်၊ အမေ ဆေးကုစရိတ်တောင် မရှိလို့ သားမိန်းမတစ်သိန်းလာပေးရတာကိုပဲကြည့် အခု အဲဒီအိမ်ကို အမေ ပြန်ရွေးဖို့အတွက် အမေ့မှာသိန်းရှစ်ဆယ်ကျော်လောက်ရှိမှ ပြန်ရွေးနိုင်မယ်"





"ဗျာ အမေ့အိမ်ကရန်က ပေါင်ထားတယ် ဟုတ်လား အမေ"

''ဟုတ်တယ် ထူးမြတ်၊ ဒီအိမ်ကို ရောင်းရင် သိန်းနှစ်ရာလောက်တော့ရမယ်၊ အိမ်က ယိုင်နေပြီလေ၊ ဒီလောက်ပျက်စီးနေတဲ့အိမ်ကို အပေါင်ခံထားတဲ့သူတောင် စိတ်မဝင်စားဘူး၊ ရောင်းလို့ရပါပြီတဲ့ မင်းကို သိန်းတစ်ရာပေးပြီး အိမ်ကိုပြန်ရွေးရမယ့်အတိုးက ဆယ်သိန်းလောက်ရှိမယ်၊ အရင်းက သိန်းရှစ်ဆယ်၊ ပိုတဲ့ဆယ်သိန်းကိုပိုက်ပြီး အမေက ဘယ်ဇရပ်မှာသွားနေရမလဲ ဟမ် ငါ ခုလိုစကားပြောနေတာ ငါ့တူလေးရဲ့သေပေါက်ဝရောက်နေတဲ့ဒုက္ခတွေကို ကြည့်ရက်လို့မဟုတ်ဘူး၊ မင်းက မင်းသားအတွက် သောကပွေရသလို ငါကလည်း ငါ့အမေရဲ့ကျန်နေသေးတဲ့ သက်တမ်းအတွက် တွက်ရမယ်၊ ခုချိန်မှာ ငါ အကောင်းဆုံးအကြံပေးချင်တာက မင်းကိုယုံကြည်စိတ်ချနိုင်မယ့်သူဆီမှာ ချေးငှားလိုက် တင်တဲ့အကြွေးကို ငါတို့ပါ ဝိုင်းဆပ်ပေးမယ်ကွာ''

ဖြစ်နိုင်ခြေအရှိဆုံးနည်းလမ်းကို ညွှန်ပြသော ကိုကြီး၏နောက်ဆုံးစကားက ထူးမြတ်ကို မျှော်လင့်ချက် မဲ့စေသည်။

ကိုယ့်သားအသက်ရှင်ဖို့အတွက် အမေ့ကို လမ်းဘေးပို့သလိုဖြစ်သွားသော ကိုယ့်ရဲ့အတ္တကြောင့် ရှက်လည်းရှက်မိပါသည်။

အမေနှင့်ကိုကြီးကို မျက်နှာပင် မပြဝံ့တော့။

"ဆောရီးပဲ ကိုကြီးရာ၊ ကျွန်တော်ထူပူပြီး ကိုကြီးနဲ့အမေ့ကို စိတ်ဒုက္ခပေးမိပြီထင်ပါရဲ့၊ ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော့်ကြောင့် အမေ လမ်းဘေးကို ဘယ်တော့မှ မရောက်စေရပါဘူး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်လောသွားလို့ သားဇောကြောင့် သွေးရူးသွေးတန်းတွေ ဖြစ်သွားတာပါ''

*''သားရယ် အမေ့မြေးလေးကို အမေ ဘယ်လိုကယ်ရမလဲ အမေ့အသက်နဲ့လဲပေးလို့ရရင် အမေ လဲပေးလိုက်ချင်ပါတယ်''*

ပြောရင်းဖြင့် အမေ မျက်ရည်တို့ စီးကျလာသည်။ ကိုကြီးလည်း တော်တော်လေး စိတ်မကောင်းပုံဖြင့် ထူးမြတ် ပခုံးကို ဆွဲညှစ်ဆုပ်ကိုင်ပြီး

''ငါတို့ရဲ့တူလေးကံကြမ္မာက ဒီလောက်ပိုးစိုးပက်စက် မဖြစ်လောက်ပါဘူး၊ သူ့ကံကြောင့် နည်းလမ်းကောင်းတစ်ခုတော့ ပေါ်ထွက်လာမှာပါ ညီလေးရာ၊ အချိန်တွေ ကျန်ပါသေးတယ်''

''ဟုတ်ကဲ့ ကိုကြီး အရာရာကို ကံစီမံရာလို့ပဲ သဘောထားရတော့မှာပဲ၊ သားလေး ဒီလို ပိုးစိုးပက်စက် ပုံစံနဲ့တော့ ဘဝထဲက ထွက်မသွားလောက်ပါဘူး၊ ကျွန်တော် နည်းလမ်းရှာဦးမှာပါ၊ သားလေးကို နတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်ကြမှာပါ''

ကိုယ့်အပူသောကကို ကိုယ့်ဟာကိုယ် ချွေးသိပ်လိုက်ပြီး အမေနှင့်ကိုကြီးကို နှုတ်ဆက်ကာ အမေ့အိမ်မှ ပြန်လာခဲ့လိုက်သည်။

■ ■ ■



## အခန်း (၂၃)

''မငိုပါနဲ့ မြတ်လေးပန်းရယ် မြတ်လေးပန်း ငိုနေရင် သားကိုပြီး စိတ်မကောင်းဖြစ်နေမှာပေါ့၊ သူ့အခြေအနေကို ဘာမှန်းမသိတဲ့ အပြင် မျှော်လင့်ချက်တွေ ပြည့်နှက်နေတဲ့သားလေးစိတ်ကို ဒဏ်ရာမရပါစေနဲ့''

နေမင်းသွင် တသိမ့်သိမ့် ငိုနေသော မြတ်လေးပန်းကို ချွေးသိပ်သည်။

''ကျွန်တော် အခု မြတ်လေးပန်းဆီကို လာခဲ့တာလေ ခုလိုချွေးသိပ်ဖို့ စကားပြောရုံသက်သက် မဟုတ်ဘူး''

''ကိုနေမင်းသွင် မြတ်လေးဆီလာတာ ဘယ်လိုပုံစံနဲ့ပဲ ဖြစ်ဖြစ် မြတ်လေးအတွက် အားတက်မိပါတယ်''

''ဒါပေါ့ ဒီထက် အားတက်မယ့်စကား ပြောရဦးမယ်''

''ရှင်''



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တို့ကို သုတ်ပြီး နေမင်းသွင်ကိုကြည့်လိုက်သည်။ ပိုရှ လွန်း၍ မှိုအစ်အစ်လေး ဖြစ်နေသော မြတ်လေးပန်းကို နေမင်းသွင် ခပ်ကြာကြာ ကြည့်လိုက်ပြီး

"သား ခွဲစိတ်ဖို့ ကုန်ကျစရိတ်အားလုံးကို ကျွန်တော် တာဝန် ယူပါရစေ"

ကိုယ့်နားပင် ကိုယ်မယုံနိုင်လောက်အောင် အံ့သြသွားရသူက မြတ်လေးပင် ဖြစ်သည်။

"ရှင် ကိုနေမင်းသွင်က ကုန်ကျစရိတ်တွေကို တာဝန်ယူမယ် ဟုတ်လား"

နားကြားများလွဲမလားဟု ပို၍သေချာစေရန် ထပ်မေးလိုက် သည်။ နေမင်းသွင် ပြုံး၍ ခေါင်းညိတ်လိုက်သည်။

သေချာသွားပြီမို့ မြတ်လေးပန်း၏အငိုမျက်နှာပေါ်မှာ သား အတွက် စိတ်အေးသွားသော အရိပ်အယောင်တို့ ရိပ်ခနဲ ထင်ဟပ်လာ သည်။

"မြတ်လေး ကျေးဇူးတင်လိုက်တာ ကိုနေမင်းသွင်ရယ်"

ထိုစဉ် ထူးမြတ် ပြန်ရောက်လာသည်။

"မောင်"

ပါးပေါ်မှမျက်ရည်စတို့ကို သုတ်ပြီး အိမ်ထဲဝင်လာသော ထူး မြတ်ကို ဝမ်းသာအားရ ခေါ်လိုက်သည်။ ထူးမြတ် အိမ်ထဲဝင်လာသည်နှင့် နေမင်းသွင်ကို အကဲခတ်ကြည့်ပြီး မြတ်လေးနားမှာ ဝင်ထိုင်လိုက်သည်။





"ညီ့သည်ရောက်နေတာလား မြတ်လေး"

"ဟုတ်တယ် မောင်၊ ကိုနေမင်းသွင် ဒါ မြတ်လေးရဲ့ခင်ပွန်း ကိုထူးမြတ်ပါ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်ကတော့ ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပါတော့မယ် ကျွန်တော့်နာမည် နေမင်းသွင်ပါ"

"ဟုတ်ကဲ့ ကိုနေမင်းသွင် တွေ့ရတာ ဝမ်းသာပါတယ်"

မြတ်လေးနှင့်ဘယ်လို ပတ်သက်သည်ဆိုသည့်အကြောင်း အရင်းကို မသိရသေးဘဲ ဖော်ရွေစွာ နှုတ်ဆက်လိုက်သည်။

"ဟိုးတစ်ခါတုန်းက ညဘက်ကြီး ဆေးခန်းသွားဖို့ မြတ်လေးတို့ သားအမိ ကားငှားလို့မရတဲ့အချိန်မှာလေ ဒီက ကိုနေမင်းသွင်က သူ့ကား နဲ့ဆေးခန်းကိုလိုက်ပို့ပေးခဲ့တာလေ၊ အဲဒီနေ့က အိမ်ထိပြန်လိုက်ပို့ပေး တယ်လေ မောင်မှတ်မိလား"

"ဪ မှတ်မိပါတယ်၊ အဲဒီနေ့က ကျွန်တော် နှုတ်မဆက်မိ လိုက်တာကို စိတ်မရှိပါနဲ့ ကိုနေမင်းသွင်"

"ဟာ ရပါတယ် ကိုထူးမြတ်ရယ်၊ ကျွန်တော့်စိတ်ထဲ ဘယ်လို မှ မနေပါဘူး"

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် အားနာနေသော မောင်နှင့်ကိုနေမင်းသွင်ကိုကြည့်ပြီး မြတ်လေးစိတ်ထဲမှာ ဘာကိုရွေးနှစ် နေမိမှန်းကို မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို ဝမ်းသာစရာ ပြောရဦးမယ်"

အမေ့ထံမှ မျှော်လင့်ချက်မဲ့စွာ ပြန်လာပြီး မြတ်လေးဆီမှ ဝမ်းသာစရာစကားဆို၍ လဲပြိုကျနေသော မျှော်လင့်ချက်တို့ ပြန်၍ ခေါင်းထောင်လာပြန်သည်။

"ကိုနေမင်းသွင်ကလေ သားရဲ့နှလုံးခွဲစိတ်ကုသမှုကုန်ကျစရိတ်ကို တာဝန်ယူပါ့မယ်တဲ့"

"ဘယ်လို ဘာပြောတယ် မြတ်လေး။ မောင့်ကို ပြန်ပြောစမ်း"

"ဟုတ်ပါတယ် ကိုထူးမြတ် သားအတွက် ခွဲစိတ်တဲ့ကုန်ကျစရိတ်ကို ကျွန်တော် တာဝန်ယူပါရစေ"

"ဟာဗျာ ဝမ်းသာလိုက်တာ၊ ဒါဆို ကျွန်တော့်သား လောကကြီးထဲမှာ ဆက်ပြီး ရှင်သန်ခွင့်ရဦးမှာပေါ့"

"ဒါပေါ့ဗျာ ဒါဟာ ကလေးရဲ့ကုသိုလ်ကံပဲပေါ့၊ အဲဒီအတွက် မြတ်လေးပန်းရော ကိုထူးမြတ်ရော သောကတွေပွေမနေကြပါနဲ့တော့"

"ကျွန်တော်တို့မိသားစုအပေါ် အထူးသဖြင့် သားအပေါ်မှာ သွေးသားမတော်စပ်တဲ့ ဒီလောက်ငွေတွေကို သုံးပေးတဲ့အတွက် ကျွန်တော်တော့ ပြောမပြတတ်အောင်ကို ကျေးဇူးတင်ပါတယ်၊ ဒီငွေတွေကို ကျွန်တော် ဖြည်းဖြည်းချင်းပြန်ဆပ်ပါ့မယ်လို့ ကတိပေးပါတယ် ကိုနေမင်းသွင်၊ ဒီလောက်ငွေတွေအများကြီးကို ကျွန်တော်တို့ကြောင့် အလွတ်မခံ မကုန်စေချင်ပါဘူး"

ကိုယ်အရည်အချင်းမရှိ၍ ဖခင်တစ်ယောက်ဖြစ်နေပါလျက်





သား၏အသက်ကိုတောင် ကယ်တင်ဖို့နည်းလမ်းမရှာနိုင်သော ကိုယ့်အားနည်းချက်တွေသည် ငွေကြေးအရှိန်အဝါနှင့် ပြီးပြည့်စုံနေသော ကိုနေမင်းသွင်ရှေ့မှာ ပြားပြားဝပ် ၎ုပ်လျှိုးရသည့်အဖြစ်မျိုးကိုတော့ ထူးမြတ်အရောက်မခံနိုင်ပါ။

ကြိုးစားပြီး ပြန်ဆပ်နိုင်အောင်တော့ နည်းလမ်းရှာရမှာပင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"မောင် အလုပ်ထွက်တော့မယ် ဟုတ်လား"

"ဟုတ်တယ် မြတ်လေး ယုဇနလွင်ရဲ့ဦးလေးက မိုးကုတ်မှာ ကျောက်တွင်းသူဌေးလေ၊ မောင်က ဘူမိဗေဒနဲ့ကျောင်းပြီးတာကို သိထားတဲ့ မယုဇနလွင်က ထောက်ခံပေးတာ လစာကတော့ တစ်လကို ငါးသိန်း ထက်မနည်းရမယ်တဲ့"

မောင့်လှုပ်ရှားမှုတိုင်း မောင့်အပြောတိုင်းမှာ ယုဇနလွင်၏ အကြောင်း မပါမဖြစ် ပါနေရပါလား မောင်။ မြတ်လေး မောင့်အပေါ် ဘယ်လိုနားလည်ပေးရတော့မလဲ။

"သားနဲ့မြတ်လေးရော လိုက်ရမှာလား မောင်"

"ဘယ်လိုက်လို့ဖြစ်ဦးမလဲ မြတ်လေးရယ်၊ ဟိုမှာက ဘယ်လိုနေ ဘယ်လိုစားမှန်းသိတာ မဟုတ်ဘူး၊ နောက်ပြီး သားက ဒီလောက်နေမကောင်းဖြစ်နေတဲ့ဟာကို"

"မြတ်လေးကလည်း စကားအဖြစ်ပြောကြည့်တာပါ မောင်ရယ်





မောင်က လိုက်ခဲ့ဖို့ခေါ်ရင်တောင် မြတ်လေး မလိုက်ပါဘူး"

"မောင်လည်း မိသားစုနဲ့မခွဲချင်ပါဘူး မြတ်လေးရယ်၊ နောက်ပြီး ခုလောလောဆယ်သွားမှာလည်း မဟုတ်သေးပါဘူး၊ သားကို ခွဲစိတ်ဖို့ အကြေးသိန်းတစ်ရာ တင်တော့မှာဆိုတော့ မောင်တို့ပြန်ဆပ်နိုင်မယ့် နည်းလမ်းကိုရွေးရမှာပေါ့"

"အင်းလေ မောင်ပြောတာလည်း ဟုတ်ပါတယ်၊ ကိုနေမင်းသွင်က ပြန်ဆပ်စရာမလိုဘူးဆိုပေမယ့်လည်း မြတ်လေးတို့က အလကားရတိုင်း မှိန်းယူလို့မှ မသင့်တာ"

"မယုဇနလွင်ကလည်း ပြောပါတယ်၊ သားနဲ့ပတ်သက်ပြီး လိုအပ်တဲ့အကူအညီရှိရင် ပြောပါတဲ့၊ သူလည်း သားအတွက် စိတ်မကောင်းဖြစ်နေတာ မြတ်လေးရဲ့၊ ကိုနေမင်းသွင်ဆီက ငွေလက်ခံပြီးနေလို့သာ၊ နို့မို့ဆိုရင် မောင်ကတော့ ယုဇနဆီမှာပဲ သိန်းတစ်ရာချေးလိုက်တယ်"

လင်မယားနှစ်ယောက်၏စကားဝိုင်းထဲ ယုဇနလွင်က အလိုလိုဝင်လာပြန်ပြီမို့ မြတ်လေး နားမထောင်ချင်တော့။

"သားကို ဆေးတိုက်ရဦးမယ် မောင်"

စကားစကို ဖြတ်ကာ ထလိုက်သည်။ သားအခန်းဆီသို့အရောက်

"ဦးဦးက ဘယ်တော့လာမှာလဲ၊ သားက ဦးဦးကို သတိရနေတာ"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထက်တွင် လှဲအိပ်ရင်း ဖုန်းပြောနေသော သားကိုကြည့်ကာ မြတ်လေး ပြုံးလိုက်မိသည်။ တော်တော်သံယောဇဉ်ကြီးတတ်သော သားလေးပါလားဟု စိတ်ထဲမှ ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"ဒါဆိုရင် ဒီနေ့ တကယ်လာမှာပေါ့ ဟုတ်လား"

လူကြီးလေးတစ်ယောက်လို မေးခွန်းတွေ ထုတ်နေသော သားနားသို့ မြတ်လေး လျှောက်လာလိုက်သည်။

"လာခဲ့လေ ဒါပေမဲ့ ဖေဖေတော့ရှိတယ် ဦးဦးရဲ့ ဖေဖေရှိတဲ့အတွက် ဘာအရုပ်မှ ယူမလာနဲ့နော် သိလား ဦးဦး၊ ဒီအတိုင်း လက်ကြီးလာခဲ့နော်၊ သားတို့ ကန်ဘောင်ပေါ်ကို လမ်းထွက်လျှောက်မယ် သိလားဒါပဲနော် ဦးဦး"

သူပြောချင်တာတွေပြောပြီး ဖုန်းခလုတ်လေးတွေကို ပိတ်လိုက်ပြီး မြတ်လေးကို မော့ကြည့်သည်။

"ဪ မေမေ ဒီနေ့ ဦးဦး လာမယ် သိလား"

"ဦးဦးက သားဆီ ဖုန်းဆက်လို့လား"

"မဟုတ်ပါဘူး မေမေရ သားက ဦးဦးကို သတိရလို့ ဖုန်းဆက်လိုက်တာ"

ဖခင်ထက်ပင်ပို၍ ခင်တွယ်နေသော သားလေး၏သံယောဇဉ်တွယ်မှုတွေက နေမင်းသွင်၏စေတနာနှင့်မေတ္တာကို ပို၍ အားအင်ဖြည့်ဆည်းနေသလိုပင်။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တယ်ဆိုသည့် ဆိုရိုးစကား ခု မြတ်လေး လက်တွေ့ကြုံနေရသည်ပဲ။ ဘယ်လိုမှ ထင်ရက်စရာမရှိ။





သားလေး အသက်ဆက်ရှင်ခွင့်ရအောင် ကူညီပေးခဲ့သော ကိုနေမင်းသွင်ဟာ ခုချိန်မှာတော့ မြတ်လေးတို့မိသားစု၏မဟာကျေးဇူးရှင်ပါပဲ။

■ ■ ■

"ကိုထူးမြတ်တို့ ဘဏ်မှာသွားထုတ်နေရင် အလုပ်ရှုပ်နေမှာစိုးလို့ ကျွန်တော်ပဲ တစ်ခါတည်း ထုတ်ယူလာလိုက်တယ်"

ငါးထောင်တန်အုပ်တွေ အထပ်လိုက်ကိုကြည့်ပြီး ထူးမြတ်ရော မြတ်လေးရော သူတို့သားလေးအသက်ရှင်ဖို့ သေချာသွားပြီဟူသော မျှော်လင့်ချက်ပြည့်မျက်နှာကိုယ်စီဖြင့်

"ကျေးဇူးတင်ပါတယ် ကိုနေမင်းသွင်၊ ကျွန်တော်တော့လေ သူတော်ကောင်းနဲ့တွေ့ဖို့ နတ်ကောင်းနတ်မြတ်တွေက ဖန်ဆင်းလိုက်တာပဲလို့ တွေးပြီး သားလေးရဲ့ကံကြမ္မာကို အံ့သြမိတယ်ဗျာ"

"ဘာမှ မအံ့သြပါနဲ့ ကိုထူးမြတ်ရယ်၊ သားနဲ့ကျွန်တော်က သွေးသားမတော်စပ်ပေမယ့် ရှေးအတိတ်က ဘယ်လိုပုံစံနဲ့ပတ်သက် တော်စပ်ခဲ့လို့လည်း မသိဘူး ဒီကလေးကိုမြင်မြင်ချင်း ခင်မင်မိတယ်ဗျာ၊ ဒီကလေးလိုအပ်ချက်တွေကို သူ့အလိုလို ဖြည့်ဆည်းပေးချင်တဲ့စိတ်ပေါက်လာတယ်ဗျာ၊ ဒါကြောင့် ဒီလောက်ငွေလေးကို ကူညီလိုက်ရုံနဲ့ ကျွန်တော့်အပေါ်မှာ ကျေးဇူးကြွေးတွေ အတင်မခံကြပါနဲ့"

"အဲလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ ကိုနေမင်းသွင်ရယ်၊ မြတ်လေးတို့ လုံးဝမဖြေရှင်းနိုင်လို့ သောကပင်လယ်ဝေနေတဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်သားတစ်ပါးလို ဘွားခနဲပေါ်လာပြီး ကူညီဖြေရှင်းပေးတဲ့ ကိုနေမင်းသွင်လို လူမျိုးကိုမှ ကျေးဇူးရှင်လို့ မယူဆရင် မြတ်လေးတို့ ကျေးဇူးတရား မသိတတ်ရာကျတော့မှာပေါ့၊ တကယ်တော့ မြတ်လေးတို့မွေးခဲ့တဲ့ သက်တမ်းက ဒီအထိပဲ ပါလာတာပါ၊ ကိုနေမင်းသွင်ကသာ သားကို အသက်ဆက်ရှင်ခွင့်ရအောင် ခုလိုကူညီပေးခဲ့လို့ ကျန်နေသေးတဲ့ သားရဲ့ သက်တမ်းတစ်လျှောက် ကိုနေမင်းသွင် ပိုင်ပါတယ်''

''ဒါဆိုရင်တော့ သားက ကျွန်တော့်ရဲ့မွေးစားသားပေါ့ ဟုတ်လား ဟား ဟား ဟား အလကားနောက်တာပါဗျာ''

''ကျွန်တော် ယုံပါတယ် ကိုနေမင်းသွင်''

''မြတ်လေးရေ မြတ်လေး''

ကျေးဇူးတရားတွေ ထုံမွှန်းနေကြတုန်း အသံစာစာဖြင့် ခေါ်သံကြောင့် ထူးမြတ်နှင့်နေမင်းသွင် ရယ်နေရာမှ အရယ်ရပ်သွားပြီး အိမ်ရှေ့ကို ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

မြတ်လေး ထိုင်ရာမှ ထသွားသည်။

''ဪ မသက်ဝေပါလား၊ လာပါ တက်ပါ အစ်မ''

မသက်ဝေ ဆိုသည်မှာ မြတ်လေးတို့အိမ်ရှင်ဖြစ်သည်။

''ကလေး နေမကောင်းဘူးဆို''

မသက်ဝေ အိမ်ထဲ ဝင်ဝင်လာချင်း ကလေးကို အရင်မေးသည်။

''ဟုတ်ကဲ့ အစ်မ''





''အေးလေ အစ်မလည်း ကလေးနေမကောင်းတဲ့အချိန်မှာ ညီမတို့ဆီကို စိတ်ညစ်စရာစကားမျိုးတွေ မသယ်လာချင်ပါဘူး''

စကားပလ္လင်ခံနေသော မသက်ဝေ စကားကြောင့် မြတ်လေး ရင်ထိတ်ရပြန်သည်။ ထူးမြတ်နှင့်နေမင်းသွင် မသက်ဝေ ပြောလာမည့် စကားကို စိတ်ဝင်တစား နားထောင်နေသည်။ ထူးမြတ် မျက်နှာသိပ်မကောင်း။ ပြဿနာတစ်ခုဖြေရှင်းပြီးလို့မှ မကြာသေး နောက်တစ်ခုက ထပ်ရောက်လာဦးမတဲ့လား။

''ဘာများလဲ အစ်မ''

''ဒီအိမ်ကို အစ်မရောင်းရတော့မယ် မြတ်လေးရယ်''

''ရှင်''

ရင်ထဲမှာ ထပ်ပြီး ဗလောင်ဆူရပြန်သည်။

''ဘာ ဘာဖြစ်လို့လဲ အစ်မရယ်၊ ပြုန်းစားကြီးဆိုတော့ မြတ်လေးတို့ ဘယ်ပြောင်းရမလဲ၊ လက်ထဲမှာ ငွေလည်းအဆင်သင့်မရှိသေးဘူး နောက်ပြီး ဒီမှာဆက်နေဖို့ သုံးလလောက်ကျန်သေးတယ်''

''အစ်မလည်း မတတ်သာလို့ရောင်းရတာပါ ညီမရယ်၊ အဲဒီအတွက် အစ်မ သုံးလစာပြန်အမ်းပေးပါ့မယ်၊ နောက်ပြီး ဒီမှာ တစ်လဆက်နေပါဦး ပြီးမှ အိမ်ရှာပေါ့''

မြတ်လေး၏သောကတွေသည် မမျှိုသိပ်နိုင်လောက်အောင် မျက်နှာမှာပေါ်လွင်လာသည်။ လူက မတ်မတ်တောင် မထိုင်ရဲတော့လောက်အောင် အရုပ်ကြိုးပြတ် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မလည်း ခုလောလောဆယ် စရံပဲ လက်ခံထားတာပါ နောက်တစ်လနေမှ ငွေအကြေချေမှာလေ၊ ဒီအိမ်ကို မရောင်းလို့မဖြစ်လွန်းလို့ ရောင်းရတာ၊ ဒီအိမ်က မိဘအမွေမို့လို့ ဆက်ပြီးထိန်းသိမ်းထားချင်တာ၊ ခုတော့ ကျန်တဲ့ညီအစ်ကိုမောင်နှမတွေက အမွေခွဲခိုင်းနေပြီလေ၊ ဒါကြောင့် အစ်မ အားချင်းရောင်းရတာ၊ ဒြော် တစ်ခါတည်းပဲ သုံးလစာငွေကို အစ်မ ပြန်အမ်းခဲ့မယ် သိလား၊ တစ်လငါးသောင်းနဲ့ဆိုတော့ သုံးလစာ တစ်သိန်းခွဲ"

စလင်းဘတ်အိတ်ထဲမှ ငွေတစ်သိန်းခွဲကို ထုတ်ပေးသည်။

"ကဲ ဒါဆို အစ်မ ပြန်ဦးမယ်နော် မြတ်လေး"

"ဟုတ်ကဲ့ပါ အစ်မ"

အိမ်ရှင် မသက်ဝေ အားလုံးကိုနှုတ်ဆက်ပြီး အိမ်ထဲမှ ထွက်သွားသည်။

မြတ်လေး ပါးပေါ်သို့ မျက်ရည်တို့ လိမ့်ဆင်းလာသည်၊ နေမင်းသွင်ရှေ့မှာလည်း ရှက်မနေတော့။

"ဒုက္ခက လာရင်အဖော်အပေါင်းနဲ့ကို လာတော့တာပဲ ဘယ်လိုလုပ်ကြမလဲ မောင်"

"အမေတို့အိမ်ကို ပြောင်းရုံပဲရှိတာပေါ့ကွာ"

"အို မဖြစ်နိုင်တာမောင်ရယ်၊ အမေတို့အိမ်က ကျဉ်းလွန်းတဲ့အပြင် အစ်ကိုတို့မိသားစုနဲ့ ဘယ်လိုနေမလဲ၊ ခုတောင် ယိုင်နဲ့နေတာ၊ မြတ်လေးတို့အိမ်ထောင်ပစ္စည်းတွေနဲ့ပါဆိုရင် ပြိုကျသွားမှာပေါ့"





ထူးမြတ် စိတ်ပျက်လွန်း၍ အသက်ပင်မှန်မှန်မရှူချင်တော့။ မြတ်လေး ပြောတာလည်း ဟုတ်သည်။ အမေတို့အိမ်က ပျက်စီးယိုယွင်းနေပြီ။ ဘယ်လိုမှ နေ၍မဖြစ်။

"ကျွန်တော် တစ်ခုအကြံပေးလို့ရမလား ကိုထူးမြတ်"

နေမင်းသွင် ဒီအတိုင်း လက်ပိုက်ကြည့်မနေရက်တော့ မြတ်လေးမျက်ရည်ကျနေတာကို ဘယ်လိုစိတ်မျိုးနဲ့မှ လက်မခံနိုင်။

ဘဝ၏လောကဓံတွေကို ကိုယ်ကိုယ်တိုင် ခံခဲ့ဖူးတော့ ကိုယ့်ရှေ့မှာ အဆင်မပြေမှုတွေနဲ့ ကြုံတွေ့နေရတဲ့သူတွေတိုင်း ကို ကိုယ်ချင်းစာစိတ်နှင့် ကူညီချင်သည်။

"ဟုတ်ကဲ့ ပြောပါ ကိုနေမင်းသွင်"

"ကျွန်တော့်တိုက်ရဲ့ဘေးမှာ အခန်းပိုတစ်ခုရှိတယ်၊ ဘယ်သူမှ မနေဘူး၊ ကိုထူးမြတ်အဖို့ သွားရေးလာရေးလည်း အဆင်ပြေတယ်၊ မိသားစုသုံးဦး ကောင်းကောင်းနေလို့လောက်တဲ့ အခန်းမို့ လာနေမယ်ဆိုရင် လာနေလို့ရပါတယ်"

အကောင်းတွေလွှန်နေသော နေမင်းသွင်ကို ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး

"ကျွန်တော်တို့မိသားစု ခင်ဗျားကို ဒုက္ခပေးသလို ဖြစ်နေပါ့မယ် ကိုနေမင်းသွင်ရယ်၊ မနေတော့ပါဘူး၊ သား ခွဲစိတ်ဖို့ငွေအကူအညီယူရတာတောင် ကျွန်တော့်မှာ တော်တော်လေး အားနာနေရပြီ၊ ဒီလိုနေစရာပါ ထပ်ပေးနေတော့ ကျွန်တော့်စိတ်ထဲ သိပ်တောင်မကောင်းတော့ဘူး"

www.burmeseclassic.com



မြတ်လေးကတော့ ဘာမှ ဝင်ရောက် ငြင်းဆန်ခြင်းမပြုတော့။

နေမင်းသွင် ထူးမြတ် စကားကြောင့် သူကပင် တစ်ဖန်ပြန်၍ အားနာစိတ်ဝင်ကာ

"ဟာ အဲလိုမပြောပါနဲ့ဗျာ ကျွန်တော်က ကိုထူးမြတ်တို့မိသားစု မှမဟုတ်ပါဘူး ကျွန်တော့်ရှေ့မှာ အခက်အခဲဖြစ်နေတဲ့ ဘယ်သူ့ကိုမဆို ကူညီမှာပါ။ ဒါ ကျွန်တော့်ရဲ့ဆန္ဒ၊ ကျွန်တော့်ရဲ့ဝါသနာ၊ ကျွန်တော့်ကို အားနာနေမယ်ဆိုရင် ကျွန်တော့်ဆန္ဒတွေ ဘယ်ပြည့်ဝတော့မလဲ၊ ကျွန်တော် ဝါသနာအရ လုပ်နေတဲ့လုပ်ငန်းစဉ်တွေ ဘယ်ထမြောက် အောင်မြင်တော့မလဲ၊ ကျွန်တော့်ဘဝမှာ ဝါသနာအကြီးဆုံးက သူများ အခက်အခဲတွေကို လိုက်ဖြေရှင်းပေးရတာကိုပဲ"

လှိုက်လှိုက်လှဲလှဲ နက်နက်နဲနဲ တောင်းဆိုနေသော နေမင်းသွင်ကိုကြည့်ပြီး ထူးမြတ်က တစ်ဖန်ပြန်၍ အနေခက်ရ၏။

"ကျွန်တော် ငယ်ငယ်က အရမ်းဆင်းရဲတယ်ဗျ။ ကျွန်တော့် အမေက အိမ်ဖော်လေ၊ ကျွန်တော့်ကို အဖေမပေါ်ဘဲ မွေးထားတာ ကျွန်တော့်မှာ အဖေမရှိဘူး။ ဒီအရွယ်အထိ ကျွန်တော်ဟာ အဖေမပေါ်ဘဲ ရှင်သန်ခဲ့ရတယ်၊ ကျွန်တော်ငယ်ငယ်က အရမ်းဆင်းရဲလွန်းလို့ တစ်ရက် ကို ထမင်းတစ်နပ်ပဲ စားရတယ်၊ သူများတွေလို အစိုးရကျောင်းမတက် နိုင်လို့ ဘုန်းတော်ကြီးကျောင်းမှာပဲ အလကားသွားတက်ရတယ်"

သူ့ဘဝအကြောင်း ပြောရင်း နေမင်းသွင် မျက်ရည်ဝဲလာသည်။

"ကျွန်တော်က စာအရမ်းတော်လို့ ဆရာတော်က အလယ်တန်း





လည်းတက်ပြီးရော အစိုးရကျောင်းမှာ သူကိုယ်တိုင် လိုက်အပ်ပေးတယ်၊ ကျွန်တော် ဘွဲ့ရတဲ့အထိ ဆရာတော်က ကျွန်တော့်ကို ပညာရေးစရိတ် ထောက်ပံ့ပေးခဲ့တယ်"

"ခု ကျွန်တော် ပညာတတ်တစ်ယောက်အဖြစ် စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်တာ ကျွန်တော့်အမေနဲ့ ဆရာတော်ရဲ့ကျေးဇူးတွေပါ။ ကျွန်တော် ဘယ်တော့မှ ဘဝမမေ့ခဲ့ဘူး၊ ကိုယ်ပိုင်ကား ထည်လဲစီးနိုင် ပေမယ့် တစ်ခါတလေ လိုင်းကားစီးတယ်၊ တစ်ခါတလေ နာမည်ကြီး အစားအသောက်တွေနဲ့ လမ်းဘေးကကြော်တဲ့ ဘူးသီးကြော် မလဲနိုင်ပါဘူး။ ကျွန်တော် စားနေကြ၊ ဒေါ်ပုမုန့်ဟင်းခါးကို ခုချိန်ထိ အရသာရှိနေတုန်း ပါပဲ"

ဘဝမမေ့သော နေမင်းသွင်ကို မြတ်လေး စိတ်ထဲကပင် လေးစားစိတ်တွေ တဖွားဖွား ပေါ်လာခဲ့သည်။ အမြဲတမ်း ငြိမ်းအေးသော နေမင်းသွင်အပေါ် ခင်မင်မှုနှင့်အတူ အစ်ကိုတစ်ယောက်လို အားကိုး ချင်စိတ်တွေ ခပ်တိတ်တိတ် ဖြစ်ပေါ်လာတော့သည်။

မောင် မစွမ်းဆောင်နိုင်သည့်အရာမှန်သမျှကို စွမ်းဆောင်နိုင်ဖို့အတွက် မြတ်လေး လိုအပ်ချက်ရှိချိန်တိုင်း ဘွားခနဲ ပေါ်လာပြီး ဖြေရှင်းပေးတတ်သည်မို့ မြတ်လေးအတွက်တော့ နေမင်းသွင်ဟာ နတ်သားလေးတစ်ပါးပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မောင် အိမ်က ပြောင်းရတော့မယ်နော်၊ မောင် ဘာလုပ်မှာလဲ"

အိမ်ပြောင်းရမယ့်ရက်နီးလာလေ ထူးမြတ်ရင်ထဲမှ ဝေခွဲမရစိတ်တွေ မို၍ ကြီးထွားလာလေ ဖြစ်သည်။

တစ်ဖက်သား၏စေတနာကို အသိအမှတ်ပြုချင်ပေမယ့် သက်တူရွယ်တူ ယောကျ်ားချင်းယှဉ်လျှင် ကိုယ်က အရည်အချင်းမရှိတာ ပေါ်လွင်နေသည်။ ထိုဝေခွဲမရစိတ်တွေသည် မာနကို လာ၍နှိုးဆွနေသည်မို့ နေမင်းသွင်၏အကူအညီကို ဖြစ်နိုင်လျှင် ဘာမှမယူချင်။

ထိုမာနသည် ကိုယ့်အခက်အခဲကို ဖြေရှင်းပေးနိုင်စွမ်းမရှိပေမယ့် ထိုမာနကို စွန့်လွှတ်ဖို့တော့ တော်တော်လေး ခဲယဉ်းလွန်းပါသည်။





"မောင်လည်း လစာနည်းနည်းနဲ့ ငှားလို့ရမယ့်အိမ်မျိုး ရှာနေတာပဲကွာ၊ သေမယ့်နေ့စွမ်း စစ်ထဲရောက်သလို ဖြစ်နေတယ်၊ မောင်တို့ အိမ်ရှာနေပါတယ်ဆိုမှ အိမ်လခတွေကလည်း ဈေးကြီးလိုက်တာကွာ၊ တစ်လတစ်သိန်း တစ်သိန်းအထက်ကြီးပဲ"

ညည်းညူနေသော ထူးမြတ်ကိုကြည့်ပြီး အဝတ်တွေကို ခေါက်ရင်း မဲ့လိုက်သည်။ မြတ်လေး မဲ့တာကို ထူးမြတ် မမြင်။ လမ်းမကိုသာ ငူငူကြီး ထိုင်ငေးနေ၏။

"ကိုနေမင်းသွင်က သူတို့အခန်းမှာ လာနေဆိုတော့ မောင်က အင်တင်တင်လုပ်နေတာကိုး။ ဒီခေတ်ကြီးထဲမှာ ဒီလို စိတ်ကောင်းရှိတဲ့လူမျိုးက ရှားတယ်၊ သူ့စေတနာကို မောင်က အသိအမှတ်ပြုရမှာ ဝန်လေးနေလို့မဟုတ်လား"

"မြတ်လေးက အထင်ကြီးနေတာလား"

"ဟင့်အင်း အထင်ကြီးတာထက် ကိုနေမင်းသွင်ရဲ့စိတ်ဓာတ်ကို လေးစားတာ၊ ဘာဖြစ်လို့လဲဆိုတော့ မြတ်လေးရဲ့သားအသက်ကို သူ ပေးထားတာလေ၊ သူ့ကြောင့် သား အသက်ဆက်ရှင်ခွင့်ရမှာ၊ သူများရဲ့စေတနာကို မောင် သံသယဝင်နေတယ်ဆိုတာ မြတ်လေး သိတယ်"

"ဒါပေမဲ့ အဲဒီသိန်းတစ်ရာကို ငါပြန်ဆပ်မှာ"

မြတ်လေး မသိမသာ မဲ့လိုက်သည်။

"ဖေဖေ ဖေဖေရေ"

အခန်းထဲမှ လှမ်းခေါ်နေသောကြောင့် ထူးမြတ်သွားရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



ထလာလိုက်သည်။ သား ခုတင်ထက်တွင် လှဲနေလျက် ဖုန်းဆော့နေသည်။

"ဘာလဲသား"

"ဒီအန်တီက ဘယ်သူလဲ"

မြတ်လေးဖုန်းထဲမှပုံကိုကြည့်ပြီး သား ဇဝေဇဝါဖြစ်နေဟန်ဖြင့် မေးလိုက်သည်။ ထူးမြတ် သားပြသော ပုံကိုကြည့်လိုက်သည်။ မျက်နှာ နှစ်ဖက်မြင့်တက်သွားသည်။

ယုဇနနှင့်မှန်အပြန်အလှန် ခွဲနေကြသောပုံတွေဖြစ်သည်။ အံ့ဩနေ၍ သားအမေးကို မဖြေနိုင်။ ဒီပုံက မြတ်လေး ဖုန်းထဲ ဘယ်လိုရောက်နေတာလဲ။

"ဖေဖေ ဘယ်သူလဲလို့ မေမေမဟုတ်တဲ့ ဘာလို့ မုန့်ခွံ့ကျွေးရတာလဲ"

အရိပ်အကဲ အခြေအနေကို နားလည်လွယ်လွန်းသော သား အမေးကို ဘယ်လိုပြန်ဖြေရမလဲ။ ဓာတ်ပုံကို သဘောကျဟန်မရှိသော သား၏အရိပ်အကဲက သူ့အမေမဟုတ်သည့် ယုဇနကို မနှစ်မြို့ပုံ။

"သူက ဖေဖေရဲ့အရာရှိပါ သားရဲ့"

"ဒါဆို ဖေဖေရဲ့ဆရာပေါ့"

"အင်း"

"မေမေ့ကိုကျတော့ အဲလို ခွံ့မကျွေးဘူး"

နှုတ်ခမ်းစူကာ ကြေးတိုက်သော သားကို မလုံမလဲကြည့်ပြီး





ထူးမြတ် သက်ပြင်းရှိုက်လိုက်သည်။ သားစိတ်ထဲမှာတောင် ဝန်တိုစိတ်ဖြစ်မိသေးလျှင် မြတ်လေးက ဘာလို့ဝန်တိုစိတ်မဖြစ်ရတာလဲ။ အမှန်ဆို ဒီဓာတ်ပုံမြင်ပြီး မိန်းမတို့သဘာဝအတိုင်း စိတ်ဆိုးစိတ်ကောက် လုပ်ရမည်။ ခုတော့ ဘာမှမမှုသည့်ပုံစံဖြင့် တစ်လုံးမှ ထုတ်မမေးဘဲ ဒီအချိန် ထိနေလာရသလား။

ဒီပုံမြင်နေတာတောင် မြတ်လေး နည်းနည်းမှ မခံစားရဘူးလား။

"သားရေ ဖေဖေ့ကို ဘာတွေဂျီကျနေတာလဲ"

မြတ်လေး အခန်းထဲ ဝင်လာသည်။

"မြတ်လေး ဒီပုံ ဘယ်ကရတာလဲ"

ဖုန်းထဲမှပုံကို မြတ်လေး ငုံ့ကြည့်ပြီး ထူးမြတ်ကို ဖျတ်ခနဲ တစ်ချက်ကြည့်ကာ

"မောင်နဲ့အဲဒီအမျိုးသမီး အတူတူရှိနေတဲ့ညတာ ဖေ့စ်ဘွတ်ခ် ပေါ်တင်ခဲ့ကြတာ မဟုတ်ဘူးလား"

"ဟာ အဲဒါ မောင်တင်တာမဟုတ်ဘူး။ ဟိုကောင် မိုးကျော်တို့ နောက်လိုက်တာနေမှာ"

"မြတ်လေးက မောင့်ကို ဖြေရှင်းချက်တောင်းနေလို့လား မောင်"

"ဒါပေမဲ့ မောင် ရိုးသားကြောင်းကိုတော့ ရှင်းပြရမှာ"

မြတ်လေး နှုတ်ခမ်းထောင့်စွန်းလေးကွေးကာ မဲ့ခနဲ တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်ပြီး

"ဘာပဲဖြစ်ဖြစ် မြတ်လေး နားလည်ပါတယ်၊ မြတ်လေးအတွက် မောင်နဲ့ပတ်သက်ပြီး မျှော်လင့်တာတစ်ခုပဲ ရှိတယ်၊ မြတ်လေးကို စိတ် မကုန်သေးသရွေ့ မြတ်လေးအနားမှာ နေမှာပဲဆိုတဲ့ မျှော်လင့်ချက်ပဲ"

"အဲဒီနေ့က မောင်နဲ့ယှဉ်ဖနလွင် နှစ်ယောက်ထဲမဟုတ်ဘူး ရုံး အဖွဲ့တွေအကုန်ပါကြတယ်၊ သူ့မွေးနေ့မို့ ဘတ်ဒေးကိတ်ခွဲလို့ အားလုံးကို သူ လိုက်ခွံ့တယ်၊ ဒါကို ဘယ်အကောင်က လက်ဆော့ပြီး တင်လိုက်လဲ မသိဘူး"

အထူးတလည် ရှင်းပြနေသော မောင့်ဖြေရှင်းချက်တွေကြောင့် ရင်ထဲမှာ ရှင်းချင်ပေမယ့် ရှင်းသင့်သလောက် မရှင်း။

"သားရေ စွပ်ပြုတ်သောက်ရအောင်ကွယ်"

"ဟင် သောက်ချင်ဘူး သောက်ချင်ဘူး"

"သားရယ် နောက်နေ့ဆေးရုံမှာ အော်ပရေးရှင်း လုပ်ရတော့မှာ သား အားရှိမှဖြစ်မှာမို့ပါ သားရယ် နော် လိမ္မာတယ်"

"ဒါဆို ဦးဦးအိမ်ကို လိုက်ပို့၊ သားတစ်ခါမှ မရောက်ဖူးဘူး"

"ဦးဦးမှ မအားတာ သားရယ်၊ နောက်ပြီး မေမေနဲ့ဖေဖေက မအားဘူး"

"ရတယ် သား ဦးဦးကို ဖုန်းဆက်ပြီး လာခေါ်လို့ ပြောလိုက်မယ် ဦးဦးအိမ်မှာ ရေကူးကန်ရှိတယ်၊ ငါးတွေလည်းမွေးထားတယ်တဲ့ သား အဲဒီငါးလေးတွေ ကြည့်ချင်တယ်"





"အေးပါ ကြည့်ရပါမယ်၊ ခုလောလောဆယ် စွပ်ပြုတ်သောက် မယ်နော် သား"

"နေဦး သား ဦးဦးဆီ ဖုန်းဆက်မယ်၊ ပြီးမှသောက်မယ်"

တဖွတ်ထိုးနိုင်လွန်းသော သားကို မြတ်လေးတို့မနိုင်တော့။ နေမင်းသွင်ဆီ ဖုန်းဆက်တာကို ဒီအတိုင်းကြည့်နေရတော့၏။

ဖုန်းဆက်ပြီးသည်နှင့် သားမျက်နှာ ပြန်၍လန်းလာသည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၆)

"ကျွန်တော် ကိုနေမင်းသွင်စေတနာကို နားလည်ပါတယ်၊ ဒါကြောင့် ကိုနေမင်းသွင်အိမ်မှာနေမယ်ဆိုရင်တောင် လစာပေးပြီး နေပါရစေ"

လစာမပေးဘဲ အလကားတက်နေရလျှင် ထူးမြတ် အားနာလွန်း၍ ခေါင်းကျကျ အိပ်ပျော်နိုင်မည် မဟုတ်။

"ကဲ ကိုထူးမြတ်သဘောပါဗျာ ဒီတော့ ကျွန်တော်တို့အိမ်ရှင်အိမ်ငှားစာချုပ်ချုပ်ကြရအောင် လစာကိုတော့ တစ်လ သုံးသောင်းပဲ ပေးပေါ့ဗျာ ဟုတ်ပြီလား ဟား ဟား ဟား ဟား"

နေမင်းသွင်စကားကြောင့် ထူးမြတ် ရယ်လိုက်သည်။

"သုံးသောင်းနည်းလွန်းတယ်ဗျာ ငါးသောင်းပေးမယ်"

"ကဲ သဘောပါဗျာ သဘောပါ"

အလကားမနေချင်သော ထူးမြတ်နှင့်အလကားနေစေချင်သော





နေမင်းသွင်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်လိုက်ကြသည်။

"ကဲ ဒါဆိုရင် ကိုထူးမြတ်တို့ ကြိုက်တဲ့နေ့သာပြောင်းလာကြတော့၊ ကျွန်တော့်တပည့်တွေခေါ်ပြီး အခန်းသန့်ရှင်းရေး လုပ်ခိုင်းထားလိုက်မယ်"

"ဦးဦး သားတို့က ဦးဦးအိမ်မှာ လာနေရမှာလားဟင်"

"ဒါပေါ့ သားရ"

"ဟာ ပျော်စရာကြီး သားကို ငါးတွေပေးနော် သား ငါးမွေးချင်တယ်"

"စိတ်ချ သား ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်လဲ လိုချင်တာကို လက်ညှိုးလေးသာထိုးလိုက်၊ ဦးဦးက အားလုံးဖြည့်ဆည်းပေးပါ့မယ်ကွာ၊ ဒါကြောင့် သားလေး ခွဲစိတ်မှုအောင်မြင်မှ ဖြစ်မှာ သားရ"

"သားရယ် ဦးဦးက အလုပ်များတဲ့သူ သား၊ အမြဲတမ်း ချစ်တိုက်လို့မရဘူးလေ"

မြတ်လေး အားနာစွာ ဝင်ဟန့်လိုက်သည်။

ဘာပဲဖြစ်ဖြစ် မြတ်လေးတို့ အပူသောကတွေမှန်သမျှ ငြိမ်းအေးအောင် ဖြေရှင်းပေးသော နေမင်းသွင်ဟာ မြတ်လေးအတွက်တော့ နတ်သားတစ်ပါးပါပဲ။

ကျေးဇူးဆပ်ခွင့်သာရှိမယ်ဆိုရင် ဘယ်လိုနည်းနဲ့ပဲ ဆပ်ရ ဆပ်ရ

■ ■ ■

www.burmeseclassic.com



သားလေး အရေးတကြီး ခွဲစိတ်ရမယ့်နေ့မှာ ထူးမြတ် အလုပ်တာဝန်နှင့်နယ်ကို သွားရမည့်ကိစ္စက တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်လာသည်။ ကိုယ်မှမသွားလျှင် ဘယ်လိုမှမဖြစ်တာမို့ သားကို စိတ်မချသော စိတ်ဖြင့်နောက်ဆံတတင်းတင်းဖြင့် သွားရသည်။

"ကိုထူးမြတ်က ဘာကြောင့်ခွင့်မယူရတာလဲ မြတ်လေးပန်း"

ခွဲခန်းရှေ့တွင် မြတ်လေးနှင့်နေမင်းသွင် နှစ်ယောက် စိတ်ပူစွာထိုင်စောင့်နေရင်းမှ နေမင်းသွင် မေးလိုက်ခြင်းဖြစ်သည်။

"သူ ခွင့်ယူလို့မရဘူး၊ နယ်ကို သွားရလို့ပါ ကိုနေမင်းသွင်"

"ဪ"

"သူ့အဖေ ခရီးထွက်ရမယ်ဆိုတာ သား လုံးဝမသိဘူး"

"ဒါပေမဲ့ ဘာမှစိတ်မပူပါနဲ့ ကျွန်တော် ရှိနေတာပဲ"

"မြတ်လေးလည်း အဲဒါကြောင့် စိတ်အေးရတာပေါ့ ကိုနေမင်းသွင်ရယ် မရှိရင် ဒီအချိန် မြတ်လေးတစ်ယောက် မပဋ္ဌာမြေလူးဖြစ်နေလောက်ပြီ"

မြတ်လေးပန်းစကားကြောင့် နေမင်းသွင်ထံမှ ရယ်သံခပ်တိုးတိုး ထွက်လာသည်။

"ကိုနေမင်းသွင် ကျေးဇူးတင်ပါတယ်"

"ဟင် ဘာအတွက်လဲ ဒီနေ့ ကျွန်တော် ဘာမှ မကူညီရသေးဘူးနော်၊ ခွဲခန်းရှေ့မှာ မြတ်လေးအားငယ်နေမှာစိုးလို့ လာကူစောင့်ပေးနေတာပဲရှိတာ"





ဘာမှအရေးမကြီးဟန် ပေါ့ပေါ့ပါးပါး ပြောလိုက်သော နေမင်းသွင်ကို လေးစားစွာကြည့်လိုက်ပြီး

"မြတ်လေးနဲ့စတွေ့တဲ့နေ့ကတည်းကစပြီး ခု ဒီနေ့အထိ ကိုနေမင်းသွင်ရဲ့အကူအညီတွေက အရမ်းကိုများပြားနေပါပြီ၊ အသက်ကိုပေးပြီးဆပ်မယ်ဆိုရင်တောင် ကျေနိုင်ပါ့မလား၊ သားလေးရဲ့အသက်ဟာ ကိုနေမင်းသွင်ပေးတဲ့ အသက်ပဲရှိပါတော့တယ်"

နေမင်းသွင် အနေခက်စွာ ရှက်ပြုံးပြုံးလိုက်ပြီး

"အဲဒီကျေးဇူးတင်စကားတွေဟာ ကျွန်တော့်ကို တော်တော်အနေခက်စေတယ်ဗျာ၊ သားအတွက် ကူညီနေတာတွေက ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားတွေကို အကြိမ်ကြိမ် နားထောင်ချင်လို့မှ မဟုတ်တာ၊ ကျွန်တော့်စေတနာကြောင့် သား ပြန်ကျန်းမာလာမယ်ဆိုရင်ပဲ ကျွန်တော် ပီတိဖြစ်လို့မဆုံးပါဘူး"

မြတ်လေးမျက်ရည်ဝဲလျက် နေမင်းသွင်ကို ကြည့်လိုက်ပြီး

"ခုရော သားလေး ခွဲစိတ်မှုအောင်မြင်မှာပါနော်၊ မြတ်လေး အရမ်းစိတ်ပူလွန်းလို့ နေမထိထိုင်မထိ ဖြစ်နေရတယ်"

သားအတွက် ရတက်ပွေနေသော မြတ်လေး၏ပခုံးကို နှစ်သိမ့်သည့်အနေဖြင့် ဆုပ်ကိုင်လိုက်ပြီး

"မြတ်လေးပန်းရယ် သားလေးခွဲစိတ်မှု လုံးဝအောင်မြင်မှာပါ၊ အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်ကို ကံကြမ္မာက ရက်ရက်စက်စက် အပြစ်မပေးပါဘူး၊ စိတ်ချ ကျွန်တော်တို့ မြတ်လေးတို့အသထဲကို သား



www.burmeseclassic.com

www.burmeseclassic.com



လေး အောင်အောင်မြင်မြင်နဲ့ ပြန်လာမှာ၊ ကျွန်တော့်စိတ်က သိနေတယ်"

ရင်ထဲက သောကအပူတွေ မြူတစ်မှုန်စာမျှ မကျန်အောင် နှစ်သိမ့်ပေးတတ်သော နေမင်းသွင်စကားကြောင့် သောကအချို့ လျော့သွားသည်။

ခွဲစိတ်ခန်းတံခါး ပွင့်လာသည်။ ခွဲစိတ်ဆရာဝန်ကြီး ထွက်လာသည်။ မြတ်လေးနှင့်နေမင်းသွင် ထိုင်ရာမှ ထလိုက်ပြီး ဆရာဝန်ကြီးနားသို့ သွားကာ

"ဆရာကြီး ကျွန်မသားလေး အခြေအနေ"

"အားလုံး အိုကေသွားပါပြီ၊ ဘာမှစိုးရိမ်စရာ မရှိတော့ပါဘူး"

မင်္ဂလာရှိသော ဆရာဝန်ကြီးစကားကြောင့် မြတ်လေး ဝမ်းသာလွန်း၍ ဘာပြောရမှန်းပင် မသိတော့။

မြတ်လေးနှင့်ထပ်တူ နေမင်းသွင်ပါ ဝမ်းသာနေသည်။

နေမင်းသွင် မြတ်လေးခေါင်းကို ခပ်ဖွဖွကိုင်ကာ

"ကဲ ကိုယ်မပြောဘူးလား ကံကြမ္မာက သားလေးကို အသက်ရှင်ခွင့်ပေးလိုက်ပြီ"

နေမင်းသွင်၏အားပေးစကားကြောင့်ရော သားလေး အန္တရာယ်ကင်းကင်းရှင်သန်ရတော့မည်ဆိုသည့် အသိစိတ်ကြောင့်ရော ရင်ထဲမှာ ဝမ်းသာလုံးဆို့ကာ မျက်ရည်တို့ တာကျိုးသလို စီးကျလာပြန်သည်။

ဝမ်းသာလို့ကျတဲ့ မျက်ရည်ပါ။

ကျေးဇူးအနန္တပါ ကိုနေမင်းသွင်။

■ ■ ■

## အခန်း (၂၇)

"ဖိုးညီနဲ့သောင်းဌေး ဒီအိမ်ရှေ့က အမှိုက်တွေက ဘာလုပ်ထားတာလဲ၊ အပုံလိုက်ပဲကွာ၊ ထုပ်ပိုးပြီး ပစ်စရာရှိတာပစ်လေ၊ အခန်းတွေရော ဆေးသုတ်ထားတာ ခြောက်ပြီလား"

"ဟုတ်ကဲ့ ခြောက်ပါပြီ အစ်ကိုလေး၊ ဆေးနံ့တွေ နံမှာစိုးလို့ အစ်ကိုလေးဖြန်းခိုင်းထားတဲ့အနံ့ပျောက်ဆေးတွေလည်း ဖြန်းထားပြီးပါပြီ၊ အခု ပန်းအိုးတွေ နေရာချနေတာပါ"

မြတ်လေးတို့မိသားစု ပြောင်းလာကြတော့မှာမို့ တိုက်ကလေးကို လှပပြီးနေချင်စရာဖြစ်အောင် တပည့်တွေနှင့် ပြင်ဆင်ခိုင်းနေသည်မို့ နေမင်းသွင် ကုမ္ပဏီကိုပင် မသွားနိုင်။

"အစ်ကိုလေး အခုပြောင်းလာမယ့် မိသားစုက အစ်ကိုလေးနဲ့ ဘာတော်လို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးညီ ရေသန့်ဘူးခွံတွေနှင့် အမှိုက်စတွေကို ငွေရေချွံအိတ်ထဲ ကျုံးထည့်ပြီး စပ်စပ်စုစု မေးသည်။

အမြဲတမ်း တစ်သီးတစ်သန့် နေတတ်လွန်း၍ ထိုအိမ်လေးကို တခြားလူတွေကိုပင် ငှားတာမဟုတ်။

"ဟော့ကောင် ဘယ်သူတွေလဲဆိုတာ မေးမနေနဲ့၊ သူတို့ပြောင်းလာတော့ မင်းတွေ့လိမ့်မယ်၊ ခု လုပ်စရာရှိတာ မြန်မြန်လုပ်ကြ၊ သောင်းဌေး ကျော်ကျော့်ကို ဖုန်းဆက်ကြည့်စမ်း၊ အိမ်ပြောင်းဖို့ လွှတ်လိုက်တဲ့ ကားရောက်ပြီလားလို့"

နေမင်းသွင် စကားကြောင့် သောင်းဌေး ဖုန်တွေပေနေသော သူ့လက်နှစ်ဖက်ကို ပုဆိုးနှင့်သုတ်ပြီး အင်္ကျီအိတ်ကပ်ထဲမှ ဖုန်းကို နှိုက်ယူလိုက်သည်။

"ဟဲလို ကျော်ကျော် အိမ်ပြောင်းတဲ့ကား ရောက်နေပြီလားတဲ့"

သောင်းဌေး ဖုန်းပြောနေခြင်းကို နေမင်းသွင် ဘေးမှာရပ်ပြီး စောင့်နားထောင်နေသည်။

"ဪ အေး အေး ဒါဆို ခုထွက်လာနေပြီပေါ့ ဟုတ်လား။ ဒါဆို ငါတို့ဒီမှာ အဆင်သင့်ရှင်းလင်းထားပေးပြီးသွားပြီ"

သောင်းဌေး ဖုန်းပိတ်လိုက်သည်။

"အစ်ကိုလေး ကားကရောက်လို့ ထွက်တောင်ထွက်လာပြီတဲ့"

"ဟင် ဟုတ်လား ဟော့ကောင်တွေ လုပ်လက်စအလုပ်တွေ မြန်မြန်လက်စသတ်ကြစမ်း၊ ဟာကွာ မှန်တံခါးတွေကိုလည်း ခုချိန်ထိ





မှန်ကြည်အောင်မသုတ်ရသေးဘူး၊ ပေးစမ်း မှန်ကြည်ဆေးရည်နဲ့ ဖော့တုံး ငါကိုယ်တိုင်သုတ်မယ်၊ မင်းတို့ကောင်တွေကွာ နှစ်ယောက်ပေါင်းပြီး စကားတွေပဲများနေကြတယ်"

နေမင်းသွင်ကိုယ်တိုင် တံခါးမှန်တွေသုတ်နေသဖြင့် သောင်းဌေးနှင့်ဖိုးညီ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ပြီး မျက်စပစ် ပခုံးတွန့်လိုက်ကြသည်။

ထူးဆန်းနေတာတော့ အမှန်ပဲ။

■ ■ ■

မြတ်လေးတို့ အိမ်ထောင်ပစ္စည်းတွေ တင်ဆောင်လာသောကားက အိမ်ရှေ့ထိုးရပ်လိုက်သည်နှင့် ကားပေါ်မှ မြတ်လေးနှင့်ရဂုံလေး အရင်ဆုံးဆင်းလာသည်။ နေမင်းသွင် မြတ်လေးတို့သားအမိနား လျှောက်သွား၏။

"ဟား မေမေ ဒီအိမ်လေးက သားတို့နေရမယ့်အိမ်ကလေးလား"

"ဟုတ်တယ် သားရဲ့ ဘယ်လိုလဲ ကြိုက်ရဲ့လား သား"

"ကြိုက်တာပေါ့ ဦးဦးရ၊ သားက တိုက်အိမ်နဲ့တစ်ခါမှ မနေဖူးဘူး၊ ခု ပထမဦးဆုံးနေရမှာ ဒီအိမ်ကြီးက သားတို့ကိုပေးတာလားဟင်"

"ဒါပေါ့ သားရ"

"သား ဘာတွေလျှောက်မေးနေတာလဲကွယ်"

အိမ်ကလေးကလှ၍ အပိုင်စီးချင်သောစိတ်ဖြင့် ရှိသားရွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောနေသော သား၏စကားကို မြတ်လေး ဝင်ဟန့်လိုက်သည်။

"မေးပါစေ မြတ်လေးပန်းရယ်"

ထူးမြတ်နှင့်အလုပ်သမားတစ်ယောက် ကားပေါ်မှ ဗီရိုကြီး သယ်ချလာသည်။ နေမင်းသွင် မနိုင်မနင်း သယ်နေသော ထူးမြတ်ကို မြင်ပြီး

"ဖိုးညီ သောင်းဌေး မင်းတို့ကားပေါ်မှာ ဘာလုပ်နေကြတာလဲ ကိုထူးမြတ်နဲ့ ဝိုင်းသယ်လေ၊ ပစ္စည်းအလေးတွေကို မင်းတို့ဖာသာ သယ်ချကြလေ၊ ကိုထူးမြတ် ပေါ့ပေါ့ပါးပါးလောက်ပဲ သယ်ပါ၊ ပစ္စည်းအလေးတွေကို သူတို့ကိုပေးသယ်လိုက်"

"ရပါတယ် ကိုနေမင်းသွင်ရယ် ဒါ ကျွန်တော်တို့လုပ်ရမယ့် ကိစ္စပါ"

ထူးမြတ် အားနာနေသည်။ အိမ်က ထင်ထားတာထက်ပို၍ သစ်လွင်ကာ နေချင်စဖွယ် တစ်ထပ်တိုက်ပုလေးမို့ သူ ယူထားသည့် လစာငါးသောင်းနှင့်ပင်မမျှ။

ဒီလိုအိမ်မျိုး တခြားတစ်နေရာ ငှားမည်ဆိုလျှင် တစ်လ သုံးသိန်းလောက်ရှိသည်။

"ဟာ နေပါ ကိုနေမင်းသွင်ရယ် ကျွန်တော်တို့ သယ်ပါမယ်"

နေမင်းသွင်ပါပစ္စည်းတွေ ဝိုင်းသယ်ပေးနေ၍ ထူးမြတ် အထိတ်တလန့်ဟန်ဖြင့် ဝင်၍တားလိုက်သည်။ နေမင်းသွင် ဝိုင်းသယ်တော့ တပည့်တွေလည်း မနေနိုင်။





"အစ်ကိုလေး နေပါ ကိုထူးမြတ်ရော မသယ်နဲ့တော့၊ အေးအေးဆေးဆေးပဲနေ၊ ကျွန်တော်တို့အဖွဲ့တောင့်ပါတယ်၊ သယ်လိုက်ရင် ခဏလေးပါ"

ဖိုးညီတို့ ကျော်ကျော်တို့ ထူးမြတ်ကိုပါ မသယ်ခိုင်းတော့ဘဲ သူတို့ဖာသာ သူတို့ သယ်ကြတော့သည်။

"အိမ်လေးက ချစ်စရာလေးနော်"

"အဲဒါ ကျွန်တော်ကိုယ်တိုင်ဒီဇိုင်းဆွဲပြီး ဆောက်ထားတာဗျ"

"ကိုနေမင်းသွင်က ဘက်စုံတော်တဲ့သူပဲ၊ တကယ် လေးစားတယ်ဗျာ"

"ဒါကလည်း ငွေရှိနေလို့ပါ ကိုထူးမြတ်ရယ်၊ ငွေသာမရှိရင် ကျွန်တော့်စိတ်ကူးတွေ ဘယ်လိုအကောင်အထည်ဖော်မလဲ၊ ကိုယ့်စိတ်ကူးတွေအကောင်အထည်ဖော်ခွင့်မရတော့မှတော့ ဘယ်မှာလာပြီး စိတ်ချမ်းသာနိုင်တော့မလဲ"

ဘက်စုံတော်တဲ့သူတစ်ယောက်ဟု ထူးမြတ်ပြောမှပင် ကိုယ့်ကိုယ်ကိုယ် ငွေဖြင့်အရောင်တောက်ပနေသူဟု ဘဝင်စိတ်ဖြင့် အတွေးသက်ရောက်ပြီး ပြုံးလိုက်မိသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အခက်အခဲတွေကို ဖြေရှင်းပေးတဲ့ ကိုနေမင်းသွင်ဟာ ကျွန်တော်တို့အတွက်တော့ မဟာကျေးဇူးရှင်ကြီး ပါပဲဗျာ"

"ကျေးဇူးတင်ဖို့မလိုဘူး ငွေပေးပြီး ငှားနေတာပဲဗျာ၊ ခပ်တင်း

www.burmeseclassic.com



ထင်းနေစမ်းပါ ဟား ဟား ဟား''

ပြောလည်းပြော ရယ်လည်းရယ်လိုက်သော နေမင်းသွင်ကို ကြည့်ပြီး ထူးမြတ်ပါ လိုက်ရယ်လိုက်သည်။

ရယ်ကြသူချင်းအတူတူ ထူးမြတ်ရယ်သောအရယ်က ပေါ့ပါးခြင်းမရှိ။

■ ■ ■

## အခန်း (၂၈)

ကြီးမားသော ငါးကန်ကြီးနှင့် ရေကန်ထဲထည့်ပြီး အလှဆင်သည့်မီးသီးတွေ ရေမှော်ပင်တွေ အောက်ဆီဂျင်ပိုက်တွေနှင့်အတူ လင်ကီး Fish ငါးအကြီးကြီးတွေပါ ထည့်ပေးထားသော နေမင်းသွင်၏ရက်ရောမှုကြောင့် မြတ်လေး အားနာရပြန်သည်။

''ကိုနေမင်းသွင်ရယ် သားကိုအလိုလိုက်ပြန်ပါပြီ။ ဒါကြောင့် ဒီနေ့ သားက ကိုနေမင်းသွင် ငါးကန်အကြီးကြီးလုပ်ပေးမယ်လို့ ပြောပြီး ပျော်နေတာ''

''ဦးဦး အဲဒီ ငါးတွေကို နာမည်ပေးရမယ်နော်''

''ဒါပေါ့ သားရ သားဘော်ဒါတွေဖြစ်သွားပြီပဲ။ ကြိုက်တဲ့နာမည် ပေးလို့ရပြီ၊ ဒါနဲ့ ကိုထူးမြတ်ရော ပြန်မလာသေးဘူးလား''

''သူ ဒီနေ့ ရုံးမှာအချိန်ပိုဆင်းရတယ်၊ ညရှစ်နာရီလောက်မှ ပြန်ရောက်မှာလေ၊ ဒါနဲ့ ကိုနေမင်းသွင် ထမင်းစားပြီးပြီလား''

www.burmeseclassic.com

www.burmeseclassic.com



"မစားရသေးဘူးလေ ကုမ္ပဏီက ခုမှပြန်လာတာဆိုတော့ ရေမိုးချိုးပြီးမှ အပြင်မှာတစ်ခေါက်ထွက်စားမယ်"

"အိမ်မှာ ချက်စားတာမဟုတ်ဘူးလား"

မြတ်လေး အမေးကြောင့် ကိုနေမင်းသွင် ဟက်ခနဲ ရယ်သည်။

"မဟုတ်ပါဘူးဗျာ ကိုယ်က ဟင်းချက်စားဖို့တော့ အစွမ်းအစ မရှိဘူးဗျ၊ ဒါကြောင့် ဟိုတယ်မှာပဲစားတယ်၊ တစ်ခါတလေ သွားရင်း လာရင်း မြန်မာထမင်းဆိုင်လေး တရုတ်ထမင်းဆိုင်လေးတွေမှာ ဝင်စား ချင်စားတယ်၊ အစားအသောက်တွေအတွက် တကူးတကကြီး မစီစဉ်ဘူး ကြုံရာပဲ"

"တပည့်တွေက ချက်မကျွေးဘူးလား"

"သူတို့က ကိုယ်နဲ့အတူနေတာမဟုတ်ဘူး၊ သူတို့မိသားစုနဲ့ သူတို့နေတာလေ၊ အလုပ်သိမ်းတာနဲ့ သူတို့အိမ်သူတို့ ပြန်ကြတာ"

"အဲဒါ ဒါဆိုရင် အခု ကိုနေမင်းသွင် ရေမိုးချိုးပြီး မြတ်လေး တို့ဆီ ထမင်းလာစားပါလား"

"ဟုတ်တယ် ဦးဦး ဒီနေ့သားနဲ့ ထမင်းလာစားပါလား"

နေမင်းသွင်လက်ကို လှုပ်ရမ်းပြီး ထမင်းစားဖို့ပြောနေသော ရဂုံလေးကို ငုံ့ကြည့်လိုက်ပြီး

"သားတို့နဲ့ထမင်းအတူလာစားရင် သားစားဖို့ ထမင်းတွေ ဟင်းတွေမကျန်တော့ရင် ဘယ်လိုလုပ်မလဲ၊ ဦးက အစားကြီးတယ်ကွ"

"ဦးဦးစားလို့ မကျန်ရင် သားမစားဘူးပေါ့၊ ဦးဦးဗိုက်ပြည့်ရင်





သား ဗိုက်ပြည့်တာနဲ့ တူတူပဲ"

"အောင်မလေး လိမ္မာလိုက်တဲ့သား၊ ဦးဦးချစ်ရကျိုးနပ်လိုက်တာ ဗျာ"

နေမင်းသွင် ချစ်စရာကောင်းလွန်း၍ ဆွဲ့ခနဲ ဖွေ့ချီကာ တရှုံ့ ရှုံ့နမ်းရှိုက်လိုက်သည်။

"ဒီမှာပဲ လာစားလိုက်ပါနော်၊ နောက်နေ့လည်း မြတ်လေး ပိုချက်ထားမယ် နေ့တိုင်း ဒီမှာပဲ စားလိုက်ပါ"

"ဟာဗျာ အားနာစရာကြီး"

"ဒီလောက်လေးကို အားနာစရာကြီးဆိုတဲ့စကားသုံးပြီး မြတ် လေးကို လှောင်နေတာတော့ မဟုတ်ပါဘူးနော်"

ကျေးဇူးပင်မပြုရသေးဘဲ အားနာသည်ဆိုသည့်စကားဖြင့် ပြန် ၍ တုံ့ပြန်ခံနေရ၍ မြတ်လေး စကားနာထိုးလိုက်သည်။

"အဲလိုတော့လည်း မဟုတ်ပါဘူးဗျာ၊ ကဲ ဟုတ်ပါပြီ ဒါဆိုရင် ကိုယ် ရေပြန်ချိုးပြီး ထမင်းလာစားပါ့မယ်"

■ ■ ■

"ဟား ဒီလို စားချင်စဖွယ် အိမ်ထမင်းအိမ်ဟင်းမျိုး မစားရ တာ နှစ်ပေါင်းဘယ်လောက်ကြာနေမှန်းတောင် မမှတ်မိတော့ဘူး"

ချဉ်ပေါင်ဟင်းနှင့်ငပိရည်ကို နယ်ထားပြီး ငါးခူကြော်နှပ်နှင့် သခွားသီးကိုက်ပြီး စားရသောအရသာကို နေမင်းသွင် တော်တော်လေး ခံတွင်းတွေ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဟင်းမှသိပ်မကောင်းတာ"

မြတ်လေး ကျွေးရတာ အားနာသည်။ ငွေကိုချင့်ချိန်သုံးရ၍ ဟင်းကောင်းကောင်း မချက်နိုင်။

"နောက်နေ့တွေ ဟင်းကောင်းကောင်း ချက်ပေးပါ့မယ်နော်"

"မလိုဘူး ရတယ်၊ ဒီလိုဟင်းတွေကိုပဲ စားရတာ ပိုမြိန်တာ"

"မေမေ မနက်ဖြန် ဦးဦးကို ပုစွန်ထုပ်ချက်ကျွေးလိုက်ပါလား"

ပုစွန်ထုပ်ကြိုက်သော သားစကားကြောင့် မြတ်လေး ပြုံးလိုက်သည်။

"လူလည်လေး ဦးဦးနဲ့ လိုက်ကပ်စားရအောင် ချက်ခိုင်းတာ မေမေ သိတယ်နော် အဟင်း ဟင်း"

"ဟုတ်ပါဘူး သားက ဦးဦးကို ကျွေးချင်တာ"

"ဟုတ်ပါပြီ ချက်ကျွေးပါ့မယ်"

နေမင်းသွင် ခေါင်းမဖော်တမ်း ထမင်းစားနေတာ ဘယ်နှမ်း ကန်ကုန်သွားမှန်း မသိတော့။

"ဟား ဒီနေ့လောက် ထမင်းစားကောင်းတာ ကျွန်တော့်ဘဝမှာ တစ်ရက်မှမရှိသေးဘူးဗျာ၊ နောက်နေ့တွေလည်း မြတ်လေးမခေါ်ဘဲ ထမင်းစားဖို့ ရောက်လာရတော့မယ် ထင်တယ်"

"လာစားပါ မြတ်လေး လက်ရာကောင်းကောင်း ချက်ထားမယ်"

"အိုကေ အောင်မလေးဗျာ ဗိုက်တော်တော်တင်းသွားတာ ထ





တောင်မထနိုင်တော့ဘူး။ သား ဦးဦးကို ထူပါဦး၊ ဗိုက်လေးလို့ မထချင်တော့ဘူး"

တနင့်တပိုးစားပြီး မထနိုင်ဖြစ်နေသော နေမင်းသွင်ကို သား မနိုင့်တနိုင် ထူပေးရှာ၏။

မြတ်လေး ရယ်စရာကောင်းလွန်း၍ ရယ်မိသည့်အဖြစ်ရယ်ပါ။ ဘာပဲဖြစ်ဖြစ် ကျေးဇူးရှင်ကို ခုလို ထမင်းကျွေးရသည့်အတွက် စိတ်ထဲမှာ ကျေနပ်နေမိသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ထူးမြတ်တို့ ကံကောင်းချက်ကတော့ကွာ၊ နေစရာနေရာလည်း အဆင်သင့်၊ ဆေးကုစရိတ်လည်း အဆင်သင့်၊ မင်းထက်ကံကောင်းတဲ့ သူတောင် မင်းလောက်ကံကောင်းနိုင်ပါ့မလား"

"သူများအကူအညီကို ယူရတာ ကံကောင်းတယ်လို့ ပြောလို့ ရမလားကွာ၊ သူများက သနားသဖြင့် အကူအညီပေးခံရတယ်ဆိုကတည်း က ကိုယ့်မှာအရည်အချင်းမရှိလို့ အခက်အခဲတွေကို ဦးဆောင်မဖြေရှင်း နိုင်လို့ဆိုတာ မသိသာနေဘူးလား"

သူငယ်ချင်းတွေရှေ့မှာမို့ ရင်ထဲရှိသည့် ခံစားမှုတွေကို အမှန် အတိုင်း ရင်ဖွင့်လိုက်သည်။

"ဒါဆိုရင် မင်းကို မယုဇနလွင် ဦးစားပေးတာကိုရော မင်း ဘယ်လိုခံစားရလဲ၊ စောစောကအတိုင်း ပွင့်ပွင့်လင်းလင်း ပြော"

အောင်ဖော် အမေးကြောင့် ထူးမြတ် ရှက်သလိုရွံ့သလိုဖြစ်သွား





ကာ

"မင်းတို့ ငါ့ကိုဆေးမထိုးနဲ့ကွာ၊ ဟိုတစ်ခါတုန်းကလည်း ငါနဲ့ ယုဇနပုံကို ရိုက်ပြီး ဖေ့စ်ဘွတ်ခ်ပေါ် တင်လိုက်တာလေ တော်သေးတယ် ငါ့မိန်းမက သဝန်မတိုတတ်လို့ မင်းဟို့အနေချောင်သွားတယ်မှတ်"

"ဟင် မင်းမိန်းမက ဘာပြဿနာမှ မရှာဘူး ဟုတ်လား"

"ဟုတ်တယ် ဒါပေမဲ့ အဲဒါကို ငါမကြိုက်ဘူး"

"ဟင် မင်းမကြိုက်တာတွေကလည်း များနေပြီ၊ ငါတို့မျက်စိ ထဲ နည်းနည်းတောင် အိုဗာဖြစ်လာပြီ ဟား ဟား ဟား"

ထူးမြတ် စကားကြောင့် မိုးကျော်နှင့်အောင်ဖော် အားမနာ တမ်း ဝေဖန်ကြရင်း ဘီယာခွက်ကို ယူ၍မော့လိုက်ကြသည်။

"မိန်းမက သဝန်မတိုတတ်တာကို မကြိုက်ဘူးဆိုတော့ မင်းက သဝန်တိုစေချင်တာလား"

"ဟုတ်တယ်လေ ဘာပဲဖြစ်ဖြစ် ရှင်က တခြားမိန်းမနဲ့ ကျွန်မ ကွယ်ရာမှာ ဒီလိုပုံစံမျိုးနေရလား၊ ဘာညာပေါ့ ခုတော့ သူ့ဖုန်းထဲမှာ Save Photo လုပ်ထားတာပဲရှိတယ်၊ ငါ့ကိုတစ်ခွန်းတောင်မမေးဘူး တကယ် ကို သဝန် ရှည်တဲ့မိန်းမ"

"စိတ်သဘောထားပြည့်ဝတယ်လို့ ပြောစမ်းပါကွာ၊ သဝန်ရှည် တယ်တဲ့ ကြားရတာ နားအဝင်ဆိုးလိုက်တာ"

မိုးကျော်စကားကို ထူးမြတ် အတည်မပြုချင်။

"အဲဒါကို စိတ်သဘောထားပြည့်ဝတယ်လို့ မခေါ်ချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောရမလဲ သွေးအေးတယ်လို့ ပြောရမလား ယောကျ်ားတစ်
ယောက် ဖောက်ပြန်နေတယ်ဆိုရင်တောင် လေကုန်ခံပြီး ကိုယ့်ဘက်ပါ
အောင် မဆွဲဆောင်နိုင်ဘူးဆိုတဲ့ပုံစံမျိုးကြီးကွာ''

''ဟွန်း မင်းပဲ ရှာရှာပေါက်ပေါက်တွေးပြီး စိတ်တိုင်းမကျနေ
တာ၊ အကယ်၍ မင်းသာ တကယ်ဖောက်ပြန်ကြည့်လိုက် သူ ခုလိုပဲ
သွေးအေးနိုင်မလားလို့ ငါက စောင့်ကြည့်ချင်သေးတယ်''

''ငါက ဘယ့်သူနဲ့ ဖောက်ပြန်ပြရမှာလဲ''

''မင်းကို ရေလာမြောင်းပေး လုပ်လာတဲ့မိန်းမမျိုးရှိရင်ပေါ့
ဟဲ ဟဲ ဟဲ''

''နေပါကွာ ဒီတစ်ယောက်တောင် ငွေရှာရတာ အသက်ငင်
နေပြီ၊ နောက်တစ်ယောက်နဲ့ဖောက်ပြန်မယ်ဆိုရင် ကိုယ့်သေတွင်းကိုယ်
တူးသလို ဖြစ်တော့မှာပေါ့''

ထူးမြတ်စကားကြောင့် မိုးကျော်နှင့်အောင်ဇော် ဝေါ့းဟု ခပ်
တိုးတိုးပြောကြသည်။

သူတို့ ဘာကိုရည်ရွယ်နေကြသည်ဆိုတာ ထူးမြတ် မသိဘဲ
နေမလား။

စကားဝိုင်းလေးက အရှိန်ကောင်းတုန်းရှိသေးသည် ဖုန်းက
ထပြီးမြည်လာသည်။ ထူးမြတ် အိတ်ကပ်ထဲမှ ဖုန်းကို ထုတ်ပြီး ဖုန်းထူး
လိုက်သည်။

''ဟဲလို မယုဇနု''





ယုဇနုဆို၍ မိုးကျော်နှင့်အောင်ဇော် ထူးမြတ်ကို ကြည့်လိုက်ကြ
သည်။

''ဗျာ ဘယ်လို ဘယ် ဘယ်တုန်းကလဲဗျာ ဟုတ်လား ဟာဗျာ
စိတ်မကောင်းလိုက်တာ၊ စိတ်ချ ကျွန်တော်တို့ ခုချက်ချင်း လာခဲ့မယ်ဗျာ၊
မငိုနဲ့ မငိုပါနဲ့ ကျွန်တော်တို့လည်း မယုဇနုနဲ့ထပ်တူ ဝမ်းနည်းရပါတယ်ဗျာ၊
ဟုတ်ပါပြီ ခုပဲ ထွက်လာခဲ့ကြမယ်''

မျက်စိပျက်မျက်နှာပျက်ဖြင့် ဖုန်းပိတ်လိုက်သော ထူးမြတ်၏
စိတ်လှုပ်ရှားပုံကို မိုးကျော်ရော အောင်ဇော်ရော စိတ်ဝင်စားနေကြသည်။

''ဘာဖြစ်လို့လဲ ထူးမြတ်''

''မယုဇနု အမေကြီး ခုပဲ ဆုံးသွားလို့တဲ့''

''ဟာ ဘာ ဘာဖြစ်လို့လဲ''

''ညနေစောင်းမှ ရေချိုးခေါင်းလျှော်လုပ်ပြီး မူးတယ်ဆိုပြီး
ခဏလှဲအိပ်လိုက်တာ သတိပြန်မလည်လာတော့ဘူးတဲ့၊ မိသားစုဆရာဝန်
ပင့်ပြီး စမ်းသပ်ကြည့်တော့ အသက်မရှိတော့ဘူး''

''ဟာကွာ ရှိတာမှ ဒီအမေနဲ့ဒီသမီး ဒီအမေသေသွားပြီဆိုတော့
ဘယ်သူနဲ့နေမလဲ၊ တစ်ယောက်ထဲ ကြောက်နေတော့မှာပဲကွာ''

''ဟုတ်တယ် ခုလည်း သူ့အမေရဲ့ဘော်ဒီကြီးနဲ့ သူနဲ့ နှစ်
ယောက်ထဲတဲ့၊ အိမ်နီးနားချင်းတွေကလည်း ဘုရားဖူးသွားလို့ အကူအညီ
တောင်းလို့မရဘူးတဲ့၊ ဒါကြောင့် ငါတို့ကိုအားကိုးတကြီး ဖုန်းလှမ်းဆက်
တာ၊ ငါတို့ ခုပဲ သွားမှဖြစ်မယ်''

www.burmeseclassic.com



ထူးမြတ် ဘီယာဖိုးရှင်းရန် ကောင်တာကို ကမျောသောပါး ထသွားလိုက်သည်။

ဒီညတော့ ယုဇနတို့အိမ်မှာပဲ အဖော်နေပေးရတော့မည်။

■ ■ ■

"ဟဲလို မောင် ပြောလေ ပြန်လာနေပြီလား"

ထမင်းပွဲပြင်ကာ ထိုင်စောင့်နေကြသော မြတ်လေးမှာ ထူးမြတ် ဖုန်းဖြစ်နေ၍ ပြန်လာပြီလားဟု အရင်ဆည်းမေးလိုက်သည်။ ပြီးမှ မျက်နှာချက်ချင်းညှိုးသွားကာ

"ဩော် ဒါဆို ဒီညရော နောက်ရက်တွေပါ မောင် ပြန်မလာနိုင်ဘူးပေါ့ ဟုတ်လား"

မြတ်လေး စကားကြောင့် နေမင်းသွင်နှင့်ရဂုံလေး ငါးကန်နားမှာ ငါးစာကျွေးနေရင်းမှ လှည့်ကြည့်ကြသည်။

"အင်း ကောင်းပြီလေ ဒါဆိုရင် မြတ်လေး မမျှော်တော့ဘူး"

ဖုန်းပိတ်လိုက်ပြီး ဖုန်းကို စားပွဲပေါ်လှမ်းတင်ကာ နေမင်းသွင်တို့ဘက်ကိုကြည့်ပြီး

"ကိုနေမင်းသွင် မြတ်လေးတို့ ထမင်းစားကြရအောင်"

"ကိုထူးမြတ်က ဘာတဲ့လဲ"

"သူ့ရုံးက အရာရှိမရဲ့အမေဆုံးလို့တဲ့ အဲဒီအိမ်မှာ သွားစောင့်ပေးရမယ်တဲ့"

"မိသားစုတွေမရှိလို့လား ဒီမှာ မြတ်လေးတို့ သားအမိနှစ်



ယောက်ထဲလေ"

"သူက အဲဒါတွေ တွေးမိပုံမပေါ်ပါဘူး၊ မယုဇနလွင်က သားအမိနှစ်ယောက်ထဲနေကြတာလေ၊ ဒါကြောင့် ညသွားအိပ်ပေးမှ ဖြစ်မှာမို့ပါဆိုတော့ မြတ်လေးလည်း အိမ်ပြန်လာဖို့ မပြောချင်တော့ဘူး၊ ကဲပါ မြတ်လေးတို့ထမင်းစားကြရအောင်နော်"

"အင်းလေ ဒါဆိုလည်း စားလိုက်ကြတာပေါ့၊ မြတ်လေးလည်း ဗိုက်ဆာနေလောက်ပြီပေါ့ လာ ကိုယ်ပါ ထမင်းပွဲဝိုင်းပြင်ပေးမယ်နော်"

"နေပါစေ ရပါတယ် မြတ်လေးပဲ လုပ်ပါမယ်"

ထမင်းပွဲပြင်ရန် ထမင်းစားခန်းဘက်သို့ မြတ်လေး ဝင်လာတော့ နေမင်းသွင်ပါ လိုက်ဝင်လာသည်။ ထမင်းပွဲကို နှစ်ယောက်တူတူ ပြင်လိုက်ကြသည်။ မြတ်လေးခေါင်းမှ ရှန်ပူနံ့ကြောင့်

"မြတ်လေး ခေါင်းလျှော်ထားတယ်ထင်တယ်၊ ဆံပင်တွေ စိုနေသလားလို့"

"စိုဖန့်နေသော ဆံပင်တွေကိုကြည့်ပြီး နေမင်းသွင် မေးလိုက်သည်။

"ဩော် ဟုတ်တယ် ကိုနေမင်းသွင် ဒီနေ့ ရေချိုးတာ နည်းနည်းနောက်ကျတယ်လေ၊ ဒါကြောင့် ခေါင်းမခြောက်သေးတာ"

"ဩော် ဆံပင်တွေက စိုနေတယ်၊ အချိန်မတော် ရေချိုးခေါင်းလျှော်ရင် အခန့်မသင့်လို့ ဖျားတော့ ဘယ်လိုလုပ်မလဲ၊ မြတ်လေးက လူခွဲရှိတာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဂရုတစိုက်နှင့် ပြောနေသော ကိုနေမင်းသွင်နှင့်မောင့်ကို ဘာရယ်မဟုတ် ယှဉ်တွေးလိုက်မိသည်။

မောင်သာဆို ထိုသို့ ဂရုတစိုက်မပြော ပြန်လာလျှင် ရုံးကအလုပ်နှင့်အချိန်ကုန်တတ်ပြီး မြတ်လေး နေမကောင်းဖြစ်လျှင်တောင် ဂရုစိုက်ဖော်မရ။

ကိုနေမင်းသွင်ကတော့ ထိုသို့မဟုတ်။ မြတ်လေးကို ညီမတစ်ယောက်သဖွယ် ဂရုတစိုက်ရှိရှာသည်။ မြတ်လေးအစ်ကိုသာဖြစ်လိုက်ပါတော့ဟု စိတ်ထဲမှ တိတ်တဆိတ် တောင့်တမိသည်။

■ ■ ■

## အခန်း (၃၀)

ကွန်ပျူတာရှေ့ထိုင်ကာ အလုပ်လုပ်နေရပေမယ့် နေမင်းသွင်စိတ်တွေက အလုပ်ထဲမှာမရှိ။ စိတ်တွေက လေဟာနယ်ထဲရောက်နေသလို လွင့်မျောချင်ရာကို လွင့်မျောနေသည်။

ထူးမြတ်နှင့်ရုံးကအရာရှိ မယုဇနလွင်ဆိုသည့် အမျိုးသမီးက ဘယ်လိုပတ်သက်မှုတွေ ရှိနေသလဲ။ ထိုကိစ္စအတွက် မြတ်လေးပန်း မပျော်ရွှင်နေတာကို နေမင်းသွင် ရိပ်မိနေသည်။

အိမ်ပြန်အမြဲနောက်ကျပြီး ဇနီးမယားအပေါ် ဂရုစိုက်မှုနည်းသော ယောကျ်ားတွေ၏နောက်ကွယ်တွင် ဘယ်လိုလျှို့ဝှက်ချက်တွေ ရှိနေသလဲဆိုတာ ကိုယ်ကိုယ်တိုင် ယောကျ်ားတစ်ယောက်ဖြစ်နေပါလျက် တွင်းဖောက်မြင်နိုင်စွမ်းမရှိ။

တကယ်ဆို ကိုယ့်စိတ်ကရော ရိုးသားပါရဲ့လား။ အိမ်ထောင်ရှိနေသော မိန်းကလေးတစ်ယောက်၏ လိုအပ်ချက်တွေကို အပြည့်ဆည်း



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်နေပြီး သူပျော်နေတာကို အရသာရှိရှိ ထိုင်ကြည့်ချင်သောစိတ်ဟာ ဘယ်မှာလာ ရှိသားမှာတဲ့လဲ။

အမြဲပွိုင့်ဖျော့နေတတ်သော မြတ်လေး၏မျက်ဝန်းတွေ အရောင်တောက်လာအောင် ပျော်ရွှင်စရာတွေကိုပဲ ဖြည့်ဆည်းပေးချင်မိသည်။

ရင်ထဲက ခံစားချက်တွေကို ပြောပိုင်ခွင့်မရှိလောက်အောင် လူမှုရေးစည်းတစ်ခုက ခြားထားလေတော့ ခံစားမှုတွေကို စာအုပ်ထဲမှာ ချရေးပြီး ရင်ကိုပေါ့ပါးစေသောညတွေဟာ မြတ်လေးပန်းကို ညဘက်ကြီးသားနှင့်အတူ ပြန်တွေ့ရတဲ့ ညကတည်းကပင်ဖြစ်သည်။

မြတ်လေးပန်းရယ် ငါမင်းကိုချစ်မိတာ အပြစ်ကြီးတစ်ခုလို့ ယူဆမိရင်တောင် အဲဒီအပြစ်ကို ငါ ကျေကျေနပ်နပ်ကြီး လက်ခံချင်တဲ့သူပါ။ ဘာကြောင့်များ အတွေ့နောက်ကျခဲ့ရသလဲဆိုပြီး ကိုယ့်ကံကြမ္မာကို ကိုယ် အပြစ်တင်ခဲ့မိတယ်။

ငါနဲ့သာ ဆုံတွေ့ဖြစ်ခဲ့ရင် မင်းလောက်စိတ်ချမ်းသာရမယ့်သူ ဒီကမ္ဘာမှာရှိနိုင်ပါဦးမလား။ ငါ မင်းကို အမြဲပြုံးပျော်အောင် ပျော်စရာတွေ ဖန်တီးပေးမယ်။ ငါ့ရဲ့အကြင်နာတွေ မေတ္တာတွေကြောင့် မင်းဘဝလေးအမြဲတမ်း သာယာလှပစေရမယ်ဆိုတဲ့ တိတ်တိတ်ပုန်းအတွေးတွေသည် အထီးကျန်ညတွေကို အဖော်ပြုသည်။

သနားစရာကောင်းသော ကိုယ့်ကိုယ်ကိုယ် ပြန်၍လှောင်ပြောင်ချင်ပေမယ့် မလှောင်ပြောင်ရက်ခဲ့။ အသိတရားကသာ မိန်းကလေးတစ်ယောက်ကို ချစ်ခွင့်မပေးပေမယ့် နှလုံးသားက သူ့အလိုလိုချစ်လာ





တာ နှလုံးသားခံစားချက်က ချစ်သင့်သူ မချစ်သင့်သူဆိုပြီး ရွေးချယ်တတ်တာမှမဟုတ်တာပဲ။ ချစ်မိသွားတာတော့ ဘာတတ်နိုင်မှာလဲ။ ဒီအတွက် လောကဇာတ်ခုံပေါ်မှာတော့ ကိုယ်သာလျှင် အချစ်တတ်ဆုံးသူ ကိုယ်သာလျှင် ဇာတ်လိုက်တစ်ယောက်ပေါ့။

ဖုန်းမြည်လာသည်။

အတွေးတွေကို မှတ်တမ်းစာအုပ်မှာ ရေးချနေရင်းမှ မြည်နေသော ဖုန်းကို လှမ်းယူလိုက်သည်။ မြတ်လေး၏ဖုန်း ဒီအချိန်ကြီး ဘာများဖြစ်လဲဟုသော စိုးရိမ်စိတ်နှင့်အတူ နာရီကိုလှမ်းကြည့်တော့ ညတစ်နာရီကျော်ပြီ။

"ဟဲလို မြတ်လေး"

စိတ်ထဲမှာ ကလေးတစ်ခုခုများဖြစ်လို့လားဆိုသော အတွေးနှင့် ဖုန်းထူးလိုက်သည်။

"မြတ်လေး ကိုယ်တွေတအားပူပြီး အရမ်းနေမကောင်းဖြစ်နေလို့ ကိုနေမင်းသွင်ဆီမှာ သောက်စရာ ဆေးလေးများ ရှိသလား"

အသံတွေတုန်ယင်ဖျော့တော့နေသော မြတ်လေးအမေးကြောင့် စိုးရိမ်စိတ်တို့ ပိုကြီးသွားသည်။

"ရှိတယ် မြတ်လေး ကိုယ် အခုပဲ လာပို့ပေးမယ်နော်၊ သားရော သားအိပ်နေပြီလား"

"အိပ်နေပါပြီ မောင့်ဆီဖုန်းဆက်တာ မောင်က ဖုန်းဆိပ်ထားတယ်လေ"

www.burmeseclassic.com



"ကိုယ်ရှိတာပဲ ကိုယ်လာခဲ့မယ်၊ ဘာမှမပူနဲ့နော် အဖျားတိုင်းတဲ့ဟာပါ ယူလာခဲ့မယ် ဟုတ်ပြီလား၊ ဖြစ်မှဖြစ်ရလေ မြတ်လေးရယ်"

ဖုန်းကိုချပြီး မြတ်လေးကို တိုက်မည့်ဆေးတွေနှင့် ခေတ်ဆားထုပ်တွေပါ ယူကာ မြတ်လေးဆီသို့ ကပျာကယာ ခြေလှမ်းတွေဖြင့် ထွက်လာလိုက်သည်။

ညသည် တိတ်ဆိတ်ငြိမ်သက်လျက် သူ့ရေပြည်နှင့်သူ သာသာယာယာ။ တကယ်တမ်း မသာယာနိုင်တာ ကိုယ့်ရင်ခွင်ထဲက သောကအချို့ပါ။

■ ■ ■

## အခန်း (၁၁)

စေ့ထားရုံစေ့ထားသော အိမ်တံခါးကို တွန်းဖွင့်ပြီး အိမ်ထဲသို့ ဝင်လိုက်သည်။ တစ်အိမ်လုံး မီးတွေထိန်လင်းနေသည်။

သားအခန်းကိုကြည့်တော့ အိပ်ရာထဲတွင် သားက နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။

"မြတ်လေး မြတ်လေးရေ"

မြတ်လေးအခန်းထဲဝင်ဖို့ နေမင်းသွင် ခြေလှမ်းတို့ တွန့်ဆုတ်နေသည့်အတွက်ကြောင့် အခန်းဝမှာရပ်ကာ ခေါ်လိုက်သည်။ အခန်းထဲမှ ဘာသံမှမကြား။ တိတ်ဆိတ်၍နေသည်။

နောက်တစ်ကြိမ် ထပ်ခေါ်သည်။

"မြတ်လေးရေ မြတ်လေး"

ပြန်ထူးသံမကြားသည့်အဆုံး အခန်းတံခါးလက်ကိုင်ဘုကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်ဖွင့်လိုက်သည်။ အခန်းမီးမှိန်မှိန်အောက်မှာ မြတ်လေးအဖျားတွေ တက်နေသည်။

ခုတင်နားသို့ လျှောက်သွားပြီး မြတ်လေး နဖူးကိုစမ်းကြည့်လိုက်သည်။

ခြစ်ခြစ်တောက်ပူနေသော ကိုယ်ပူရှိန်ကြောင့် နေမင်းသွင် လန့် သွားသည်။

"ဟာ ကိုယ်တွေတော်တော်ပူနေတယ်"

အဖျားတိုင်းသည့်သာမိုမီတာချောင်းလေးကို မြတ်လေး ပါးစပ်ထဲသို့ ထည့်လိုက်သည်။

မြတ်လေး မျက်ခွံတို့ခပ်လေးလေး ပွင့်လာသည်။ လူမှန်းမသိလောက်အောင် အဖျားတွေကြီးနေ၍ စကားပင် ဟဟမပြောနိုင်ရှာ။

"မြတ်လေး ကိုယ်အဖျားတိုင်းနေတယ်နော် သိလား"

ခပ်ယဲ့ယဲ့ခေါင်းညိတ်ပြသည်။ အဖျားတိုင်းကိရိယာကို ထုတ်လိုက်သည်။ နီစွေးစွေးနှုတ်ခမ်းမှ ညည်းသံခပ်တိုးတိုးထွက်လာသည်။

"ဟား အဖျားတစ်ရာ့လေးတောင် ကျော်နေပါလား ဒါကြောင့် လူမှန်းမသိအောင် ဖြစ်နေတာကိုး"

အဖျားကြီးလွန်း၍ ရေပက်တင်မှဖြစ်မည်မို့ ရေခဲသေတ္တာထဲမှ ရေခဲရေဘူးကိုယူကာ ရေပတ်တင်ပေးလိုက်သည်။ ခက်တာက အဖျားတအားကြီးလျှင် ရေအေးပတ်နှင့် တစ်ကိုယ်လုံးကိုတိုက်ပေးမှရမည်။

နေမင်းသွယ် ဘယ်လိုလုပ်ရပါ့။ လောလောဆယ် ဆေးကို





အရင်ဆုံး ဝင်အောင်တိုက်လိုက်သည်။ ဒီအချိန် ကိုထူးမြတ်ရှိလိုက်လျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။

ဖုန်းဆက်၍ရလိုရငြား ဖုန်းခေါ်ကြည့်သည်။ စက်ပိတ်ထားသည်။

ဒီလိုအခြေအနေရောက်မှတော့ မတတ်နိုင်တော့။ ရေအေးပတ်ဖြင့် တစ်ကိုယ်လုံးတိုက်ဖို့ ကိုယ်ပဲလုပ်ရတော့မှာပင်။

"မြတ်လေး ကိုယ့် ရေအေးပတ်တိုက်မှ ဖြစ်တော့မှာမို့ ခွင့်ပြုနော်"

အားနာစိတ် မဝံ့မရဲစိတ်တွေနှင့်အတူ မြတ်လေး၏တစ်ကိုယ်လုံးကို ရေပတ်တိုက်ကာ ချွေးစုတ်စေမည့် ချည်ထည်ဂါဝန်တစ်ထည်ကို ဗီရိုထဲမှ ထုတ်ယူလိုက်သည်။

အပျိုစင်တစ်ယောက်မဟုတ်တော့ပေမယ့် အပျိုစင်တစ်ယောက်ကဲ့သို့ လှနေသေးသော မြတ်လေး၏သိမ်မွေ့နူးညံ့သော အလှတရားတွေကြောင့် ရင်ခုန်သံတွေ တဒိန်းဒိန်းဆောင့်ခုန်၍လာသည်။ ခံစားမှုတွေ မှုမမှန်ချင်တော့။ လွတ်ထွက်ချင်နေသော ကိုယ့်စိတ်ကို မနည်းပြန်၍ ထိန်းချုပ်လိုက်သည်။

မဖြစ်သင့်ဘူး။ မခံစားသင့်ဘူး။ မပြစ်မှားသင့်ဘူး။

တလှပ်လှပ်ခုန်နေသော ရင်ဘတ်ကို ငြိမ်အောင်ထိန်းပြီး ချည်ထည်ဂါဝန်ကို ခေါင်းမှစွပ်ချကာ အဝတ်အစားလဲပေးလိုက်သည်။

အားလုံးပြီးစီးသည့်အတိုင်း စိတ်တွေက ဂနာမငြိမ်ချင်သေး။

ကံကြမ္မာက ရှောင်လွှဲရခက်သည့် ထိုသို့သော အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်များ ဖန်တီးပေးရတာလဲ။ လွတ်လွတ်လပ်လပ်ဆဲဆဲ စိတ်တွေကို ထိန်းချုပ်ရတာ တော်တော်ခက်ခဲလှပါသည်။

အခြေအနေကို ဘေးမှ စောင့်ကြည့်မှုဖြစ်မည်မို့ ဒီတစ်ညတော့ မအိပ်တော့ဘူးဟု စိတ်ဒုံးဒုံးချကာ ငုတ်တုတ်ထိုင်နေလိုက်သည်။

အနည်းငယ်ချောင်ကျသွားသော မျက်နှာလေးကို ညမီးရောင်အောက်မှာ တစိမ့်စိမ့် ငေးကြည့်လိုက်သည်။

ကြည့်ခွင့်လေးတော့ ပေးပါ မြတ်လေးရယ်။ ဒီဘဝအတွက်တော့ ဘေးကနေ ကြည့်နေခွင့်လေးပါပဲ။

■ ■ ■

## အခန်း (၃၂)

ခေါင်းတွေချာချာလည်အောင် မူးနေသော ခံစားမှုနှင့်အတူ မျက်ခွံတို့လေးလံစွာ ပွင့်လာသည်။

"အား ကျွတ် ကျွတ် ကျွတ်"

လှဲအိပ်နေရာမှ ထလိုက်သည်။ လူက ကိုင်ရိုက်ထားသလို နာကျင်ခံစားနေရပေမယ့် လှဲနေလို့မဖြစ်တာ။ သားလေးစားဖို့ မနက်စာ စီစဉ်ရဦးမှာဖြစ်သည်။

နံရံမှာချိတ်ထားသော နာရီကိုကြည့်လိုက်သည်။ နံနက်ရှစ်နာရီပင် ကျော်နေပြီ။

"ဘုရားရေ ရှစ်နာရီကျော်နေပြီ သားလေးတော့ ဗိုက်ဆာနေတော့မှာပဲ"

လှဲအိပ်နေရာမှ ကပျာကယာ ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်လိုက်ပြီး အံ့ဩသွားသည်။

"ဟင် ဒီဂါဝန်ကြီးက ဟော့တော် ညကမှ မောင် မောင်များ လဲပေးထားတာလား။ မဖြစ်နိုင်ဘူး မောင့်ကိုညက ဖုန်းဆက်တော့ မောင် ဖုန်းစက်ပိတ်ထားတာပဲ"

"မေမေ နိုးပြီလား"

ထမင်းစားခန်းထဲတွင် နွားနို့နှင့်ပေါင်မုန့်ကြက်ဥကြော် စားနေသော ကလေးနှင့် နေမင်းသွင်ကို တွေ့လိုက်ရသည်။

"အို သားလေးက မနက်စာတောင် စားနေပြီပဲ၊ မေမေ နေမကောင်းလို့ အိပ်ရာထနောက်ကျသွားတယ် သားရယ်"

"ဦးဦးက မနက်အစောကြီး အိမ်ရောက်လာပြီး သားစားဖို့ စီစဉ်ပေးတယ် မေမေရ လာလေ မေမေပါ တစ်ခါတည်း ဝင်စားပါလား"

"ဟုတ်တယ် မြတ်လေး ညက ကိုယ်ပူရှိန်တွေတအားတက်ထားတော့ လူက အားရှိအောင်စားမှဖြစ်မယ်၊ ကိုယ် နွားနို့နဲ့ကြက်ဥပေါင်မုန့်ကြော်ထားတယ်"

မြတ်လေးကြောင့် အလုပ်တွေပိုကုန်ပြီ။

"မေမေ သားဗိုက်ဝသွားပြီ၊ ဂိမ်းသွားဆော့လိုက်ဦးမယ်နော်"

သားလေး ထမင်းစားခန်းထဲမှ ထွက်သွားသည်။ မြတ်လေး နွမ်းလျစွာဖြင့် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ မြတ်လေးရှေ့သို့ အငွေ့တစ်ထောင်းထောင်း ထနေသော ပူပူလေးကို ချပေးလာသည်။





"နေရတာ သက်သာရဲ့လား မြတ်လေး၊ ညက အဖျားတွေ တအားတက်နေလို့ ကိုယ့်မှာစိတ်ပူလိုက်တာ ခုရော အဖျားရှိသေးလား"

မြတ်လေး နဖူးကို လှမ်းစမ်းသည်။

မြတ်လေး မျက်နှာတွေပူရှိန်းလာသည်။ ခုမှပင် သေချာ သဘောပေါက်စပြုလာသည်မို့

"ဒါ ဒါဆို ဒီ ဒီအဝတ်အစားတွေကို ကိုနေမင်းသွင်လဲပေးထားတာပေါ့ ဟုတ်လား"

အူလန့်တကြား မေးလာသောအမေးကြောင့် နေမင်းသွင် အပြစ်ရှိသူတစ်ယောက်လို မြတ်လေးကိုမျက်နှာချင်းမဆိုင်ရဲတော့။

"ကိုယ် မလွှဲသာလို့ ဒီလိုလုပ်လိုက်ရတာပါ၊ ညက ကိုယ်တွေ တအားပူလို့ မြတ်လေးကို ရေဓာတ်တိုက်ပေးရတယ်လေ၊ ဒါကြောင့် ကိုယ် မဖြစ်မနေ လုပ်ရတာပါ၊ ကိုယ် ဘာစိတ်မှမရှိပါဘူး။ ကိုယ့်လုပ်ရပ်မှား သွားတယ်ဆိုရင် တောင်းပန်ပါတယ်"

"မြတ် မြတ်လေး ရှက်တာကလွဲပြီး ကိုနေမင်းသွင်ကို စိတ်ဆိုးလို့ ဘယ်လိုရမှာလဲ၊ ညက ကိုနေမင်းသွင်သာ မကူညီရင် မြတ်လေး အဖြစ်က မတွေးရဲစရာပါ"

မျက်နှာကို အောက်ငုံ့လျက် ကျေးဇူးတင်စကားပြောနေသော မြတ်လေး၏ရှက်ရွံ့နေဟန်က အပျိုဖြန်လေးတစ်ယောက်သဖွယ်။

■ ■ ■

"ဩော် ပြန်လာသေးတယ်နော် မောင်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲဝင်ဝင်ချင်း ခနဲ့လိုက်သော မြတ်ငဲလေးစကားကြောင့် ထူးမြတ် အသာငုံကြည့်သည်။

"ပြန်မလာလို့ရမလား မြတ်လေးရယ် မောင့်မိန်းမနဲ့သားဆီ ပြန်လာတာပဲ"

"မသိဘူးလေ မယုဇနလွင်အမေရဲ့အသုဘရက်လည်ပြီး နောက်တစ်နေ့မှ ပြန်လာမယ်ထင်တာ"

"ဟာ အဲလောက်အကြာကြီး သူများအိမ်မှာ ဘယ်လိုနေနိုင် မလဲကွာ၊ ခုတောင် မိုးကုတ်က သူ့အမျိုးတွေရောက်လာလို့ မောင်တို့ အဖွဲ့လည်း အိမ်ပြန်နားရတာ၊ မလွယ်ပါဘူးကွာ၊ လုပ်ငန်းခွင်ထဲမှာ ကိုယ်တွေအဖွဲ့က သူ့ရဲ့ပစားပေးမှုကို ခံရတဲ့သူတွေဆိုတော့ သူ့အရေး ကိစ္စမှန်သမျှကို မောင်တို့က ဒိုင်ခံရှင်းပေးရတာလေ"

"ဒါပေါ့ မောင်ရယ် သူ့အတွက်တော့ မောင်က အရင်းနှီးဆုံး မိတ်ဆွေကိုး၊ ကိုယ့်မိန်းမမှာတော့ ဖျားတာလူမှန်းမသိအောင်ပဲ"

"ဟင် ဟုတ်လား မြတ်လေး ဖျားသေးတယ်၊ ခုရော သက်သာ သွားပြီလား"

"အဖျားငွေ့တော့ နည်းနည်းရှိသေးတယ်"

"မောင့်မိန်းမ မဖျားစဖူး အဖျားထူးနေပါလားကွ၊ ရေချိုးမှာ သွားလို့ထင်တယ်"

ကိုယ်ပေါ်မှအင်္ကျီချွတ်ကာ ရေချိုးရန်လုပ်ရင်း ပြောနေသော ထူးမြတ်ပုံစံက တအားစိုးရိမ်ပူပန်စိတ် မရှိသောဟန်နှင့်ဖြစ်သည်။





"ဒါနဲ့ သားရော"

"ကိုနေမင်းသွင်တို့အိမ်မှာ"

"သွားခေါ်ပါဦးကွာ၊ မောင် ရေချိုးပြီးရင် ထမင်းစားမယ်၊ ဗိုက်ဆာနေတယ်ကွ"

"ဒါဆိုရင် ခဏစောင့်၊ သားကို သွားခေါ်လိုက်ဦးမယ်"

"အိုကေ မောင် ရေချိုးလိုက်ဦးမယ်"

ရေချိုးခန်းထဲသို့ ထူးမြတ် ဝင်သွားသည်နှင့် မြတ်လေး နေမင်း သွင်တို့အိမ်သို့ လျှောက်လာလိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"သားရေ သား"

တံခါးဖွင့်ထားသော အိမ်ကြီးထဲသို့ မြတ်လေး သားကိုအော်ခေါ်ရင်း ဝင်လာသည်။

အိမ်ရှေ့ခန်းတစ်ခန်းလုံး တိတ်ဆိတ်ကာ လူရိပ်ပင်မတွေ့ရ။ ကိုနေမင်းသွင် အခန်းမှာပဲ ဖြစ်မည်ဟုတွေးပြီး အခန်းဝသို့ လျှောက်လာလိုက်သည်။ တစ်ခါတစ်ရံ သားက ကိုနေမင်းသွင်အခန်းမှာ ရှိနေတတ်သည်။ ဒီကလေး ဘာတွေသွားရှုပ်နေလဲ မသိ။

ခပ်ဟဟလေး ပွင့်နေသော နေမင်းသွင်အခန်းရှေ့အရောက် အထဲမှာ သားရှိနေမလားဟု ချောင်းကြည့်လိုက်သည်။

ကွန်ပျူတာရှေ့တွင် ထိုင်ကာ အခန်းဝကိုကျောပေးထားသော နေမင်းသွင်ကို လှမ်းခေါ်မည်အပြု ကွန်ပျူတာစခရင်ပေါ်တွင် ထင်းနေ





သည့် ပုံရိပ်ကြောင့် မြတ်လေး မျက်ဝန်းအစုံ အံ့သြစွာ ဝိုင်းစက်သွားသည်။

"ဘုရားရေ ကိုနေမင်းသွင်က ငါ့ပုံကို ထိုင်ကြည့်နေတာပါလား။ ဒီ ဒီပုံကို သူ ဘယ်တုန်းက ကူးထားတာလဲ"

ဆံစတို့ ဝေ့ဝဲကာ ပြုံးနေသော မျက်နှာလေးကိုပဲ ရိုက်ထားသော မြတ်လေးပန်းချီပုံသည် ဓာတ်ပုံရိုက်ခဲ့သမျှထဲမှာ ကြည့်၍အကောင်းဆုံး ဖြစ်သည်။

"မ မဟုတ်မှလွဲရော သူ သူ ငါ့ကိုများ ချစ်နေတာလား"

ထင်ကြေးဖြင့်တွေးရုံနဲ့တင် လူက စိတ်တွေလှုပ်ရှားလွန်းနေသည်။ စိတ်လည်းမကောင်းဖြစ်မိသည်။

နေမင်းသွင်၏လက်ချောင်းတွေက စခရင်ပေါ်က မြတ်လေး၏ မျက်နှာကို တယုတယ ပွတ်သပ်နေသည်။ မြတ်လေး ဘာလုပ်ရမလဲ။ ရှေ့ဆက်တိုးရမလား၊ သူ မသိအောင်ဘဲ တိတ်တိတ်လှည့်ပြန်ရမလား။

သေချာပါပြီ။ သူ သူ မြတ်လေးကို စိတ်ဝင်စားနေတာပဲ ဖြစ်မည်။

"မေမေ အဲဒီအခန်းရှေ့မှာ ဘာလုပ်နေတာလဲ"

ဘယ်အချိန်တုန်းက နောက်မှာရောက်နေမှန်းမသိသော သား၏ အမေးကြောင့် သူခိုးလူမိသလို ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်တက်သွားသည်။

"ဟို မေမေ ခု ခုပဲ ရောက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးနှင့်သား အသံကြောင့် နေမင်းသွင် လှည့်ကြည့်သည်။

"ဟင် မြတ်လေး ရောက်နေတာလား"

ထိုသို့မေးပြီး ကွန်ပျူတာကို အမြန်ပိတ်လိုက်သည်။

"မြတ်လေး ခုတ်ပုံက ကိုနေမင်းသွင်ဆီ ဘယ်လိုရောက်နေတာလဲဟင်"

မမေးသင့်မှန်းသိပေမယ့် ထိုအဖြေကို အတိအကျသိချင်သည်။

"ဟိုတစ်ခါ မြတ်လေးဖုန်းကို သား ယူသုံးနေရင်း အဲဒီပုံကို သဘောကျလို့ ကူးယူထားမိတာပါ"

"ဦးဦးက သားကို ဒီနေ့အရုပ်တွေအများကြီးလည်း ဝယ်ပေးတယ်၊ စာအုပ်တွေလည်း ဝယ်ပေးတယ် မေမေ"

"သားရယ် ဦးဦးဆီက လိုချင်တာတွေ သားပူဆာလို့ မဖြစ်တော့ဘူးလား"

မြတ်လေး အားနာစွာဝင်ဟန့်တော့ သားမျက်နှာလေး အိုထေးသွားကာ နေမင်းသွင်ကို အကူအညီတောင်းသောအကြည့်ဖြင့် လှမ်းကြည့်သည်။

"သားပူဆာတာ မဟုတ်ပါဘူး၊ ကိုယ့်ဟာသာ ဝယ်ပေးတာပါ။ သားရေ ဦးဦးအံဆွဲထဲမှာ စာအုပ်တွေ ထည့်ထားတယ်မဟုတ်လား။ သွား ယူလာတော့လေ"

"ဟုတ်ကဲ့ ဦးဦး"

"ကိုနေမင်းသွင် တစ်ခါတည်း လိုက်ခဲ့တော့လေ၊ ထမင်းစား



ကြရအောင်"

"ကိုယ် ဒီည ထမင်းမစားဖြစ်တော့ဘူးထင်တယ်"

"ရှင် ဘာဖြစ်လို့လဲ"

"ဒီနေ့ညနေရုံးကအပြန် ဗိုက်ဆာတာနဲ့ ဝင်စားလိုက်တယ်"

"ဟော့တော် လုပ်ပြီ ဒီနေ့ မြတ်လေးက ကိုနေမင်းသွင်ကြိုက်တဲ့ ဟင်းတွေချက်ထားတယ်"

"ဟုတ်လား ဒီနေ့ မိတ်ဆွေတွေကိုပါ ညနေစာကျွေးရမှာမို့ ကိုယ်ပါဝင်စားခဲ့မိလိုက်တယ်၊ မနက်ဖြန်တော့ ကိုယ် လာစားပါ့မယ်"

ထူးမြတ် ပြန်လာပြီဆို၍ နေမင်းသွင် တွေ့ရမှာ ဝန်လေးသွားသည်။ ဘာရယ်မဟုတ် ကိုယ့်စိတ်ထဲက ထူးမြတ်အပေါ်မှာ အပြစ်တစ်ခု ကျူးလွန်ထားသည်ဆိုသည့် စိတ်မျိုးကို ခံစားနေရသည်။

ဒါဟာ သမားရိုးကျစိတ်ခံစားမှုမှ မဟုတ်တာဘဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ဘယ်လို နေမင်းသွင်က တစ်ညလုံး လာပြုစုတယ် ဟုတ်လား မြတ်လေး"

လွှတ်ခနဲ ထွက်သွားမိသော စကားတစ်ခွန်းက ထူးမြတ်၏မျက်နှာပေါ်မှာ ဒေါသအရိပ်တွေ လွှမ်းသွားစေသတဲ့လား။

"ဟုတ်တယ်လေ တစ်ညလုံး လူမှန်းမသိအောင် အဖျားတက်နေတော့ မြတ်လေး တစ်ယောက်ထဲ ကူကယ်ရာမဲ့နေတာလေ၊ ဒါကြောင့် ဆေးလှမ်းတောင်းရတာပေါ့၊ မောင်သာ တခြားမိန်းကလေးအိမ်ရောက်ပြီး ဖုန်းပိတ်ထားတာ ကောင်းသလား မောင်"

"ဖုန်း အားမှမရှိတာ ဖုန်းပိတ်ထားတာမှမဟုတ်တာ"

တဖြည်းဖြည်းနှင့် အခြေအတင်ပြောကြသည့်အဆင့်သို့ ရောက်လာသည်။





"ဒါဆိုရင် မြတ်လေးကို အပြစ်မတင်နဲ့ပေါ့ မြတ်လေးတို့က ရိုးသားတယ် မောင်"

"ဘာ ဒါဆို မောင်က မရိုးသားဘူးဆိုတဲ့သဘောလား"

"မောင် ထင်ချင်သလို ထင်နိုင်တယ် မောင်"

"တောက်"

ထူးမြတ် တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်ပြီး

"မင်းတို့သာ သားကိုအကြောင်းပြပြီး နယ်မကျွံကြစေနဲ့ မြတ်လေး"

"ရှင် ကျေးဇူးရှင်ကို စော်ကားလိုက်တာလား မောင်၊ သူ့ကြောင့် ရှင့်သားအသက်ဆက်ရှင်ခွင့်ရတယ်၊ သူ့ကြောင့် ဒီလိုအိမ်မျိုးမှာ နေနိုင်တယ်၊ သူ အကူအညီပေးလို့ မောင့်မိန်းမ မြတ်လေး နေကောင်းသွားတယ်၊ ဒါတွေကို ကျေးဇူးမတင်ဘဲနဲ့ ခုလို အထင်လွဲပြီးစော်ကားတာတော့ မလွန်လွန်းဘူးလား မောင်"

"မလွန်ဘူး မင်းတို့နေပုံထိုင်ပုံတွေက မဟုတ်လို့ ပြောနေတာ"

မြတ်လေး၏သိက္ခာကို စော်ကားလာသည်မို့ ငြိမ်ခံမနေချင်တော့။

"မြတ်လေးနဲ့ ကိုနေမင်းသွင်က ဘယ်လိုနေပြနေလို့လဲ မောင်၊ သူ ဆေးလာတိုက်တာ နေပုံထိုင်ပုံ မဟုတ်တာလား။ မောင်စိတ်ဓာတ် သေးသိမ်မှန်း မြတ်လေး ခုမှသိတော့တယ်၊ အေးပေါ့လေ မောင့်ဆီက်မှာ တခြားသာယာစရာတွေရှိနေမှတော့ ကိုယ့်အပြစ်ကို သူ့အပြစ်လုပ်ဖို့ မောင် ပြဿနာစရှာပြီပေါ့၊ မြတ်လေးကတော့ ကျေးဇူးရှင်ကို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ရှင်လို့ပဲ မြင်တယ် ဒါအမှန်တရားပဲ"

မြတ်လေးနှင့်ထူးမြတ် အခြေအတင်ဖြစ်နေကြသော မြင်ကွင်းကို သားလေးရဂုံ ပြူးတူးကြောင်တောင်ဖြင့် ရပ်ကြည့်ပြီး ကြောက်နေသည်။

"ကျေးဇူးရှင်ဆိုပြီး မင်းရဲ့ဘဝကိုပါ ပေးလိုက်ပါလား"

စကားလုံးတွေက ရင့်သီးလာသည်။

မြတ်လေး အောက်နှုတ်ခမ်းကို သွေးထွက်မတတ် ဖိကိုက်လိုက်ပြီး ထူးမြတ်ကို နာကျင်စွာ ကြည့်လိုက်သည်။

"သားရဲ့အသက်ကို သူ့ငွေနဲ့ ပြန်ရှင်သန်လာစေတာမို့ ဘဝတင်မဟုတ်ဘူး၊ အသက်ပါ ပေးသင့်ရင် ပေးရမှာပဲ မောင်သာ မိသားစုအရေးကိစ္စမှန်သမျှ ငွေအားရော လူအားရော မစိုက်ထုတ်ဘဲနဲ့ တခြားမိန်းမရဲ့အရေးကိစ္စကို လိုက်ဖြေရှင်းပေးနေတာ ဟောဒီက မြတ်လေးရဲ့ ရင်ထဲမှာ ဘယ်လောက်နာကျင်ရသလဲ"

"ဟ သူက ငါ့အစ်ရာရှိကွ"

"ကိုနေမင်းသွင်ကလည်း ဒီမိသားစုရဲ့ကျေးဇူးရှင်လေ"

"တော် တော်တော့ မြတ်လေး ကိုနေမင်းသွင်ကို ကျေးဇူးတင်ပေမယ့် မြတ်လေးက ကိုယ့်ယောကျ်ားထက် ဒီလူ့ကို အလေးပေးနေတာကိုတော့ ဒီအတိုင်းငြိမ်ပြီး ထိုင်ကြည့်နေရမှာလား"

တစ်ယူသန် တဖွတ်ထိုးပြောနေသော မောင်နှင့်တခြား ဘာစကားမှ အတိုက်အခံမပြောချင်တော့၍ မောင့်ရှေ့မှ ထွက်ခဲ့လိုက်သည်။



အခန်းနှင့်မလှမ်းမကမ်းတွင် သားနှင့်ကိုနေမင်းသွင် ရပ်နေကြသဖြင့် မြတ်လေး ခြေလှမ်းတို့ တုံ့နှေး၍သွားသည်။

"ဟင် ကိုနေမင်းသွင်"

မျက်ရည်စက်လက်နှင့် အခန်းထဲမှ ထွက်လာတော့ နေမင်းသွင်ရင်ထဲမကောင်း။

"သားက ဖေဖေနဲ့မေမေ စကားများနေကြတယ်၊ သားကိုလာခေါ်ပါဆိုလို့ ကိုယ်လာခေါ်တာပါ၊ ကိုယ့်ကြောင့် မြတ်လေးနဲ့ထူးမြတ် ခုလို စကားများကြတာ စိတ်မကောင်းပါဘူး"

"သူ တခြားသူနဲ့ဖောက်ပြန်နေပြီဆိုတာ ပိုပြီးသေချာသွားပြီ၊ ဒါကလည်း မြတ်လေးရဲ့ကုသိုလ်ကံပါပဲ"

မိန်းမတစ်ယောက်နဲ့ သားတစ်ယောက်ကို တာဝန်မယူနိုင်ဘဲနှင့် တာဝန်ယူကာ ကူညီဖြေရှင်းပေးသော ကျေးဇူးရှင်ကို အထင်သေးစော်ကားတာလောက် စိတ်ဓာတ်သေးသိမ်တာရှိဦးမလား။

မြတ်လေး ယောကျ်ားက အဲဒီလိုလူစားမျိုး ဖြစ်နေတာ စိတ်မကောင်းစရာပါပဲ။

ထိုနေ့က ရုံးသို့ထွက်သွားကာ မောင် ညနေ ရုံးဆင်းချိန်ထိ ပြန်မလာသလို တစ်ညလုံးလည်း ပြန်မလာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ကိုထူးမြတ် ညအချိန်မတော် ဘာကိစ္စပေါ်လာလို့လဲ"

အိမ်တံခါးဖွင့်ဖွင့်ချင်း ထူးမြတ်ကို မြင်လိုက်ရ၍ ယုဇနလွင် အံ့သြသွားသည်။ ဘီယာနံ့ခပ်စူးစူးကြောင့် ထူးမြတ် မူးလာသည်ဆိုတာ သိလိုက်သည်။

"ကျွန်တော် မယုဇနကို ရင်ဖွင့်ချင်လို့ပါဗျာ"

"ဪ ကိုထူးမြတ်ရယ် ကဲ လာ လာ လာ အထဲဝင်"

အမူးလွန်၍ ယိုင်နဲ့နေသော ခြေလှမ်းတွေဖြင့် အိမ်ထဲဝင်လာသည်။ ဧည့်ခန်းထဲရှိ ဆိုဖာခုံပေါ်တွင်ထိုင်ကာ လှဲချလိုက်သည်။

"ရှင် တော်တော်သောက်လာပုံပဲ ကိုထူးမြတ်"

ခေါင်းမဖော်နိုင်အောင် အမူးလွန်နေ၍ ယုဇနလွင်ကိုပင် ဘာမှ မပြောနိုင်တော့။



"ကိုထူးမြတ် ကိုထူးမြတ်"

"ဟော့တော် ဒုက္ခပါပဲ စကားမေးတောင် မရတော့ဘူး။ ဘာတွေများ ဒီလောက်ခံစားလာရလို့လဲ"

ယုဇန တစ်ယောက်ထဲ ခပ်တိုးတိုးပြောရင်း အခန်းထဲမှ စောင်တစ်ထည်ကို ဝင်ယူကာ ထူးမြတ်ကိုယ်ပေါ်မှာ လွှမ်းခြုံပေးလိုက်သည်။

နာရီကိုကြည့်တော့ ညဆယ့်တစ်နာရီပင် ထိုးနေပြီ။ ထူးမြတ်၏ မျက်နှာကို သေချာစိုက်ကြည့်ရင်း ယုဇနလွင် သက်ပြင်းရှိုက်လိုက်သည်။

အိမ်ထောင်ရှိပြီးသား ယောက်ျားတစ်ယောက်နှင့်ပတ်သက်ပြီး ဘာကြောင့် ရင်ခုန်စိတ်လှုပ်ရှားနေရသလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်ပင် နားမလည်နိုင်တော့။

ထူးမြတ် သူ့အနားမှာ ရှိနေလျှင် ယုဇနစိတ်ခံစားမှုတွေသည် နပျိုလန်းဆန်းလာသလို ခံစားရသည်။

"ရှင် ကျွန်မဘဝထဲကို ဝင်ခဲ့ပါလား ကိုထူးမြတ်ရယ်၊ ခုချိန်မှာ ကျွန်မ အရမ်းအထီးကျန်နေရတယ်"

ခံစားမှုတွေ ချုပ်ထိန်းနေရင်းမှ ထူးမြတ်၏နဖူးပေါ်သို့ အနမ်းအချို့ ခိုးကြောင်ခိုးဝှက် ခြွေလိုက်သည်။

ခပ်နွေးနွေးအထိအတွေ့ကြောင့် ထူးမြတ်၏ရီဝေဝေ မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာသည်။

"ချစ်တယ် ထူးမြတ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထူးမြတ်၏လက်အစုံသည် ယုဇနလွင်၏ခန္ဓာကိုယ်လေးကို သိမ်းဖက်နမ်းရှိုက်လိုက်သည်။

ဒီညဟာ ခုလိုကြည်နူးမိန်းမောရလိမ့်မယ်လို့ ကြိုသာသိခဲ့မည်ဆိုလျှင် ဒီညကို ဖြတ်သန်းဖို့အခမ်းနားဆုံး အလှတရားတို့နှင့် ကြိုတင်ရင်ခုန်နေမိမှာပါ။

ဘာအကြောင်းပြချက် ခိုင်ခိုင်လုံလုံမှမရှိဘဲ မိန်းမတစ်ယောက်ရဲ့သိက္ခာနှင့်တန်ဖိုးတွေကို ခြွေဖျက်ခွင့်ပေးလိုက်တာဟာ အချစ်တစ်ခုကြောင့်ပါ။

ယုဇနရင်ထဲမှာ ထူးမြတ်ကို ချစ်နေတာ စတွေ့ကတည်းကပဲ။

■ ■ ■

## အခန်း (၃၆)

"မမြတ်လေး မမြတ်လေး"

သားကိုသိပ်ပြီး အခန်းထဲမှ ထွက်လာသော မြတ်လေးသည် သံပန်းတံခါးရှေ့မှာရပ်ပြီး ခေါ်နေသော သောင်းနိုင်ကြောင့် အခန်းတံခါးရှေ့သို့ ကမန်းကတန်း လျှောက်သွားလိုက်သည်။

"ဘာကိစ္စရှိလို့လဲ ကိုသောင်းနိုင်"

"အစ်ကိုလေး အရက်မသောက်ဖူး သောက်ပြီး သောင်းကျန်းနေလို့ ကျွန်တော်တို့ သူ့နားကို တစ်ယောက်မှကပ်လို့ မရဘူးဖြစ်နေတယ် မမြတ်လေး ပြောရင်တော့ ရမယ်ထင်တယ်ဗျာ"

စိတ်ပူစရာ စိတ်သောကဖြစ်စရာတွေက မြတ်လေးဘဝမှာ ဘယ်တော့များမှ ပြီးဆုံးပါတော့မလဲ။

"မြတ်လေး ခုပဲသွားလိုက်ပါမယ် ကိုသောင်းနိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဒါဆို ကျွန်တော်တို့လည်း ပြန်တော့မယ် မမြတ်လေး"

အပေါ်ဖုံးအင်္ကျီလေးဝတ်ကာ နေမင်းသွင်၏အိမ်ကြီးဆီသို့ လျှောက်လာလိုက်သည်။ မောင် အထင်လွဲနေသည်ဆိုကာမှ အထင်လွဲစရာကိစ္စမျိုးက ထပ်ဖြစ်ပြန်ပြီဟု စိတ်မသက်မသာ တွေးလိုက်သည်။

စေ့ရုံစေ့ထားသော ကျွန်းတံခါးကြီးကို တွန်းဖွင့်ပြီး ဝင်လာလိုက်သည်။

"ဝုန်း ဝုန်း"

နေမင်းသွင်အခန်းထဲမှ ဝုန်းခနဲအသံကြောင့် မြတ်လေး၏ခြေလှမ်းတွေသည် နေမင်းသွင်၏အခန်းဝသို့ ရောက်လာသည်။

ထိုင်ခုံပေါ်မှ ပြိုလဲကျနေသော နေမင်းသွင်ဆီသို့ အပြေးသွားကာ ထူလိုက်သည်။

"ကိုနေမင်းသွင် ကိုနေမင်းသွင်"

ကြမ်းပြင်မှာ ခေါင်းငိုက်စိုက်ကျနေသော နေမင်းသွင် မြတ်လေးကို ရီဝေဝေ မော့ကြည့်သည်။

"မြတ်လေး ဆောရီးပဲ ဆောရီးပဲ မြတ်လေးရယ်၊ ကိုယ့်ကြောင့် မြတ်လေး မျက်ရည်ကျရတယ်၊ အိမ်ထောင်ရေးအဆင်မပြေဖြစ်ရတယ်၊ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ်ဟာ မြတ်လေးတို့အိမ်ထောင်ရေးကို ဖျက်ဆီးတဲ့သူ၊ တကယ်ဆို ကိုယ် သေသင့်တယ်၊ ကိုယ်ဟာ သေသင့်တဲ့သူပါ ကိုယ်တောင်းပန်တယ်"





သူ့ကိုယ်သူ ယူကြုံးမရဟန်ဖြင့် ပြောကာ မြတ်လေးကို တောင်းပန်သည်။

"အို ဘာလို့ တောင်းပန်ရတာလဲ ကိုနေမင်းသွင်၊ ဒီပြဿနာက ကိုနေမင်းသွင်နဲ့မှ မဆိုင်တာ"

"ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာ တိတ်တိတ်ကလေး ဝှက်ထားတဲ့ အရာတစ်ခုကို ထူးမြတ် မြင်သွားပုံရတယ်၊ ဒါပေမဲ့ ဒီခံစားမှုတွေကို ဘယ်သူမှမသိအောင် ကိုယ့်ဘဝရဲ့နောက်ဆုံးထွက်သက်အထိ မျိုသိပ်သွားမယ်ဆိုတာကို သူ့ကိုပြောချင်တယ်၊ ပြောခွင့်ရမယ်ဆိုရင်ပေါ့ဗျာ၊ ဒါပေမဲ့ ဒီစကားတစ်ခွန်းဟာ ပြဿနာကိုပြေလည်သွားစေမှာ မဟုတ်ဘူး။ ပိုပြီး ရှုပ်ထွေးသွားစေမှာပါ"

မြတ်လေး ရင်ထဲမှာ ဒေါသတွေ တလိပ်လိပ်ထွက်လာရမည့်အစား ကရုဏာစိတ်တွေသာ တစ်ရစ်ပြီးတစ်ရစ် ထပ်တိုး၍လာသည်။ တကယ်ဆို မဖြစ်နိုင်တာတွေ မပြောပါနဲ့လို့ ဟန့်တားသင့်ပေမယ့် မြတ်လေး မဟန့်တားမိ။ ကျေးဇူးတရားဆိုတဲ့ အသိစိတ်က အရာအားလုံးကို လိုက်လျော နားလည်မှုတွေနဲ့ ဖြည့်ဆည်းပေးချင်နေသည်။ တင်းကြပ်စွာ ချုပ်ကိုင်ထားသည်။ ဘယ်လိုမှ ငြင်းဆန်ခွင့်မရှိ။

ထိုစိတ်ခံစားမှုတို့သည် အမှန်တရား ဟုတ် မဟုတ်ဆိုတာကို ဝေဖန်ဆန်းစစ်ချင်စိတ်လည်းမရှိ။

မြတ်လေးတို့ လိုအပ်ချက်တွေမှန်သမျှ မောင် မပေးနိုင်ပေမယ့် သူ စွမ်းဆောင်ပေးနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တခြားမိန်းမအပေါ်မှ သာယာနေသော မောင့်အကြည့်တွေ မြတ်လေးအပေါ်မှာ စိမ်းတောက်ပေမယ့် သူကနွေးထွေးတဲ့ ကြင်နာမှုတွေ ပေးသည်။

မြတ်လေးနှင့်သား နေမကောင်းဖြစ်၍ အရေးကြီးသည့်အချိန် ရောက်တိုင်း မောင်က တခြားမိန်းမအနားမှာရှိနေတာတဲ့ပြီး သူကတော့ မြတ်လေးပခုံးကို ဆုပ်ကိုင်ပြီး အားပေးနှစ်သိမ့်ပေးသည်။

အခု သူက မြတ်လေးကို ချစ်နေသည်တဲ့။

အံ့ဩစရာကောင်းလိုက်တာ။

"ကိုယ့်ကို စိတ်ဆိုးနေပြီလား မြတ်လေး၊ ကိုယ့်စကားတွေ ဘောင်ကျော်နေပြီဆိုတာ ကိုယ် သိပါတယ်၊ ဒါပေမဲ့ ဒီစကားတွေဟာ နှုတ်ကထွက်လာတဲ့စကားမဟုတ်ဘူး ဟောဒီရင်ဘတ်ကလာတဲ့စကားတွေ"

မြတ်လေးပါးပေါ်မှ မျက်ရည်တို့ စီးကျလာသည်။

မြတ်လေး ဘာလုပ်ပေးရမလဲ။ ကိုယ့်ဆီက အချစ်ကို ကလေး တစ်ယောက် မုန့်တောင်းသလို တကျီကျီတောင်းခံနေတာမဟုတ်ဘဲနှင့် ရင်ဖွင့်ရုံလေးဖွင့်ပြခဲ့တာနှင့်ပင် မြတ်လေးစိတ်တွေ သူ့အပေါ် ဘာကြောင့် တိမ်းညွတ်ချင်နေရတာလဲ၊ သူ့ဆန္ဒတွေကို ဘာကြောင့်ဖြည့်ဆည်းပေးချင် တာလဲ။

"ကိုနေမင်းသွင်"

မြတ်လေးရင်ခွင်ထဲ ခေါင်းတိုးဝင်ရှိုက်စေဖို့ ရင်ခွင်တစ်ခုကို ရက် ရောစွာ ပေးဆပ်လိုက်သည်။





ဒီဘဝအတွက်တော့ မြတ်လေးဟာ ဂုဏ်သိက္ခာမဲ့တဲ့မိန်းမ တစ်ယောက်လို့ ကြိုက်တဲ့သူတွေ ရှုတ်ချကြပါစေ မြတ်လေး မျက်စိမှိတ် ခေါင်းငုံ့ခံလိုက်တော့မည်။

ဒါဟာ မြတ်လေးဘဝနှင့်ရင်းပြီး ပြန်လည်ပေးဆပ်သည်ဟုပဲ ရဲရဲဝင့်ဝင့် ဝန်ခံပါရစေတော့။

မြတ်လေးကို စိတ်ကြိုက်သာ ချစ်လိုက်ပါတော့။

နေမင်းသွင်၏ကြွေကွဲဆို့နင့်သော မျက်ရည်တို့သည် မြတ်လေး အင်္ကျီရင်ဘတ်ပေါ်မှာ စွန်းထင်းခဲ့လေပြီ။

"မြတ်လေးရယ် ချစ်လိုက်တာ"

အနမ်းတို့သည် မြတ်လေး မျက်နှာနှင့် လည်တိုင်အနှံ့။

အထိအတွေ့တို့သည် မောင့်တုန်းကလို ရင်ခုန်စရာမကောင်း ပေမယ့် ကျေးဇူးဆပ်ခွင့်ရပြီဆိုသည့် အသိကြောင့် ရင်မှာ သောကတို့ မြူတစ်မှုန်စာတောင် မရှိ။

နောင်တဆိုတာတော့ ဝေးရောပေါ့။

မောင် မြတ်လေးကို နားလည်ပေးနိုင်ဖို့လား မောင်ရယ်။ သား လေးရဲ့အသက်ကို ကယ်တင်ပေးခဲ့တဲ့ ကျေးဇူးရှင်ကို မြတ်လေး ဘဝနဲ့ ရင်းပြီး ပေးဆပ်လိုက်မိပါပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၇)

"ဟာ မ မယုဇန ကျွန် ကျွန်တော် ဒီ ခုတင်ပေါ် ဘယ်လို ရောက်နေတာလဲဗျာ"

ကမ္ဘာပျက်သလို သွေးရူးသွေးတန်းဖြင့် ခုတင်ထက်မှ ဝုန်းခနဲ ထထိုင်လိုက်သောကြောင့် ကိုယ့်ဘေးတွင်အိပ်နေသော ယုဇန မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာသည်။

ဖရိုဖရဲစင်းကျနေသော ဆံစတို့ကို စုသိမ်းပြီး ဆံညှပ်ဖြင့် ခေါက်တင်ကာ ထူးမြတ်ကို ရှက်ရွံ့စွာကြည့်သည်။

"ရှင့်ညက ကျွန်မကို"

"ဗျာ ဘာ ဘာလုပ်လဲ မယုဇနကို ကျွန်တော် ဘာလုပ်မိလို့လဲ"

ယုဇနလွင် ချက်ချင်းမဖြေ။ အကြည့်တွေကို ခုတင်ဘေးရှိ ထူးမြတ်၏ခါးပတ်နှင့် ဖရိုဖရဲချွတ်ထားသော ဂျင်းဘောင်းဘီကို လှမ်းကြည့်ပြီး ခေါင်းငုံ့သွားသည်။





ယုဇနလွင်ကြည့်သောနေရာကို ထူးမြတ်ပါ လိုက်ကြည့်လိုက်သည်။ အဖြေကို ထိုမြင်ကွင်းက ဖော်ပြနေသည်။ ကြောက်စိတ်ကြောင့် ဆတ်ခနဲ တုန်တက်သွားကာ ကိုယ့်ကိုယ်ကိုယ်ပင် ပြန်ငုံ့မကြည့်ရဲတော့။ စိတ်ထဲကပင် သွေးရူးသွေးတန်း ဘုရားတမိသည့်အဖြစ်။

"ဟာ ဘာ ဘာတွေဖြစ်ကုန်ပြီလဲဗျာ ကျွန်တော် ညက မယုဇနအပေါ်မှာ အပြစ်အကြီးကြီး ကျူးလွန်မိပြီထင်တယ်"

"ညက ရှင်မူးပြီး အိမ်ကိုရောက်လာတယ်၊ ကျွန်မ ရှင့်အိမ်ပြန်ဖို့ပြောပေမယ့် ရှင်မပြန်ဘူး။ နောက်ပြီး ကျွန်မကို ချစ်တဲ့အကြောင်းတွေပြောတယ် ပြီး ပြီးတော့လေ"

ယုဇနလွင် ဆက်မပြောရဲတော့။

အမှန်ဆို ညကဇာတ်လမ်းဖြစ်သွားအောင် ကိုယ်ကစခဲ့တာပါဆိုတာကိုတော့ ထူးမြတ်သိသွားလျှင် ကိုယ့်ကိုအထင်သေးသွားနိုင်သည်။ ထို့ကြောင့် အမှန်တရားတွေကို ဆန့်ကျင်ပြီး ကိုယ့်စိတ်ဆန္ဒတွေကြောင့် အသွေးအသားချင်းဖလှယ်ဖြစ်ခဲ့ကြသည်။

"ဟာဗျာ ကျွန်တော် မယုဇနအပေါ် အမှားကြီး ကျူးလွန်မိပြီပေါ့ ဘာလုပ်ရမလဲ ကျွန်တော် ကျွန်တော် ဘယ် ဘယ်လိုတာဝန်ယူရမလဲဗျာ"

ကိုယ့်ရဲ့ဆင်ခြင်တုံတရားနည်းမှုက ထွက်ပေါက်ပိတ်နေသော ယုန်တစ်ကောင်နှယ် ကျကယ်ရာမဲ့နေတာတော့ အမှန်ပင်။

ခုအခြေအနေရောက်မှ ဆောရီးပါ ကျွန်တော်မူးနေလို့ပါဗျာလို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောမလဲ။ ထိုသို့ပြောရလောက်အောင်လည်း မယုဇနလွင်က စားသောက်ဆိုင် ကေတီဗွီက မိန်းကလေးမျိုးမဟုတ်။ ကိုယ့်ရဲ့အထက်အရာရှိ။ သူသာ မကျေနပ်လျှင် နာရီပိုင်းအတွင်း အချုပ်ထဲရောက်နိုင်သည့်အမှားမျိုးကို ရက်ရက်ရောရော ကျူးလွန်မိပြီ။

လူတိုင်းအမှားမကင်းကြပေမယ့် ထိုအမှားမျိုးကို ခုလို ကျူးလွန်မိလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးထားမိသလို ဆန္ဒတစ်စုံတစ်ရာလည်း မရှိခဲ့။

"တကယ်ဆို ညက ရှင် ကျွန်မဘဝကို အတင်းအဓမ္မသိမ်းပိုက်ခဲ့တာပါ"

အပြစ်ရှိပါသည်ဆိုမှ ထိုအပြစ်ကို အရသာခံပြီး ထပ်ရွတ်ပြနေသော ယုဇနလွင်၏စကားက ကြက်သီးထစရာပင်။

သူ့အမြင်မှာ ကိုယ်ဟာ ဗီလိန်ဖြစ်သွားပြီလား။

စိတ်လှုပ်ရှားလွန်း၍ စိမ့်ထွက်လာသော ချွေးတို့က ရေချိုးထားသည့်နှယ်။

"ဒါကြောင့် ရှင် ကျွန်မကို လက်ထပ်ရမယ် ကိုထူးမြတ်"

အပြောရဲသော ဇယုဇနလွင်၏တောင်းဆိုမှုက မျက်နှာကို ရေနွေးပူနှင့် လှမ်းပက်လိုက်သလို ပူဆင်းသွားသည်။

"ဗျာ"

■ ■ ■



## အခန်း (၃၈)

"ကိုယ် ကိုယ်မှားသွားတယ် မြတ်လေးရယ်၊ စိတ်ခံစားမှုကို မထိန်းချုပ်ဘဲ လွှတ်လိုက်မိတဲ့အတွက် မြတ်လေးရဲ့ဘဝ ကိုယ့်ကြောင့် နစ်မွန်းသွားပြီ၊ တကယ်ဆို ကိုယ်ဟာ ဗီလိန်ကောင်တစ်ကောင်ပါ"

သူ့ကိုယ်သူ အပြစ်တင်နေသော နေမင်းသွင်ကို ခွင့်လွှတ်ကြည်ဖြူသော အကြည့်ဖြင့် ကြည့်လိုက်ပြီး

"တကယ်ဆို ဒါဟာ မြတ်လေးအပြစ်ပါ ကိုနေမင်းသွင် မြတ်လေးကလေ ကိုနေမင်းသွင်ကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကျေးဇူးဆပ်ချင်တဲ့သူပါ"

"ဗျာ"

နေမင်းသွင်၏ နားမလည်သော အကြည့်တွေထဲမှာ အံ့ဩမှုတွေက ပို၍ပါနေသည်။

ကျေးဇူးဆပ်တာတဲ့လား။

"ညက စိတ်လွှတ်ပြီး မှားခဲ့မိသည့်အမှားကို မြတ်လေးတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တောင် မငြင်းဆန်ခဲ့တာ ကျေးဇူးဆပ်တာတဲ့လား''

''ဟုတ်ပါတယ် ကိုနေမင်းသွင် မြတ်လေးရဲ့သား အသက်ရှင်ခွင့်ရတာဟာ ကိုနေမင်းသွင်ရဲ့ကျေးဇူးတရားတွေကြောင့်ပါ၊ အဲဒီကျေးဇူးတွေကို ဆပ်ခွင့်သာရမယ်ဆိုရင် အသက်ပေးဆိုရင်တောင် ပေးရဲပါတယ်''

''ဟာ မြတ်လေးရယ် ကိုယ် ကိုယ်ညက အမှားကို ကျူးလွန်မိတာဟာ ကိုယ် ကူညီထားတာတွေကို အစားပြန်ယူတာ မဟုတ်ရပါဘူး။ မြတ်လေးကို သိပ်ချစ်လွန်းလို့ ကိုယ့်ရဲ့ဆန္ဒတွေကို မထိန်းချုပ်နိုင်ခဲ့တာပါ''

''မြတ်လေး နားလည်ပါတယ် ကိုနေမင်းသွင် အဲဒီအတွက်လည်း ကိုနေမင်းသွင်ကို တာဝန်ယူခိုင်းမှာ မဟုတ်ပါဘူး''

ထိုစကားသည် နေမင်းသွင်၏ရယူပိုင်ဆိုင်ချင်သော လိုချင်တပ်မက်မှုတွေကို စည်းခြားလိုက်သလိုပင်။

ခြွေယူခွင့်ပေးပြီး ပိုင်ဆိုင်ခွင့်မပေးဘူးတဲ့လား။

ဒါပေမဲ့ ပိုင်ဆိုင်ခွင့်ဆိုတာ မြတ်လေးလို မိန်းကလေး အိမ်ထောင်ရှင်အမျိုးသမီးဆီက ဘယ်လိုအရှက်သိက္ခာမျိုးနဲ့ တောင်းခံ၍ ရ ပါ့မလဲ။

မြတ်လေးရယ် မင်းဟာ ကိုယ့်အတွက် အခြွေခံရပြီးသား ပန်းတစ်ပွင့်ဖြစ်နေပေမယ့် ဘယ်သူမှ မနမ်းရှိုက်ရသေးတဲ့ ဖူးပွင့်စပန်းကလေး တစ်ပွင့်လိုပါပဲ။

ကိုယ် မင်းကို သိပ်ချစ်တယ်။

■ ■ ■



အခန်း (၃၉)

ကောင်းကင်ပြင်ကြီးကို မော့ကြည့်ပြီး ထူးမြတ်၏မျက်လုံးအိမ်ထဲမှ မျက်ရည်တို့ တလိမ့်လိမ့် စီးကျလာသည်။

ကိုယ့်ဘဝထဲကို မလိုအပ်တဲ့ အပိုဆုတွေပေးနေသော ကံကြမ္မာကိုလည်း ဒေါသဖြစ်၍မဆုံးတော့။ အဓိက တရားခံကတော့ ယိမ်းယိုင်လွယ်သော ကိုယ့်ရဲ့မွေးရာပါအကျင့်နှင့် စိတ်ညစ်တိုင်း အရက်နှင့်တွက်ပေါက်ရှာတတ်သည့် နုံနည်းသောစိတ်ပင် ဖြစ်သည်။

ခုတော့ ကောင်းကောင်းကြီး ဒဏ်ခတ်ခံရပြီ။

အိမ်ကို ဘယ်လိုမျက်နှာနှင့် ပြန်ရပါ့မလဲ။ သားနှင့်မြတ်လေးကို တွေ့ချင်ပေမယ့် ကိုယ့်အမှားကြောင့် မျက်နှာပြန်မပြရဲအောင် ဖြစ်နေရသည်။

တကယ်တမ်း ဖောက်ပြန်ခဲ့သည်က မြတ်လေးမဟုတ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



သားနှင့်မြတ်လေး ဘဝထဲကနေ နှုတ်ဆက်ထွက်ခွာရတော့မည့်အခြေအနေဆိုးတစ်ခုကို ထူးမြတ် ရှုံရှာစက်ဆုပ်မိသည်။

ကန်ရေပြင်နံဘေးမှာ တွေးချင်ရာတွေး ငေးချင်ရာငေးနေသော သောကတွေပွေနေချိန်မှာ ဖုန်းမြည်လာသည်။

"ဟဲလို မယုဇနေ"

ယုဇနေထံမှ ဖုန်းဖြစ်နေ၍ စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းလိုက်ပြီး ဖုန်းပြန်ထူးလိုက်သည်။

"မပြန်ရသေးပါဘူး ကျွန်တော် အခု ကန်ဘောင်ပေါ်မှာပါ"

လိမ်စရာ ညာစရာ ဘာအကြောင်းမှမရှိသည့်အတွက် အမှန်အတိုင်းပဲ ပြောလိုက်သည်။

"ဟာ မလာနဲ့ ကျွန်တော် ခုပဲ ပြန်လာမယ်"

အရိပ်လိုအမြဲလိုက်ချင်နေသော ယုဇနနှင့် ကန်ဘောင်ပေါ်မှာ အတူယှဉ်တွဲပြီး မထိုင်ချင်ပါ။ အမှားတစ်ခုကို ကျူးလွန်ခဲ့ပြီးမှ အားနာစိုးရွံ့ရမည့်အစား အထက်အရာရှိနှိ လေးစားသည့်စိတ်တွေပင် တစိုးတစိမှ ရှိမနေတော့။

မိန်းမတစ်ယောက်၏ရှိသင့် ရှိထိုက်သည့် အလှတရားတွေ ရှိနေပေမယ့် ထူးမြတ် နှလုံးသားက ယုဇနလွင်ကို ဘယ်လိုမှ ချစ်၍မရခဲ့။ သူနှင့်အတူ ရှိနေတိုင်း ဘဝမှာ ပြင်မရသည့်အမှားကြီးတစ်ခုကို ကျူးလွန်နေရပါလားဟု ယူကျုံးမရ ဖြစ်မိသည်။

ဘယ်လောက်ဆိုးဝါးတဲ့ ကံကြမ္မာလဲလို့။

■ ■ ■



## အခန်း (၄၀)

ခုချိန်မှာ မြတ်လေး ဘယ်သူ့ကြောင့် စိတ်ဒဏ်ရာတွေ ရနေသလဲလို့ မမေးရက်တော့ပါဘူး။ မေးလည်း မမေးရက်ခဲ့။

ကိုယ် မထိန်းချုပ်နိုင်ခဲ့သည့် အမှားတစ်ခုနှင့်ပင် အားမရသေး ထူးမြတ်ကပါ မြတ်လေးတို့သားအမိအပေါ် လုံးဝ သစ်စိမ်းချိုးချိုးသွားပြီ။ ယုဇနအိမ်မှာနေသည်ဆိုသည့် သတင်းက ထူးမြတ်တို့ရုံးမှာ ပွထနေသည်။

ယုဇနလွင်ကတော့ ထူးမြတ်ကိုသာ ပိုင်ဆိုင်ရမည်ဆိုလျှင် ဘာကိုမှ မမှုသည့်အနေအထားမျိုး။

အမှားတွေကို ညှိနှိုင်းချကြည့်မိမည်ဆိုလျှင် ထူးမြတ်အမှားက ပိုပါလိမ့်မည်။

"ကိုယ် မြတ်လေးကို လက်ထပ်ချင်တယ်၊ အညာယ်၍ ကိုထူး



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဆီက ကွာရှင်းခွင့်လက်မှတ်သာ ရခဲ့ရင် မြတ်လေးတို့သားအမိ ကိုယ့်ဘဝထဲကို ရဲရဲကြီး လှမ်းဝင်ခဲ့ပါ''

''ရှင် မြတ်လေးက လက်ထပ်ရမယ်''

သောကရိပ်တွေကို မာနဖြင့် မနည်းဖုံးဖိထားရသော မျက်ဝန်းတို့က နာကျင်ရိပ်တွေ ဖုံးလွှမ်းနေသည်။

''ကိုထူးမြတ် ပြန်မလာတာ တစ်လရှိသွားပြီပဲ မြတ်လေး။ အဲဒီအတွက် ခံစားနေရတယ်ဆိုတာကိုလည်း ကိုယ် နားလည်ပါတယ်၊ နောက်ပြီး ကိုယ့်ကို ပွဲလန့်တုန်း ဖျာခင်းတဲ့လူတစ်ယောက်လို့ ထင်မယ်ဆိုရင်လည်း ထင်ခွင့်ရှိပါတယ်၊ ကိုယ့်ဘက်က ခုလို အရဲစွန့်ပြီး တောင်းဆိုရတာ မြတ်လေးကို ပိုင်ဆိုင်ချင်လို့ပါ၊ ကိုယ့်ကိုပိုင်ဆိုင်ခွင့်ပေးပါတော့ မြတ်လေးရယ် မြတ်လေးရော သားရော တစ်ဘဝလုံး စိတ်ချမ်းသာစေရပါမယ်''

လေးလေးနက်နက် တောင်းဆိုနေသော နေမင်းသွင်ကို မြတ်လေး ယုံကြည်စွာ ကြည့်လိုက်ပြီး

''ကိုနေမင်းသွင် မြတ်လေးကို ပိုင်ဆိုင်ရမှ ဖြစ်မှာလားဟင်''

''ဒါပေါ့ ကိုယ်တို့ ညတစ်ညကို အတူတူကျော်ဖြတ်ပြီးခဲ့ကြပြီလေ၊ ကိုယ် မြတ်လေးကို မပိုင်ဆိုင်သင့်ဘူးလား။ အဲဒီအတွက် ကိုယ့်ဆန္ဒတွေဟာ လူသားဆန်ချင်မှ ဆန်နေလိမ့်မယ်၊ ဒါပေမဲ့ မြတ်လေးကိုချစ်တဲ့ အချစ်တွေကတော့ လောကကြီးထဲမှာ ရှင်သန်နေတဲ့အချစ်တွေအားလုံးထက်ပိုပြီး နက်ရှိုင်းတယ်၊ လက်တွဲအဖြတ်ခံရလို့ နေရာမှာ တွေတွေကြီး





ရပ်ပြီး ကိုယ့်ဆီကို ပြန်လှည့်လာနိုးနဲ့ မျှော်လင့်နေမှာထက်စာရင် ကိုယ့်နောက်မှာရပ်ပြီး ကိုယ့်ကိုမျှော်လင့်နေတဲ့အချစ်တစ်ခုကိုပဲ ရဲရဲဆုပ်ကိုင်လိုက်ပါလား မြတ်လေးရယ်''

''မောင့်ကို မကွာရှင်းရသေးသ၍ ခုချိန်ထိ မြတ်လေးရဲ့ ကာမပိုင်လင်ယောကျ်ားအဖြစ် ရှိနေသေးတယ် ကိုနေမင်းသွင်''

ပြိုင်တူမှားမိကြတဲ့အမှားမှာ ဘယ်သူမှ ကိုယ့်အမှားကြောင့် ဝန်မခံသေးတော့ ခံစားမှုတွေကလည်း ဘယ်မှာလာပြီး ပြတ်သားနိုင်တော့မှာလဲ။

ကျေးဇူးတရားတွေကို ငဲ့ညှာထောက်ထားပြီး ဆန္ဒတွေကို မြည်ဆည်းလိုက်ရပေမယ့် မြတ်လေးရဲ့နှလုံးသား မြတ်လေးရဲ့ဘဝတွေက မောင့်ဆီမှာပဲ တဝဲလည်လည် ရှိနေသေးတာ ဘယ်လိုလုပ်ရမှာလဲ။

တကယ်ဆို မြတ်လေးဟာလည်း ခပ်ညံ့ညံ့ မိန်းမတစ်ယောက်ပါပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

သိန်းတစ်ထောင်တန်ချက်လက်မှတ်တစ်စောင်နှင့်အတူ ယုဇနလွင် မြတ်လေးရှေ့ကို ရောက်လာသည်။

"ကိုထူးမြတ်ကတော့ မြတ်လေးပန်းကို ရင်မဆိုင်ရဲလို့ လိုက်မလာပါဘူး။ အစစအရာရာအတွက်ကိုတော့ ကျွန်မကတစ်ဆင့် တောင်းပန်ခိုင်းလိုက်ပါတယ်"

ယုဇနလွင်ကို မြတ်လေး ဘာယ်လိုစကားလုံးမျိုးတွေနှင့် ထိုးနှက်ရမလဲ။ သူများယောကျ်ားကို ခိုးတဲ့သူခိုးမလို့ ပြောရမလား။ ဒါမှမဟုတ် မယားငယ်မလို့ ပြောရမလား။ ဗီလိန်မလို့ ပြောရမလား။ ဟင့်အင်း ပြောလို့မဖြစ်တော့ပါဘူး။ တကယ်ဆို မြတ်လေးကရော သူနဲ့ဘာထူးလို့လဲ။ သူတို့နှစ်ယောက်ဆိတ်ကွယ်ရာမှာ မှားခဲ့ကြသလို မြတ်လေးနဲ့ ကိုနေမင်းသွင်လည်း မှားခဲ့ကြတာပဲ။

"ဟောဒီ စာချုပ်မှာ လက်မှတ်ထိုးပေးပါလား။ မြတ်လေးပန်း





ရယ်"

မိုက်ရိုင်းရဲတင်းလွန်းသော မိန်းမ။ သူများယောကျ်ားကို လုယူပြီး သူကိုယ်တိုင် အလုခံရတဲ့မိန်းမကို ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးခိုင်းသတဲ့။

"သားကို တာဝန်မယူနိုင်ရင်တော့ ကျွန်မတို့ဆီကို ပို့လိုက်ပါ မြတ်လေးပန်း။ သူ့အဖေနဲ့သူ့သား အတူနေတော့ မြတ်လေးပန်းလည်း လွတ်လွတ်လပ်လပ် နေလို့ရတာပေါ့။ သူကတော့ တောင်းဆိုလိုက်တယ် သားကို သူ တာဝန်ယူချင်တယ်တဲ့"

မျက်နှာပြောင်တိုက်လွန်းသော မောင်ဟာ ဟိုအရင်က မြတ်လေးနဲ့အတူ ပေါင်းသင်းခဲ့တဲ့ မောင်မှဟုတ်ပါလေစ။

ခံစားမှုတွေထဲမှာ မောင်နှင့်မြတ်လေးကြား မဖြစ်နိုင်သော တံတိုင်းကြီးတစ်ခု ခြားလိုက်သလို သူစိမ်းတွေဖြစ်သွားကြပြီလား။

"ဒီမှာ မယုဇနလွင် မျက်နှာပြောင်တိုက်တယ်ဆိုတာ တိုက်တိုင်းကောင်းတာမဟုတ်ဘူး။ ရှင်က အရာရှိတစ်ယောက်ဆိုတာရော သိသေးရဲ့လား။ ထူးမြတ်က ကျွန်မနဲ့ရတဲ့သားကို တောင်းခိုင်းလိုက်တော့ရော ရှင့်ကိုပေးစရာလား။ ရှင်တို့ အဲလောက် သားကိုလိုချင်နေရင် ရှင် ကိုယ်တိုင် မွေးပေးလိုက်ပေါ့။ ဘာလဲ ရှင်လည်း ကျွန်မလို သားတစ်ကောင်နဲ့ ကျန်ခဲ့မှာစိုးလို့လား"

"ဟင့်အင်း မဟုတ်ပါဘူး မြတ်လေးပန်း။ တို့က ကလေးမမွေးနိုင်တာ။ ဘာဖြစ်လို့လဲဆိုတော့ တို့အသက်နှစ်ဆယ်ကျော်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က အက်ဆီးဒင့်တစ်ခုကြောင့် သားအိမ်ထုတ်လိုက်ရတယ်လေ၊ ဒီကိစ္စတွေကို ထူးမြတ်ကတော့ မသိသေးဘူး''

''ဘုရားရေ အဲဒါ ရှင်တို့ကံကြမ္မာပဲ၊ ကျွန်မနဲ့ဘာဆိုင်လဲ၊ ရှင့်လိုကလေးမမွေးနိုင်တဲ့မိန်းမတစ်ယောက် ရင်ခွင်မှာ ပြောင်းနေပြီး ကျွန်မအသက်နဲ့ရင်းပြီး မွေးခဲ့ရတဲ့ သားကို ပေးရမယ်တဲ့လား၊ ပြောလိုက်စမ်းပါ ရှင့်ရဲ့ချစ်လင်ကြီး ထူးမြတ်ကို တွင်းနက်နက်တူးပြီး လဲသေလိုက်လို့''

ရင့်သီးသော ထိုးနှက်ချက်တွေကြောင့် ယုဇနလွင် မျက်နှာပျက်သွားသည်။

''ရှင်နဲ့နေရင် ရှင့်သားဆင်းရဲမှာပေါ့၊ ဒီသိန်းတစ်ထောင်ဆိုတာ ဘယ်လောက်ကြာကြာ အသုံးခံမှာလဲ''

''ဒါနဲ့များ ဘာလို့ မဖြစ်စလောက်ငွေလေးနဲ့ ဟန်လာလုပ်နေသေးလဲ၊ ထူးမြတ်က သိန်းတစ်ထောင်ပဲတန်တယ်ဆိုတာကို သက်သေပြလိုက်တာပေါ့၊ အဟင်း ဒီခေတ် အိမ်တစ်လုံးဝယ်ရင်တောင် သိန်းတစ်ထောင်မကဘူး၊ ရှင်တို့ရဲ့မဖြစ်စလောက်ငွေလေးနဲ့ ကျွန်မကို ဆီမန်းလာရွတ်ပြမနေပါနဲ့၊ စာချုပ်မှာတော့ ကျွန်မ လက်မှတ်ထိုးပေးလိုက်ပါ့မယ်၊ ဒီငွေတွေကိုတော့ ပြန်ယူသွားပါ''

''ကျေးဇူးတင်တယ် မြတ်လေးပန်း၊ ရှေ့လထဲမှာ တို့နဲ့ထူးမြတ်ရဲ့မင်္ဂလာပွဲရှိတယ်၊ ကရဝိတ်ဟိုတယ်မှာလေ''

တင်းနေသော ကြိုးတစ်ချောင်းကို တိခနဲ ဖြတ်လိုက်သလို ဘယ်တော့မှ သဘာဝအတိုင်း ပြန်မဆက်နိုင်တော့။

ဖျူးတပေ



ဒီဘဝမှာ ဒီလောက်ပဲ ဆုံဆည်းခွင့်ပါတာတော့ ဘယ်တတ်နိုင်မလဲ မောင်ရယ်။

ဩော် မောင်ရေ မြတ်လေးလည်း မောင့်ကိုဝန်ခံစရာ တစ်ခုရှိပါတယ်။ အဲဒါဟာ ဘာလဲဆိုတော့ ဂျေးဖူးတရားဆိုတဲ့ အရာတစ်ခုကြောင့် မြတ်လေးရဲ့အသွေးအသားကို ယောကျ်ားတစ်ယောက်ဆီမှာ ရက်ရက်ရောရော ပေးဆပ်ခဲ့ရတယ်ဆိုတာလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"မေမေ ဖေဖေက ဟိုအန်တီ့အိမ်မှာပဲ နေတော့မယ် ဟုတ်လား ဘာဖြစ်လို့လဲဟင်"

"မေမေနဲ့သားကို မချစ်တော့လို့ပေါ့ကွယ်"

သားလေး ရဂုံ မျက်နှာညှိုးသွားသည်။

"သားတို့ကို ဘာဖြစ်လို့မချစ်တော့တာလဲဟင် မေမေ"

"ဟိုမိန်းမကြီးကို ပိုချစ်လို့ပေါ့ သားရယ်"

"ဒါဆို သားတို့ကိုရော ဘယ်သူက ချစ်မှာလဲဟင်"

"သားကို ဦးဦးက ချစ်မှာပေါ့ သားရယ်"

ဘယ်အချိန်ကတည်းက မြတ်လေးတို့သားအမိနား ရောက်နေသည်မသိသော နေမင်းသွင်ကို မြင်သည်နှင့် သားလေး ခုန်ဆင်းကာ ပြေးသွားသည်။





"ဦးဦး ဖေဖေက သားတို့ဆီ ပြန်မလာတော့ဘူးတဲ့၊ ဒါဆို သားက ဘယ်သူနဲ့နေရမှာလဲ၊ သားမှာ ဖေဖေမရှိတော့ဘူး"

မျက်ရည်ရစ်ဝဲကာ အားကိုးတကြီး တိုင်တည်နေသောသားကို ကြည့်ပြီး မြတ်လေးရင်ထဲမှာ အသံတိတ်ငိုနေမိသည်။

"သားဖေဖေက သားဆီပြန်မလာတော့ဘူးဆိုတော့ သားက ဦးဦးအိမ်မှာလာနေပေါ့၊ ဦးဦးက သားကိုချစ်မှာ"

နဂိုကတည်းကမှ နေမင်းသွင်အပေါ် သံယောဇဉ်တွယ်ပြီးသားမို့ သူ့အဖေအပေစ်ခံရ၍ ခံစားဝမ်းနည်းရသော သားဏါဝမ်းနည်းမှုတွေသည် သိပ်မကြာလိုက်။

"မေမေ ဘယ်လိုလုပ်မလဲ သားက ဦးဦးအိမ်မှာသွားနေရမှာလားဟင်"

"သား နေချင်လို့လား"

"အင်းပေါ့ ဦးဦးနဲ့နေရတာ ပျော်တယ်၊ ဦးဦးရဲ့အရုပ်တွေလုပ်တဲ့ ကုမ္ပဏီကို လိုက်သွားရတာ သား ပျော်တယ်"

"ဒါဆိုရင် နေပေါ့ သားရယ်"

"ဝေး သား ဦးဦးနဲ့နေရတော့မယ်၊ မေမေက ခွင့်ပြုလိုက်ပြီ"

ရင်ထဲက ခံစားမှုတွေအတိုင်း ပျော်ရွှင်လိုက်သော သားကို ကြည့်ပြီး စိုးရိမ်ပူပန်မှုတစ်ခု လျော့သွားသည်။

"ကဲ မြတ်လေးရေ သားနဲ့ကိုယ်နဲ့ကတော့ အိုကေပြီနော်၊ မြတ်လေးနဲ့ကိုယ်နဲ့ အိုကေဖို့ပဲ ကျန်တော့တယ်၊ ဘယ်လိုလုပ်မှာလဲ၊ ကိုယ့်ကို

www.burmeseclassic.com



လက်မခံသေးဘူးလား။ ကိုထူးမြတ်နဲ့မယုဇနတောင် ရှေ့လထဲမှာ မင်္ဂလာပွဲလုပ်မယ်လို့ ကြားတယ်''

"မြတ်လေးနဲ့ကိုနေမင်းသွင်ရဲ့မင်္ဂလာပွဲကိုရော သူတို့နဲ့ တစ်ရက်တည်း လုပ်လို့ရမလား''

မြတ်လေး၏တောင်းဆိုမှုကြောင့် နေမင်းသွင် မယုံနိုင်လောက်အောင် အံ့သြဝမ်းသာသွားသည်။

"ဟာ သိပ်ရတာပေါ့ မြတ်လေးရယ်၊ ပြော ဘယ်လိုနေရာမျိုးမှာ မင်္ဂလာပွဲလုပ်ချင်တာလဲ မြတ်လေး စိတ်တိုင်းကျ အားလုံးဖြစ်စေရမယ်''

"ကရုဏာစိတ်ထက် အစစအရာရာသာတဲ့နေရာမျိုးပေါ့''

■ ■ ■

## အခန်း (၄၃)

သတို့သားဝတ်စုံကို ကျကျနန ဝတ်ပေးနေသော ယုဇန၏ အပျော်တွေသည် ရင်ထဲမှာ ဖော်မပြနိုင်အောင်ပါပဲ။

"ထူးက အရမ်းချောတာပဲ၊ ဒါကြောင့် ထူးရဲ့အသားအရေနဲ့ လိုက်ဖက်အောင် မင်္ဂလာဝတ်စုံကို နုံ့သာရောင်လေးပဲ ရွေးလိုက်တာပေါ့၊ ခန်းမကို နာရီဝက်လောက် ကြို့ဝင်မယ်နော်၊ ဖိတ်ထားတဲ့ဧည့်သည်ပရိသတ်ကများတော့ မင်္ဂလာအချိန်နဲ့မလောက်ဘူး''

ဘဝမှာ ဒီလောက်ကြီးကျယ်ခမ်းနားသော မင်္ဂလာသတို့သားအဖြစ်နှင့် ဒီလိုနေရာမျိုးမှာ ဒုတိယအကြိမ် မင်္ဂလာပွဲလုပ်ရလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးဖူးခဲ့။

မြတ်လေးနှင့်လက်ထပ်ခဲ့စဉ်တုန်းက နှစ်ဖက်လူကြီးမျက်မှောက်ရှေ့မှာ မင်္ဂလာစကားပြောပြီး တရားရုံးမှာ လက်မှတ်ထိုးခဲ့ရုံလေးနှင့် အကြင်

www.burmeseclassic.com

www.burmeseclassic.com



လင်မယားဘဝ ရောက်ခဲ့သည်။

"ထူးမြတ်"

ကိုယ့်ဖြစ်စဉ်တွေ တရေးရေး ပြန်မြင်ယောင်နေချိန်မှာ မိုးကျော် အခန်းထဲဝင်လာသည်။ ဘာလဲဟူသော အကြည့်ဖြင့် လှည့်ကြည့်လိုက်သည်။

"မင်းကို ပြောစရာရှိတယ်"

"ပြောလေ"

"မြတ်လေးရဲ့မင်္ဂလာပွဲလည်း ဒီနေ့ပဲတဲ့၊ ဟော့ဒီမှာ ဖိတ်စာ"

ကိုယ့်ခန္ဓာကိုယ်တစ်ခုလုံး လက်ပစ်ဗုံးတစ်လုံး အခွဲခံလိုက်ရသလို ခံစားမှုနှင့် အသိတရားတွေ တစ်စစီလွင့်မျောကုန်သည်။

"ဘာ ဘာပြောတယ် မြတ်လေး၊ မင်္ဂလာဆောင်တော့မယ် ဟုတ်လား"

"ဟုတ်တယ် ငါတို့ဆီကို စောစောကမှ ဖိတ်စာရောက်တာ၊ ဆီဒိုးနားမှာကွ ကိုနေမင်းသွင်နဲ့"

"သူ သူက ဘာဖြစ်လို့လက်ထပ်ရတာလဲ၊ ငါ လက်ထပ်တိုင်း သူ လက်ထပ်စရာလား"

ကိုယ်သာလျှင် အမှားတွေအကြိမ်ကြိမ် ကျူးလွန်မည်။ ကိုယ့်ဖနီးကိုတော့ ဘယ်လိုအမှားမျိုးကိုမှ ခွင့်မပြုနိုင်သောစိတ်ဟာ အတ္တစိတ်ဆိုလျှင် ထိုအတ္တကို မက်မက်မောမော ဖက်တွယ်ပါရစေ။

ကိုယ့်နှလုံးသားကို ရာသက်ပန် မြှုပ်နှံခဲ့တဲ့ ရင်ခွင်တစ်ခုက





တခြားရင်ခွင်မှာ ထပ်ပြီး နိုလှုံဦးမတဲ့။

တကယ်ဆို ယုဇနကို လက်ထပ်လိုက်ရပေမယ့် ထူးမြတ်အချစ်တွေက မြတ်လေးနှင့်သားဆီမှာ ကျန်ခဲ့တာပါ။

"ငါ လုံးဝခွင့်မပြုဘူး၊ ဒီကိစ္စကို ငါ ကန့်ကွက်တယ်"

အသံကုန်ဟစ်ပြီး အော်ပြောလိုက်သော ထူးမြတ်ကို ကြည့်ပြီး ယုဇနရော မိုးကျော်ပါ အံ့အားသင့်သွားကြသည်။

"မင်းနဲ့သူနဲ့က တရားဝင်ကွာရှင်းပြီးသားလေ၊ မင်းမှာတားပိုင်ခွင့်မရှိတော့တာ၊ သူ့ဘဝနဲ့သူ ရှိပါစေတော့ ကိုနေမင်းသွင်ကလည်း လူကောင်းတစ်ယောက်ပဲကွာ၊ မင်းကျေနပ်လိုက်ပါတော့ သူငယ်ချင်းရာ"

"မကျေနပ်ဘူး မကျေနပ်နိုင်ဘူး မြတ်လေးကို ငါ ဘယ်သူနဲ့မှ လက်မထပ်စေချင်ဘူး၊ ငါ့ရင်ထဲမှာ မြတ်လေးရှိနေသရွေ့ မြတ်လေးကို ဘယ်သူကမှ မပိုင်ဆိုင်စေရဘူး"

"ထူး ရှင်ရူးနေပြီလား၊ ဟိုက ခုလောက်ဆို မင်္ဂလာခန်းမထဲတောင် ဝင်နေပြီ၊ ရှင်ဘာလုပ်လို့ ရတော့မှာလဲ"

ယုဇနလွှင် ဝင်ရောက်ဟန့်တားလိုက်သည်။

ထူးမြတ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပြီး

မြတ်လေး မောင် မောင် အများကြီးတစ်ခုကို ကျူးလွန်မိခဲ့ပြီ မြတ်လေးရယ်၊ အဲဒီအမှားဟာ မောင်နဲ့မြတ်လေးတို့ သားအမိကို [illegible] ပန် ဝေးသွားစေပြီ။ အဲဒီအတွက် မောင်လေ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ ခွင့်မလွှတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးလည်း ခွင့်မလွှတ်ပါနဲ့။

မောင် တောင်းပန်ပါတယ် မြတ်လေးရယ်။ မောင် အရမ်းမှားသွားပါတယ်။

မိန်းမတစ်ယောက်နဲ့ဘဝအသစ်ပြန်စနေရပေမယ့် မောင့်စိတ် မောင့်ဝိညာဉ်တွေဟာ ခုချိန်ကစပြီး တမြေ့မြေ့ သေဆုံးသွားပါပြီ။

မောင့်ဘဝကို ဘယ်တော့မှ အချစ်သစ်တစ်ခုနဲ့ ရှင်သန်ခွင့် မရှိစေရပါဘူး။ မောင် ကတိပေးတယ် မြတ်လေးရယ်။

ပရိသတ်အတွက်
အမြဲတမ်း
ပျူး

www.burmeseclassic.com